# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၃)ရက် ၊ တနင်္လာနေ့ ၊ (31-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၂၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)၌ မြစ်ကမ်းပြိုမှုကြောင့် ရေကြီးရေလျှံမှုမဖြစ်စေရေး ကြိုတင်တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၃၀

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှု အပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာခြေတွင် တုတ်တန်းရိုက်သဲအိတ်ဖြည့်ခြင်း၊ယာယီပန်းတာပြုလုပ်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine(ရေစီးနှုန်းလျော့ကျစေပြီး ရေထဲတွင်ပါလာသော နုန်းမြေ (sediment)များ စုပုံလာစေရန် ပြုလုပ်သည့်လုပ်ငန်း)ချထားခြင်း၊

စာမျက်နှာ ၁၉ ကော်လံ ၁

**ရတနာပုံ ယနေ့ဖတ်စရာ**


ညောင်ရွှေမြို့နယ်ရှိ အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီ အပူဇော်ခံပွဲကို အောက်တိုဘာလတွင် ကျင်းပမည် စာမျက်နှာ - ၁၁

၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ စာမျက်နှာ - ၂၀

## အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ် ရောက်ရှိ

နေပြည်တော် ဩဂုတ် ၃၀

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်-ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ပိုမိုအားကောင်းလာပြီး အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) အဖြစ်သို့ ရောက်ရှိခဲ့သည်။




အဆိုပါ အားကောင်းသော လေဖိအားနည်း ရပ်ဝန်းသည် နောက်၂၄နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်တို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ရန်ကုန်မြို့အမျိုးသားပြတိုက်၊ အာကာသပြတိုက်တို့သို့ ရွှေပြည်သာမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

ရန်ကုန် ဩဂုတ် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ နိုင်ငံ၏ ခိုင်မာသည့် သမိုင်းကြောင်း အစဉ်အလာနှင့် ယဉ်ကျေးမှုတန်ဖိုးများ သိရှိနားလည်လာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားလာစေရန်၊ ဘိုးဘွားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်ရှိစေရန်နှင့် အာကာသဆိုင်ရာ ဗဟုသုတများရရှိစေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် ရွှေပြည်သာမြို့နယ်


စာမျက်နှာ ၁၉ ကော်လံ ၄



**ရတနာပုံ ယနေ့ဖတ်စရာ**

စဉ်းစားနိုင်စေရာ ဘဝတွက်တာ

ဆောင်းပါး စာမျက်နှာ - ၄




## လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၃၀

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်-ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု

စာမျက်နှာ ၁၉ ကော်လံ ၄

ရတနာပုံ

၂၀၂၆ ခုနှစ် ဩဂုတ် ၃၁ ရက်

**အယ်ဒီတာ့အာဘော်**

# လက်နက်စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ကြိုဆို

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လက်ခံကြိုဆိုပြီး လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိပေသည်။

ထို့ပြင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်ကို တွေ့ရပေသည်။

ထိုသို့ ဝင်ရောက်လာကြရာ ဩဂုတ် ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အသီးသီးမှ အမျိုးသား ၁၃၁ ဦး၊ အမျိုးသမီး ကိုးဦး၊ စုစုပေါင်း ဦးရေ ၁၄၀ သည် လက်နက်မျိုးစုံ ၂၇ လက်၊ လက်ပစ်ဗုံး ၁၆ လုံး၊ ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်အများစုသည် မိသားစုဝင်ဆွေမျိုးများကို ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်ဖမ်းဆီးသတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်းတို့ကြောင့် ဖြစ်သည်။

ယခုအခါ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုင်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံလာပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ပေသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပို့လာပါက နွေးထွေးစွာကြိုဆိုလက်ခံလျက်ရှိပါကြောင်း ဖိတ်ခေါ်ရေးသားလိုက်ရပေသည်။

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၂၉၉၀ စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မြောင် ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၂၉၉၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၂၉၉၀ စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ နေကြာဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

မြောင်မြို့နယ်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူးဦးမြင့်သူက ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြွေထိုးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြွေထိုးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးမြွေထိုးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဇွန်လတစ်လအတွင်း ငါးမြွေထိုးပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးမြွေထိုးပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးမြွေထိုးတွေကို မှာယူအားတက်နေလို့ တင်ပို့အားကောင်းခဲ့တာပါ။ အခုလို ငါးမြွေထိုးတွေ တင်ပို့အား ကောင်းလာတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေအလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလာပါတယ်"ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ဒေသထွက် ငါးမြွေထိုး တစ်ပိဿာလျှင် ငွေကျပ် ၃၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် မြစ်သူငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစ်သူငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၀၅သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြစ်သူငယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၆ဦးကို ငွေကျပ်၂၀ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ဦးကို ငွေကျပ် ၁၃ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၃ ဦးကို ရန်ပုံငွေကျပ် ၃၄ ဒသမ ၀၅ သန်းကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများအောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# ပုသိမ်ကြီးမြို့နယ် ရုံးသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပုသိမ်ကြီး ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရုံးသာကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သန်း ၄၀ ဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရုံးသာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၂၄ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူခြောက်ဦးကို ငွေကျပ် ၁ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၉ ဒသမ ၉ သန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၄ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦးကို ရန်ပုံငွေကျပ် သန်း ၄၀ ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

**အောင်ရဲကျော်**

# မိုင်းဖြတ်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် ဩဂုတ် ၃၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘိုရှီးကျေးရွာနှင့် ဟိုခန့်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ဟိုခန့်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာနှစ်ရွာရှိ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက အဆိုပါကျေးရွာနှစ်ရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဇင်မာ**

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၅၁၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ဖောင်းပြင် ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၅၁၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၁၅၁၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ မြေပဲဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းက ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် မိုးညှင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်ရမ်းကျေးရွာအုပ်စု မိုးညှင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မိုးညှင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မိုးညှင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၆၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သန်း ၅၀ ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ငပုတောမြို့နယ်တွင် ညှော်မထဆန်များ ဝယ်ယူမှုအားကောင်းနေ

**ငပုတော ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ညှော်မထဆန်များ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေးဈေးကွက်တွင် ယခုနှစ် ဩဂုတ်လဒုတိယပတ်က စတင်ပြီး ညှော်မထဆန်များ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ညှော်မထဆန်များ ဝယ်ယူမှုအားကောင်းလာခြင်းသည် ဒေသဈေးကွက်မှ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခု ဒေသဈေးကွက်မှာ အခြားဆန်တွေထက် ညှော်မထဆန်က ဝယ်ယူမှုအားကောင်းနေပါတယ်။ ဩဂုတ်လဒုတိယပတ်လောက်ကနေစပြီး အဝယ်လိုက်လာတာဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်ကလဲ ညှော်မထဆန်တွေ အဝယ်လိုက်နေလို့ အရောင်းအဝယ်ကောင်းလာတာပါ။ ပြည်တွင်းမှာ အဝယ်လိုက်နေတာကလဲ ပြည်တွင်းဆန်ကြိမ်းလုပ်ငန်းနဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေ ပြန်လည် လည်ပတ်လာလို့ပါ။ အခုလို အရောင်းအဝယ် ကောင်းမွန်လာတော့ ဆန်စပါး သိုလှောင်ထားတဲ့သူတွေ၊ စပါးစိုက်တောင်သူတွေအတွက် အလုပ်အကိုင်အဆင်ပြေလာပါတယ်"ဟု ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ညှော်မထဆန်၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၉၀၀၀ မှ ၁၀၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ညှော်မထဆန်များ ဝယ်လိုအားကောင်းလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ စပါးစိုက်တောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးထံမှ သိရသည်။

**ကျော်ကျော်လင်း**



# စဉ်းစားနိုင်စေရာ ဘဝတွက်တာ

**ချစ်နိုင်(စိတ်ပညာ)**

"ယနေ့ခေတ်မှာ တိုးတက်အောင်မြင်နေတဲ့ နိုင်ငံတွေဟာ အရောင်အသွေးစုံလင်တဲ့ လူအမျိုးမျိုး၊ လူမျိုးအသီးသီးဆီက အကြံကောင်းဉာဏ်ကောင်း၊ စွမ်းဆောင်ရည်ကောင်းတွေပေါင်းစုံကို တစ်သွေးတစ်သားတည်းဖြစ်အောင် စုစည်းပေးနိုင်ပြီး နိုင်ငံသားအားလုံးကို တန်းတူရည်တူ အခွင့်အရေးတူညီစွာနဲ့ ရပ်တည်နိုင်စေပါတယ်"

**နပိုလီယံဟီးလ်(၁၈၈၃-၁၉၇၀)**

(THE SCIENCE OF SUCCESS, ARTICLE-7)

စာဖတ်သူကသိပြီးသားဖြစ်စေ၊ မသိရဖူးသေးသူဖြစ်စေ၊ နပိုလီယံဟီးလ်ဆိုတဲ့ သန်းကြွယ်အမေရိကန်သူဌေး စာရေးဆရာတစ်ယောက်နဲ့ မိတ်ဆက်ပေးပါရစေ။ သူ့စာအုပ်တွေကို ဆရာကြီးရွှေဥဒေါင်းမှစလို့ ဆရာအောင်ဝင်း(စိတ်ပညာ)အလယ် ယနေ့ခေတ်လူငယ်ဘာသာပြန်ဂျွန် စတဲ့ရေးသားနေကြတဲ့ ဆရာကြီး၊ ငယ်ပေါင်းများစွာ မြန်မာဘာသာသို့ တိုက်ရိုက်ဖြစ်စေ၊ ဆီလျော်အောင် မှီငြမ်း၍ဖြစ်စေ ရေးသားခဲ့တာ အများကြီးပါပဲ။ စာဖတ်သူ လူကြိုက်များလို့ အကြိမ်ကြိမ်လည်း ပုံနှိပ်ကြပါတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအရာတွေပါ။

1. Think and Grow Rich (1937).
2. Success Through A Positive Mental Attitude.
3. The Science of Success (1930).

အစရှိတဲ့ စာအုပ်တွေဟာ နှစ်ပေါင်းများစွာ ကမ္ဘာ့စာအုပ်ဈေးကွက်မှာ အဆက်မပြတ် ရောင်းအားအကောင်းဆုံး ထိပ်ဆုံးစာအုပ်တွေ ဖြစ်နေတာကိုး။

တက်ကျမ်းခေါ် အောင်မြင်ရေးစာအုပ်တွေ ရေးတာ၊ ဟောပြောတာနဲ့ ဝင်ငွေများစွာ ချမ်းသာလောက်အောင် သူက အောင်မြင်မှာပေ့ါ။ အမေရိကန်ပြည်ထောင်စုသမ္မတ ဖရန်ကလင်ရုစ်ဘဲ့လ်ဆီမှာ အကြံပေးပုဂ္ဂိုလ်အနေနဲ့ တာဝန်ပေးခံရတဲ့ အိမ်ဖြူတော်အရာရှိကြီးတစ်ယောက်ပါ။ သမ္မတကြီး ရုစ်ဘဲ့လ် (၁၈၈၂-၁၉၄၅) ဆီမှာ တာဝန်ထမ်းဆောင်နေစဉ်မှာလဲ ဆရာကြီးရွှေဥဒေါင်းက ဆီလျော်အောင် ဘာသာပြန်မှီငြမ်းပြုစုခဲ့တဲ့ **"အကြံဉာဏ်ဖြင့် ကြီးပွားရေး"** စာအုပ်ကိုရေးခဲ့တာပါ။ ၁၉၄၀ ပြည့်နှစ်ဝန်းကျင်က ဖြစ်မှာပေ့ါ။ မြန်မာပြည်မှာတော့ ၁၉၅၀ ပြည့်နှစ်လောက်မှာ အောင်မြင်ထင်ရှားတဲ့ စာအုပ်ပါပဲ။ သူ့အချိန် သူ့အခါအလျောက် ခေတ်နောက်မကျပါဘူး။

ခေတ်ကာလအားဖြင့် နှစ်ပေါင်း ၈၀ ကျော်ကွာခြားခဲ့ပြီဖြစ်ပေမယ့် ဘာကြောင့် စာဖတ်သူတွေက နှစ်သက်သဘောကျနေကြတာလဲ ဆိုရင်တော့ လူ့သဘော လူ့သဘာဝရဲ့ မပြောင်းလဲတဲ့ အရာမျိုးတွေကို အမြင်ကျယ်တဲ့ အမြော်အမြင်နဲ့ တိုင်းပြည်လူမျိုးအကျိုးကို လူတွေ ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်းရှိကြပါစေဆိုတဲ့ ရည်ရွယ်ချက်စေတနာကလည်း မှန်ကန်ခဲ့လို့ပါ။

စာအုပ်စာပေဆိုတာတွေထဲမှာ အရွယ်အစား၊ အထူအပါး၊ အရောင်အသွေး၊ အရည်အချင်း၊ အဆင့်ချင်း မတူကြပါဘူး။ ငွေကြေးရဖို့အတွက်၊ နာမည်ကျော်ကြားဖို့အတွက်၊ ကိုယ်ကျိုးရနိုင်ဖို့သက်သက်၊ ကိုယ့်ပါတီ ကိုယ့်အုပ်စုအကျိုးအတွက် စသဖြင့် ဦးတည်ချက်တွေ ကွဲပြားခြားနားကြပါတယ်။

စာဖတ်သူတွေရဲ့ ကိုယ်ရည်ကိုယ်သွေး၊ လူစွမ်းလူစ၊ လုပ်ရည်ကိုင်ရည်တွေ မြင့်မားတိုးတက်အောင် မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးမယ်ဆိုတဲ့ သူ့နိုင်ငံ သူ့လူမျိုးကောင်းကျိုးအတွက် (အမေရိကန်သမ္မတကြီးရဲ့ အတိုင်ပင်ခံ အကြံပေးအနေနဲ့) သူလေ့လာစုဆောင်းခဲ့တဲ့ အကြံကောင်း ဉာဏ်ကောင်းတွေကို အခွံကိုခွာ၊ အကာကိုဖယ်ပစ်၊ အဆီအနှစ်ကိုပဲ ထုတ်ယူရေးသားတာမျိုးဆိုတော့ ဘယ်ခေတ်ဖြစ်ဖြစ်၊ ဘယ်နိုင်ငံမှာဖြစ်ဖြစ် တန်ဖိုးရှိတဲ့ စာမျိုးပဲ။

ရည်ရွယ်ချက်ကောင်း၊ အကြောင်းအရာကောင်း၊ စေတနာကောင်း၊ အရေးအသားကောင်းရင် စာအုပ်က ဖတ်ပျော်ပါတယ်။ ဖတ်သူအတွက် အကျိုးပြုတာကိုး။

ဟုတ်ပြီ။ ဒီဆောင်းပါးမျိုးကို ဖတ်ရင်ကော ဘာများ အကျိုးကျေးဇူးရမှာလဲ။

**အောင်မြင်လိုစိတ် ရှိလာစေမယ်။**
**ပျော်ရွှင်စေမယ်။**
**ကျန်းမာစေမယ်။**
**တိုးတက်စေမယ်။**
**ချမ်းသာစေမယ်။**

**အောင်မြင်ထင်ရှား လူချစ်လူခင်များတဲ့ လူပုံအလယ်မှာ ဂုဏ်သရေရှိတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်လာမယ်။**

ကြော်ငြာတာကလဲ ရဲဝံ့လှချေလား။ သေချာရဲ့လား။ သေချာဆို ဒီစာအုပ်မျိုးတွေကို သူငယ်ချင်းအရင်းအချာလို ပေါင်းသင်းလာခဲ့တာ နှစ်ပေါင်းများစွာကြာခဲ့ပြီလေ။ အနှစ်နှစ်အလလ နေ့နေ့ညည ဖတ်နေတာမို့ အချို့စာကြောင်း အချို့စာပိုဒ်တွေကို အလွတ်ရနေတော့တာ။ အထက်တန်းကျောင်းသားဘဝမှာ သူငယ်ချင်းတွေကမေးရင် အချက်အလက်တွေကို ကရားရေသွန်သလို ဖြေပြတော့ ဒီကောင်တွေ ရယ်ကြတယ်။ သဘောကျလို့။

စာရေးသူက ဘဝတစ်လျှောက်လုံးမှာ ဘဝအပိုင်းအခြား နှစ်ခုပဲလုပ်ဖူးတာပါ။

**၁။ ကျောင်းသားနဲ့**
**၂။ စစ်သား။** ဒါပါပဲ။

ကျောင်းသားပီပီ စာကျက်၊ စာရေး၊ စာအတွက်တွေး။ စစ်သားဆိုတော့ အမိန့်နာခံ၊ တာဝန်ကျေမယ်။ ကျောင်းသားဘဝမှာလည်း ပျော်ရွှင်တယ်။ အောင်မြင်တယ်။ စစ်သားဘဝမှာလည်း တာဝန်လေးစားတယ်။ စွန့်စားစရာရှိရင် စွန့်စားခဲ့တယ်။ စစ်မြေပြင်မှာ အောင်မြင်စွာပဲ ဖြတ်သန်းခဲ့တာပဲ။ ရှေ့တန်းရော၊ နောက်တန်းပါ။ တိုက်ခိုက်ရေး၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး စသဖြင့် ကျရာကနေ တာဝန်ကို အကောင်းဆုံးထမ်းရွက်ခဲ့ပါတယ်။

**မိမိရဲ့လက်စွဲသင်ရိုးတွေက စာအုပ်စာပေပဲ။**

စာအုပ်ကြီးသမားဆိုတာမျိုး နေရာတကာမှာ သဘောတရား၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းသာ တရားသေလုပ်လို့တော့ မရဘူးလေ။ အကြံသစ်၊ ဉာဏ်သစ်၊ နည်းလမ်းသစ်ကို ရှာဖွေဖန်တီးနိုင်လို့ ရှင်သန်နိုင်တာပါ။ ကိုယ့်အကြောင်း ဖော်ပြလိုရင်း မဟုတ်ပါဘူး။ စာအုပ်စာပေရဲ့ကျေးဇူးက ဘဝမှာ အဓိကနေရာမှာရှိတာကို မီးမောင်းထိုးပြလိုတာပါ။

စိတ်ထဲပေါ်ရာ လေး၊ ငါးချက်လောက် စာဖတ်သူအတွက် ထိထိရောက်ရောက် အကျိုးရှိမယ့်ဟာ ရွေးပြီး တင်ပြပါရစေ။

**၁။ ဖြေရှင်းရန်နည်းလမ်း ပုံသေနည်း**

သင်္ချာသင်ဖူးတယ်မဟုတ်လား။ ဂဏန်းသင်္ချာဆိုရင် ပြဿနာကို ဘယ်အစဉ်နဲ့ ဖြေရှင်းကြရသလဲ။

၁။ ကွင်း( )
၂။ ၏ X
၃။ အမြှောက် X
၄။ အစား ÷
၅။ အပေါင်း +
၆။ အနုတ် –

❖ **အပြုသဘောစဉ်းစားပါ။ အပြုသဘောတွေးခေါ်ပါ။ သူများကို အပြစ်မတင်နဲ့။ အပျက်မမြင်နဲ့။ ညည်းညူသူနဲ့ ဝေးဝေးနေ။ မညည်းညူပါနဲ့။ ရမယ်မထင်၊ ဖြစ်မယ်မထင်ဆိုတဲ့ ကောင်တွေနဲ့ မပေါင်းလေနဲ့။ အပြုသဘောစိတ်ထားမှ မျှတတဲ့အမြင်ရှိလာတယ်။ မာန်မာနမထောင်လွှားနဲ့။ အရှုံးမပေးနဲ့။ ဇွဲသတ္တိရှိကြောင်းပြသပါ။ ခံနိုင်ရည်ရှိပါ။ ကျရှုံးရင်လဲ လက်မလျှော့နဲ့။ ဆက်လက်ချီတက်။ ဒါဆိုရင် အများရဲ့ချစ်ခင်လေးစားမှုကိုလဲ ရလာမယ်။ မိဘဆွေမျိုးတွေရဲ့ အထင်ကြီးအားကိုးမှုလဲရမယ်။ လူတွေနဲ့ဆက်ဆံရတာလဲ ပိုအဆင်ပြေလာမယ်။ သင့်မှာပင်ကိုစွမ်းရည်တွေ မြင့်လာခဲ့ပြီကိုး။** ❖

၇။ ပြန်စစ်
ဒီအစီအစဉ် ပုံသေပဲ။

ကွင်းကိုအရင်မရှင်းဘဲ အပေါင်း အနုတ်ကို အဦးဆုံး စရှင်းနေရင် အဖြေမှန်မရပါ။ လွဲနေခဲ့ပြီ။

လိုရင်းက လောကမှာ ကြုံတွေ့ရသမျှသော ပုစ္ဆာ၊ အကျပ်အတည်း၊ အခက်အခဲ၊ ပြဿနာဆိုတာတွေမှာ သင်မမြင်သေး၊ မသိသေးလို့သာ ခက်နေတာ။ ပုံသေနည်း၊ ဖော်မြူလာ(Formula) သိရင် လွယ်လွယ်လေးပဲ။

နည်းသိပြီဆိုရင် အလွယ်တကူ အဖြေထွက်ပြီ။

**လူ့ဘဝရဲ့အဓိပ္ပာယ်က ဘာလဲ။**
**ဘာရည်ရွယ်ချက်နဲ့ ဆက်ပြီး အသက်ရှင်မလဲ။**

(တိရစ္ဆာန်လိုအိပ်မယ်၊ စားမယ်၊ ကာမအရသာခံမယ်ဆိုတာမျိုးတော့ မတွေးလေနဲ့နော်။ လူမပီသတဲ့ အဲလိုသတ္တဝါတွေက များနေခဲ့တယ်။)

**မိမိဘဝအောင်မြင်ချင်တာက ဘာလဲ။**

ကိုယ်ဘာဖြစ်ချင်လဲဆိုတာ သေသေချာချာလေး စဉ်းစားဖို့လိုတယ်။ ပွဲမပါတဲ့လှေဆိုရင် ပင်လယ်ပြင်မှာ လှိုင်းနဲ့လေနဲ့တွေ့ရင် မလွယ်ဘူး။ ကျောက်ဆောင်နဲ့တိုက်မိတော့ ကွဲတော့တာပေ့ါ။

ပန်းတိုင်တစ်ခုခု ရေရေရာရာ ထားရမယ်။ ဘယ်ပုံသေနည်းတွေ ရှိသလဲသိအောင် ရှာပါ။ စာအုပ်စာပေ၊ မိတ်ကောင်းဆွေကောင်း၊ ဆရာသမားကောင်းတွေထံမှာ မေးပါ၊ ဆွေးနွေးပါ၊ နည်းနာယူ။

**၁။ ကိုယ်ဖြစ်ချင်တာကို ချရေးမှတ်ပါ။**

ညစဉ်အိပ်ရာဝင်မှာ ဘုရားရှိခိုး၊ ဆုတောင်း၊ မနက်လင်းရင် အဲဒီစာမျက်နှာကို နေ့စဉ်ရွတ်ဖတ်။ ဟ…ဆရာ့ဟာက ကြောင်စီစီနိုင်လှချေလား။

အဲသလိုမယူဆနဲ့ ကိုယ့်လူ။ ပဋ္ဌာန်း ၂၄ ပစ္စည်းထဲက အကြောင်းနဲ့အကျိုး၊ သဘောတရားတစ်ရပ်က **အာသေဝနပစ္စယော** ဆိုတာရှိတယ်လေ။ ကြားဖူးရဲ့လား။ အဲဒီဖော်မြူလာကို နားလည်တယ်မဟုတ်လား။ အကြိမ်ကြိမ်အဖန်ဖန် အလေ့အကျင့် စွဲမြဲခြင်းဟာ အောင်မြင်စေတဲ့ အကြောင်းရင်းတစ်ခုဖြစ်တယ်။

မယုံရင် လက်တွေ့စမ်းပါ။ ခြောက်လ၊ တစ်နှစ်ကြာရင် အကြိမ်ပေါင်း ၇၀၀ ကျော်တော့ အံ့သြစရာအကျိုးပေးလေပြီ။ အောင်ပြီ။ အောင်ပြီ။

**၂။ ရည်မှန်းချက်ရွေးပါ**

အကျယ်မဖော်ပြလိုပါ။ ရည်မှန်းချက် ဘာမှမရှိတဲ့ လူရဲ့တန်ဖိုးက ဇီးရိုး (သုညပဲ)။ ဘာမှကို သုံးမရတဲ့ ဖိုးသုညပဲ။ ရည်မှန်းချက်တစ်ခုခုကို သေသေချာချာ ရွေးချယ်ပါ။ ငါ ဘာဝါသနာအထုံပါပုံရသလဲ။ ရုပ်ရှင်မင်းသားလုပ်မှာလား။ အဆိုတော်ဖြစ်ချင်တာလား။ ရုပ်ချောရဲ့လား။ အသံကောင်းရဲ့လား။ ဖြစ်နိုင်ဖွယ်ရှိလောက်တာပဲ စဉ်းစားလေ။

(က) ဖြစ်ချင်တာ အကုန်ချရေး။ ရေးမှတ်ပါ။ အကြိုက်ဆုံး တစ်ခုကိုရွေး။
(ခ) ဘာကြောင့်ဖြစ်ချင်တာလဲ အကျိုးအကြောင်းမှတ်စုရေး၊ ဘာတွေလိုအပ်သလဲ ရေးချထား။
(ဂ) အချိန်အတိအကျ ကန့်သတ်ထားပါ။ ဘယ်နနှစ်လဲ ဖြစ်နိုင်ရင် ရက်စွဲ၊ နေ့၊ အပါဝင် မတိုင်မီလို့ရေး။
(ဃ) အထက်ပါ ရေးသားချက်ကို လိုက်နာဆောင်ရွက်မယ်လို့ နေ့စဉ်ဖတ်ပါ။ ထပ်ကာ ထပ်ကာ ရေးပါ။

အောင်မြင်လိုတဲ့စိတ်တွေ နိုးကြားထက်သန်သည်ထက် ပိုမိုထက်သန်လာပြီး အစီအစဉ်ပိုကျအောင်လုပ်ရင်း မဆုတ်မနစ်ဇွဲနဲ့ လုပ်ဆောင်ရင်း အကောင်အထည်ပေါ်ပေါ်လာတာ တွေ့ရမယ်။ ဒါပဲ။

ရည်မှန်းချက်အောင်မြင်နိုင်ခြေရှိတဲ့ အခြေအနေအရပ်ရပ်ကို အမှန်တကယ် ဆုပ်ကိုင်လုပ်ဆောင်နေရင် ဆင့်ကဲဆင့်ကဲ ဘယ်လိုတိုးတက်အောင်မြင်လာတယ်ဆိုတာ ကိုယ်တိုင်ကိုယ်တွေ့ မြင်တွေ့ရမှာလေ။

**၃။ အပြုသဘောစိတ်ထား**

ဒါကိုရှင်းပြရင် စာအုပ်နှစ်အုပ်၊ သုံးအုပ်စာရှိမယ်။ တိုတိုပြောရရင် အပြုသဘောစဉ်းစားပါ။ အပြုသဘော တွေးခေါ်ပါ။ သူများကို အပြစ်မတင်နဲ့။ အပျက်မမြင်နဲ့။ ညည်းညူသူနဲ့ ဝေးဝေးနေ။ မညည်းညူပါနဲ့။ ရမယ်မထင်၊ ဖြစ်မယ်မထင်ဆိုတဲ့ ကောင်တွေနဲ့ မပေါင်းလေနဲ့။ အပြုသဘောစိတ်ထားမှ မျှတတဲ့အမြင်ရှိလာတယ်။ မာန်မာန မထောင်လွှားနဲ့။ အရှုံး မပေးနဲ့။ ဇွဲသတ္တိရှိကြောင်းပြသပါ။ ခံနိုင်ရည်ရှိပါ။ ကျရှုံးရင်လဲ လက်မလျှော့နဲ့။ ဆက်လက်ချီတက်။

ဒါဆိုရင် အများရဲ့ချစ်ခင်လေးစားမှုကိုလဲ ရလာမယ်။ မိဘဆွေမျိုးတွေရဲ့ အထင်ကြီး အားကိုးမှုလဲ ရမယ်။ လူတွေနဲ့ဆက်ဆံရတာလဲ ပိုအဆင်ပြေလာမယ်။ သင့်မှာပင်ကိုစွမ်းရည်တွေ မြင့်လာခဲ့ပြီကိုး။

**၄။ မဟာဗျူဟာအမြင်ရှိပါ**

ခရီးက ရှည်ဝေးတယ်။ မြင်ကွင်းကို မိုးကုပ်စက်ဝိုင်းအထိ မျှော်ကြည့်တတ်အောင် အမြင်ကျယ်ပါ။ နွားခြေရာခွက်ထဲက ဖားသူငယ်လို ရေအိုင်လေးကို ပင်လယ်ထင်မနေနဲ့။ အမြင်ကျယ်အောင် စာကောင်းပေကောင်းတွေ ရှာဖွေလေ့လာမှတ်သားပါ။

အမြင်ကျယ်လာရင် သဘောထားမသေးသိမ်တော့ဘူး။ စွမ်းရည်က တိုးမြင့်လာတယ်။

**၅။ တိကျမှန်ကန်စွာ တွေးခေါ်ပါ**

စဉ်းစားတွေးခေါ်နိုင်တဲ့ အသိအမြင် ဗဟုသုတနည်းပါးရင် သူများပြောတာယုံလွယ်တယ်။ အသိဉာဏ်နိမ့်တော့ သူများလှည့်စားရင် အဟုတ်ထင်မိတယ်။ အမြင်မကျယ်တော့ လမ်းမှားလမ်းလွဲကို ကောင်းတယ် မှတ်တတ်တယ်။ ဘဝမှာ အောင်မြင်တိုးတက်ဖို့ရာက မှန်ကန်တဲ့အမြင်အပေါ်မှာပဲ အခြေခံရတယ်။ စာဖတ်သူတိုင်း ဘဝတိုးတက်ပါစေ။

မိဘနဲ့ နိုင်ငံ၊ လူမျိုးအတွက် အားကိုးရသူတွေ ဖြစ်လာကြပါစေ။

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၈၅၃၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၈၅၃၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၈၅၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မတ်ပဲ ဧက ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မတ်ပဲ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးသွားမှာပါ"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မတ်ပဲစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

## ညောင်လေးပင်မြို့နယ် တော်ပသီကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေး

**ညောင်လေးပင် ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တော်ပသီကျေးရွာအုပ်စု တော်ပသီကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေများ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မီမီအောင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ VRFP စီမံကိန်း ရန်ပုံငွေကျပ် ၂၉၄ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၃ ဦးကို ရန်ပုံငွေကျပ် ၂၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

## မောင်တို့တောရွာ

\- ဘုရားကျောင်းနဲ့ မြတ်စေတီ
ကန်ရေကြည် အအေးဓာတ်လွှမ်း၊
ပင်ကုက္ကို ရွာအဝင်ဝမှာ
လှပတဲ့လမ်း။

\- လာလည်ပါ လက်ဆင့်ကမ်း
မခန်းတဲ့ စေတနာ
တို့တောရွာမှာ၊
စိမ်းစိုမှု လယ်နဲ့ယာ
ငှက်များစွာ ပျော်ရွှင်မြူး၊
နေညိုသခိုက်မှာ
မေပျိုတစ်သိုက်ဟာ ရေချိုခပ်ဖို့
ကျေနပ်စိတ်ကူး။

\- ညင်းလေပြေ တဖြူးဖြူးနဲ့
အင့်အဖူး ပန်းတို့ဂုဏ်၊
စားသောက်ဖွယ် စိုက်ပျိုးထားတယ်
ဘူးသခွားစုံ၊
ရွှင်ကြည်နူး သာယာပုံ
အခါကြုံအောင် လာလည်လှည့်၊
ပလွေသံသာ စည်းသရုပ်လှဖို့
သန္တေမှန်စွာ တီးမှုတ်ပြမယ်
အေးမြအောင်ကွဲ့။ ။

**ဇေဒါမောင်(ပညာရေး)**

## ဝမ်းတွင်းမြို့နယ် တောင်ပုလုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောင်းကုန်းကျေးရွာအုပ်စု တောင်ပုလုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၄ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများနှင့် စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း အမှန်တကယ် လိုက်နာဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တောင်ပုလုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၂ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၀ ဒသမ ၉ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၁ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၄ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# ကာကွယ်ရေးဝန်ကြီး နိုဝန်ချိုလ်ကို မြောက်ကိုရီးယားအစိုးရ ရာထူးမှ ဖယ်ရှား



ပြုံယမ်း ဩဂုတ် ၃၀

တပ်မတော် ခေါင်းဆောင်ပိုင်း ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲရေး အစီအစဉ်အရ မြောက်ကိုရီးယား အစိုးရသည် ကာကွယ်ရေးဝန်ကြီး နိုဝန်ချိုလ်ကို ရာထူးမှဖယ်ရှားခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

တပ်မတော် ခေါင်းဆောင်ပိုင်း ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်ကိုယ်တိုင် ဩဂုတ် ၂၉ ရက်တွင် ကျင်းပခဲ့သည့် ကိုရီးယားအလုပ်သမားပါတီအစည်းအဝေး၌ အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါအစီအစဉ်အရ မြောက်ကိုရီးယားနိုင်ငံသည်ကာကွယ်ရေး ဝန်ကြီးနိုဝန်ချိုလ်ကို ရာထူးမှ ဖယ်ရှားခဲ့သကဲ့သို့ အလုပ်သမားပါတီ ခေါင်းဆောင်ပိုင်းတွင်လည်း ရာထူးလျှော့ချခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နိုဝန်ချိုလ်ကို ရာထူးမှဖယ်ရှားပြီးနောက် ကာကွယ်ရေးဝန်ကြီးသစ်အဖြစ် ကိုရီးယားပြည်သူ့ တပ်မတော်အထွေထွေ နိုင်ငံရေးဗျူရို ညွှန်ကြားရေးမှူးကင်ဆောင်ဂီကို မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က အမည်စာရင်းတင်သွင်းထားကြောင်းသိရသည်။

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြီးဆုံးခဲ့ပြီး ရက်အနည်းငယ်အကြာတွင် မြောက်ကိုရီးယားနိုင်ငံက တပ်မတော်ခေါင်းဆောင်ပိုင်းအပြောင်းအလဲများကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဇင်ဘာဘွေ၌ ခရီးသည်တင် ဘတ်စကားကို ကုန်တင်ယာဉ် ဝင်တိုက်၊ လူ ၂၇ ဦးသေဆုံး

ဟာရဲရား ဩဂုတ် ၃၀

ဇင်ဘာဘွေနိုင်ငံ၌ ဩဂုတ် ၂၈ ရက်က ခရီးသည်တင်ဘတ်စကား တစ်စီးကို ကုန်တင်ယာဉ်တစ်စီး ဝင်တိုက်ခဲ့ရာ လူ ၂၇ ဦးသေဆုံးခဲ့ကြောင်း ဇင်ဘာဘွေရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကုန်တင်ယာဉ် ဝင်တိုက်ခဲ့သည့် ခရီးသည်တင်ဘတ်စကားသည် ခရစ်ယာန်အသင်းမှ အသင်းဝင်များလိုက်ပါလာသော ဘတ်စကားဖြစ်သည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်သည် ဟာရဲရားမြို့နှင့် ၈၂ မိုင်အကွာတွင်ရှိသော ချီဟူမြို့အနီး အဝေးပြေးလမ်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကုန်တင်ယာဉ်သည် အဝေးပြေးလမ်းပေါ်၌ အခြားယာဉ်တစ်စီးကို ကျော်တက်စဉ် ခရီးသည်တင် ဘတ်စကားကို ဝင်တိုက်ခဲ့ခြင်း ဖြစ်ကြောင်း ဇင်ဘာဘွေရဲတပ်ဖွဲ့ တာဝန်ရှိသူ တစ်ဦးက ပြောကြားထားသည်။

ယာဉ်တိုက်မှု ဖြစ်ပွားချိန်တွင် ယာဉ်နှစ်စီးပေါ်၌ လိုက်ပါလာသူများအနက် ၂၃ ဦးမှာ အခင်းဖြစ်ပွားရာနေရာမှာပင် သေဆုံးခဲ့ပြီး ကျန်လေးဦးမှာ ဆေးရုံ၌သေဆုံးခဲ့ကြောင်း ဇင်ဘာဘွေရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဇင်ဘာဘွေနိုင်ငံ၌ ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုများ အနက် ၉၄ ရာခိုင်နှုန်းတို့မှာ လူ့အမှားကြောင့် ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများ ဖြစ်ကြောင်းသိရသည်။

Ref : RT

Trs : KKO

# ယူအက်စ်အက်စ်အေဘရာဟင်လင်ကွန်း လေယာဉ်တင်သင်္ဘော စင်ကာပူနိုင်ငံကို ဖြတ်ကျော်

စင်ကာပူ ဩဂုတ် ၃၀

အရှေ့အလယ်ပိုင်းဒေသမှ အမေရိကန်နိုင်ငံသို့ ပြန်လည်ထွက်ခွာလာသည့် အမေရိကန်ရေတပ်မှ ယူအက်စ်အက်စ် အေဘရာဟင်လင်ကွန်း လေယာဉ်တင်သင်္ဘောသည် ယနေ့နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံကိုဖြတ်ကျော်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ယူအက်စ်အက်စ် အေဘရာဟင်လင်ကွန်း လေယာဉ်တင်သင်္ဘောသည် အမေရိကန်နိုင်ငံ အပြန်ခရီးတွင် ထိုင်းနိုင်ငံသို့ ယာယီဝင်ရောက်ဖွယ်ရှိသည်။



အမေရိကန်ရေတပ်၏ အကြီးဆုံးလေယာဉ်တင် သင်္ဘောများထဲတွင် တစ်စီးအပါအဝင်ဖြစ်သော ယူအက်စ်အက်စ် အေဘရာဟင်လင်ကွန်း လေယာဉ်တင်သင်္ဘောသည် အီရန်စစ်ရေးပဋိပက္ခတွင် ပါဝင်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံသို့ ပြန်လည်ထွက်ခွာလာခြင်း ဖြစ်သည်။

ယူအက်စ်အက်စ် အေဘရာဟင်လင်ကွန်း လေယာဉ်တင်သင်္ဘောသည် ပင်လယ်ပြင်၌ ရက်ပေါင်း ၂၅၀ ကျော်ကြာ စစ်ရေးတာဝန်များ ရယူခဲ့သည်။

ယူအက်စ်အက်စ် အေဘရာဟင်လင်ကွန်း လေယာဉ်တင် သင်္ဘောသည် ထိုင်းနိုင်ငံ၌ ခရီးတစ်ထောက် ရပ်နားပြီးနောက် အမေရိကန်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဟု အမေရိကန်ရေတပ် တာဝန်ရှိသူများက ပြောကြားထားကြောင်းသိရသည်။ Ref : Xinhua

Trs : KKO

# ဥရောပသမဂ္ဂ အဖွဲ့ဝင်အဖြစ်ပါဝင်ရေး ဆွေးနွေးပွဲများပြန်လည်စတင်ရန် အိုက်စလန်နိုင်ငံတွင် လူထုဆန္ဒခံယူပွဲ ကျင်းပ

ရိုင်းခ်ဂျာဗစ်ခ် ဩဂုတ် ၃၀

ဥရောပ သမဂ္ဂ(အီးယူ)၌ အဖွဲ့ဝင်အဖြစ် ပါဝင်ရေးအတွက် ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် သင့်၊ မသင့်နှင့် ပတ်သက်၍ လူထုဆန္ဒခံယူပွဲကို အိုက်စလန်နိုင်ငံက ဩဂုတ် ၂၉ ရက်တွင် ကျင်းပခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထောက်ခံမှုနှုန်း၊ ကန့်ကွက်မှုနှုန်း ကွာခြားမှုမရှိနိုင်သည့် အဆိုပါ လူထုဆန္ဒခံယူပွဲကို ဥရောပ သမဂ္ဂခေါင်းဆောင်များက အနီးကပ်စောင့်ကြည့်ခဲ့ကြသည်။

လူဦးရေ ၄၀၀၀၀၀ ခန့်သာရှိသော အိုက်စလန်နိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် ဘဏ္ဍာရေးကပ်ဆိုက်မှုတစ်ရပ်နှင့် ရင်ဆိုင်ခဲ့ရပြီးနောက် ဥရောပသမဂ္ဂ၌ အဖွဲ့ဝင်အဖြစ် ပါဝင်ရေးအတွက် စတင်အဆိုပြုလျှောက်ထားခဲ့သည်။

သို့ရာတွင် ဥရောပသမဂ္ဂ၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေး ဆွေးနွေးပွဲများမှာ အိုက်စလန်နိုင်ငံ၌ ဥရောပသမဂ္ဂ မလိုလားသည့် အစိုးရအဖွဲ့က ၂၀၁၃ ခုနှစ်တွင် အာဏာရရှိခဲ့ပြီးနောက် ရပ်ဆိုင်းခဲ့သည်။

ဩဂုတ် ၂၉ ရက် လူထုဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော အိုက်စလန်ပြည်သူ ၂၇၃၀၀၀ တို့က ပါဝင်မဲပေးမည်ဖြစ်ပြီး ယနေ့တွင် မဲရလဒ်များပေါ်ထွက်လာနိုင်ကြောင်း သိရသည်။

အီးယူ၌အဖွဲ့ဝင်အဖြစ် ပါဝင်ရေးဆွေးနွေးပွဲများ ပြန်လည်စတင်မှုအတွက် လူထုဆန္ဒခံယူပွဲရလဒ်များအရ အိုက်စလန်ပြည်သူ ၅၁ ဒသမ ၆ ရာခိုင်နှုန်းတို့က ကန့်ကွက်ထားပြီး ၄၈ ဒသမ ၄ ရာခိုင်နှုန်းက ထောက်ခံထားသည်။

ဒိန်းမတ်နိုင်ငံ ဂရင်းလန်ကျွန်းကိုသိမ်းယူလိုကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ပြီးနောက် အီးယူ၌ အဖွဲ့ဝင်အဖြစ် ပါဝင်ရေး ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် အိုက်စလန်အစိုးရက လိုလားလာခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ယူကရိန်းလက်နက်ခဲယမ်းသိုလှောင်ရုံကို ရုရှားတိုက်ခိုက်




ကီယက်ဗ် ဩဂုတ် ၃၀

ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့နယ်မြေအတွင်းရှိ လက်နက်ခဲယမ်းသိုလှောင်ရုံတစ်ခုကို ရုရှားတပ်မတော်က တိုက်ခိုက်ခဲ့ရာ လူ ၃၇ ဦးသေဆုံးခဲ့ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက ဩဂုတ် ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ တိုက်ခိုက်မှုသည် နှစ်လတာကာလအတွင်း ယူကရိန်း လက်နက်ခဲယမ်းသိုလှောင်ရုံများကို ဒုတိယအကြိမ်မြောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမြောက်ကျည်များ၊ မိုင်းများ၊ မောင်းသူမဲ့ဒရုန်းယာဉ်များ အပါအဝင် လက်နက်ခဲယမ်းများ သိုလှောင်ထားသည့် အဆိုပါ လက်နက်ခဲယမ်း သိုလှောင်ရုံကို ရုရှားတပ်များက ဩဂုတ် ၂၈ ရက်တွင် မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။


လက်နက်ခဲယမ်း သိုလှောင်ရုံ တိုက်ခိုက်ခံရမှုကြောင့် သိုလှောင်ရုံအနီးဝန်းကျင်ရှိ လူနေအိမ်အိမ်များ၊ အဆောက်အအုံများလည်းပျက်စီးခဲ့ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက ထုတ်ဖော်ပြောကြားထားသည်။

ရုရှားတပ်များသည် ပြီးခဲ့သည့်လကလည်း ကီယက်ဗ်မြို့နယ်မြေဗစ်ရိုနီဗီမြို့ရှိ လက်နက်ခဲယမ်းသိုလှောင်ရုံ တစ်ရုံကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ လူ ၁၀ ဦးသေဆုံးခဲ့သည်။

ရုရှားနိုင်ငံသည် ပြီးခဲ့သည့်လများအတွင်း ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ကို မောင်းသူမဲ့ဒရုန်းယာဉ်များ၊ ဘာလစ်စတစ်ဒုံးကျည်များအသုံးပြု၍ လေကြောင်းတိုက်ခိုက်မှုများ မြင့်တင်ပြုလုပ်လျက်ရှိကြောင်းသိရသည်။ Ref : RT

Trs : KKO

# ISS ပေါ်မှ အာကာသယာဉ်မှူးများက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် စက်တင်ဘာ ၁ ရက်တွင် အာကာသစခန်းပြင်ပသို့ထွက်ခွာရန် ပြင်ဆင်နေ



**ဝါရှင်တန် ဩဂုတ် ၃၀**

နိုင်ငံတကာအာကာသစခန်းယာဉ် (ISS)ပေါ်မှ အာကာသယာဉ်မှူးများသည် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် စက်တင်ဘာ ၁ ရက်တွင် အာကာသစခန်းပြင်ပသို့ ထွက်ခွာရန် ပြင်ဆင်နေကြောင်း ဩဂုတ် ၂၉ ရက်သတင်းများအရ သိရသည်။

အထက်ပါနိုင်ငံတကာအာကာသစခန်းပြင်ပထွက်ခွာမှုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) အာကာသယာဉ်မှူး ဂျက်ဆီကာမိုင်ရာနှင့် ဥရောပ အာကာသအေဂျင်စီ အာကာသယာဉ်မှူး ဆိုဖီအဒီနေ့တို့က ပြုလုပ်မည်ဖြစ်သည်။

ဂျက်ဆီကာမိုင်ရာနှင့်ဆိုဖီအဒီနေ့တို့၏ စက်တင်ဘာ ၁ ရက် နိုင်ငံတကာအာကာသစခန်း ပြင်ပထွက်ခွာမှုမှာ ခြောက်နာရီခွဲခန့်ကြာမြင့်နိုင်ကြောင်း နာဆာက သတင်းထုတ်ပြန်ထားသည်။

အဆိုပါမစ်ရှင်အတွင်း ဂျက်ဆီကာမိုင်ရာနှင့် ဆိုဖီအဒီနေ့တို့သည် အာကာသစခန်းတစ်နေရာ၌ လမ်းကြောင်းပြစနစ် အစားထိုးလဲလှယ်မှုအပါအဝင် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်သည်။

စက်တင်ဘာ ၁ ရက် မစ်ရှင်သည် နိုင်ငံတကာအာကာသစခန်းယာဉ်မှူးများက ယခုနှစ်အတွင်း ပြုလုပ်မည့် ခုနစ်ကြိမ်မြောက် အာကာသစခန်း ပြင်ပထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်း အာကာသ ယာဉ်မှူးများသည် အာကာသစခန်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အာကာသစခန်း ပြင်ပထွက်ခွာမှုပေါင်း ၂၈၄ ကြိမ်ထိ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# ပုံမှန်ထက်စော၍ ဓမ္မတာရာသီကုန်ဆုံးခဲ့ပါက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်မားနိုင်

**နယူးယောက် ဩဂုတ် ၃၀**

ပုံမှန်ထက်စော၍ ဓမ္မတာရာသီကုန်ဆုံးခဲ့ပါက အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၂၉ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက် ၄၀ အရွယ်ဝန်းကျင်တွင် ဓမ္မတာရာသီကုန်ဆုံးခဲ့သော အမျိုးသမီးများ အနေဖြင့် ပုံမှန်ထက် နှစ်နှစ်စော၍ အယ်ဇိုင်းမားရောဂါ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အသက် ၄၅ နှစ်ဝန်းကျင်တွင် ဓမ္မတာရာသီကုန်ဆုံးခဲ့သူ အမျိုးသမီးများသည် ဓမ္မတာရာသီကုန်ဆုံးချိန် ပုံမှန်ရှိသူ အမျိုးသမီးများထက် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ ၁၅ ရာခိုင်နှုန်း ပိုမြင့်မားသည်ကိုတွေ့ရကြောင်း သိရသည်။

အမျိုးသမီးများ၌ ဓမ္မတာရာသီကုန်ဆုံးမှု စတင်ချိန်သည် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ ရှိ၊ မရှိကို ပြသနိုင်သည့် အညွှန်းကိန်းဖြစ်နိုင်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် အသက် ၇၈ နှစ်အရွယ် အမျိုးသမီး ၂၆၀၀ ကျော်တို့၏ သတင်းအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# ဥရောပအာကာသအေဂျင်စီက အာရီယာနီ-၆ ဒုံးပျံဖြင့် MTG-12 မိုးလေဝသဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့

**ပဲရစ် ဩဂုတ် ၃၀**

ဥရောပအာကာသအေဂျင်စီသည် MTG–12 အမည်ရှိ မိုးလေဝသဂြိုဟ်တုတစ်စင်းကို ဩဂုတ် ၂၉ ရက်တွင် အာရီယာနီ-၆ ဒုံးပျံဖြင့် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

MTG–12 မိုးလေဝသဂြိုဟ်တုသယ်ဆောင်ထားသည့် အာရီယာနီ-၆ ဒုံးပျံကို တောင်အမေရိကပြင်သစ်ဂီယာနာဒေသ ကိုရူးအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။



လွှတ်တင်ပြီး ၃၆ မိနစ်အကြာတွင် အာရီယာနီ-၆ ဒုံးပျံသည် MTG–12 မိုးလေဝသဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့ကြောင်း ဥရောပ အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အလေးချိန် ပေါင် ၈၄၀၀ (ကီလိုဂရမ် ၃၈၀၀)ရှိသော MTG–12 ဂြိုဟ်တုသည် လက်ရှိပတ်လမ်းမှတစ်ဆင့် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်အကွာရှိ ပတ်လမ်းပေါ်သို့ ဆက်လက်တက်ရောက်မည်ဖြစ်သည်။

ဩဂုတ် ၂၉ ရက် MTG–12 ဂြိုဟ်တုမစ်ရှင်သည် အာရီယာနီ-၆ ဒုံးပျံများ၏ နဝမမြောက် အာကာသ မစ်ရှင်ဖြစ်ကြောင်း ဥရောပ အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အာရီယာနီ-၆ ဒုံးပျံသည် ဥရောပအာကာသ အေဂျင်စီ၏ စွမ်းဆောင်ရည်အမြင့်ဆုံး ဒုံးပျံဖြစ်ပြီး အလေးချိန် ၉ ဒသမ ၁၅ တန်ရှိသည့် ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်တွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# ကာဘိုဟိုက်ဒရိတ်ပါဝင်မှုလျှော့ချထားသည့် ဓာတ်စာများစားသုံးမှုက အချို့သူများ၌ သွေးတွင်းကိုလက်စထရောပါဝင်မှုအဆင့် မြင့်တက်နိုင်

**လန်ဒန် ဩဂုတ် ၃၀**

ကာဘိုဟိုက်ဒရိတ်ပါဝင်မှုလျှော့ချထားသည့် ဓာတ်စာများစားသုံးမှုသည် အချို့သူများ၌ သွေးတွင်း ကိုလက်စထရောပါဝင်မှုအဆင့် မြင့်တက်လာနိုင်ပြီး နှလုံးကျန်းမာရေး ပြဿနာများ ပေါ်ထွက်လာနိုင်ခြေမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၂၉ ရက်တွင် ပြောကြားသည်။

ကာဘိုဟိုက်ဒရိတ်ပါဝင်မှုလျှော့ချထားသော ဓာတ်စာများသည် သွေးတွင်း သကြားဓာတ်ပါဝင်မှုလျှော့ချနိုင်ခြင်း၊ ကိုယ်အလေးချိန်ကို လျှော့ချနိုင်ခြင်း၊ ဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ခြင်းတို့ကြောင့် ထင်ရှားသည့် ဓာတ်စာတစ်မျိုးဖြစ်သည်။

သို့ရာတွင် ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကာဘိုဟိုက်ဒရိတ်လျှော့ချထားသည့် ဓာတ်စာများကြောင့် အချို့သူများ၌ သွေးတွင်း ကိုလက်စထရော ပါဝင်မှုအဆင့် တစ်ရှိန်ထိုး မြင့်တက်လာတတ်ပြီး နှလုံးရောဂါရက် ဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေများ မြင့်တက်လာနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကာဘိုဟိုက်ဒရိတ်ပါဝင်မှု လျှော့ချထားသည့် ဓာတ်စာများသည် အချို့သူများအတွက် အန္တရာယ်ကြီးမားသည့် အဆင့်ထိ သွေးတွင်း ကိုလက်စထရောပါဝင်မှုအဆင့်မြင့်တက်လာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ကာဘိုဟိုက်ဒရိတ်ပါဝင်မှုလျှော့ချထားသည့် ဓာတ်စာများ စားသုံးနေသော အရွယ်ရောက်သူ ဦးရေ ၆၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# စပေ့စ်အိတ်ကုမ္ပဏီက Starship ဒုံးပျံထိပ်ဖူးဒုံးယာဉ်ကို စတားဘေ့စ်အာကာသစခန်းသို့ ပြန်လည်သယ်ယူလာ

**ဝါရှင်တန် ဩဂုတ် ၃၀**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် အိန္ဒိယသမုဒ္ဒရာအတွင်း မျောပါနေသည့် Starship ဒုံးပျံထိပ်ဖူးဒုံးယာဉ်ကို ပြန်လည် ဆယ်ယူခဲ့ပြီးနောက် ဆောက်တက္ကဆက်ဒေသ စတားဘေ့စ်အာကာသစခန်းသို့ ပြန်လည်သယ်ယူလာပြီဖြစ်ကြောင်း ဩဂုတ် ၂၉ ရက် သတင်းများအရ သိရသည်။

ကိုယ်ထည်အလျား ၁၇၁ ပေ (၅၂ မီတာ) ရှိသော အဆိုပါ Star–ship ဒုံးပျံအစိတ်အပိုင်းကို ဩစတြေးလျနိုင်ငံ ခရစ္စမတ်ကျွန်းကမ်းလွန်၌ စပေ့စ်အိတ်ကုမ္ပဏီက ပြန်လည်ဆယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Starship ဒုံးပျံထိပ်ဖူးဒုံးယာဉ်၏ စတားဘေ့စ်အာကာသစခန်း ခရီးစဉ်သည် လအနည်းငယ်မျှ ကြာမြင့်နိုင်ကြောင်း စပေ့စ်အိတ်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် အထက်ပါ Starship ဒုံးပျံကို ဇူလိုင် ၂၄ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် Star–ship ဒုံးပျံထိပ်ဖူးဒုံးယာဉ်သည် အိန္ဒိယသမုဒ္ဒရာအတွင်းသို့ ဆင်းသက်ခဲ့ပြီး Starship ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်ဖြစ်သော စူပါဟဲဗီးဒုံးယာဉ်ကမူ မက္ကဆီကို ပင်လယ်ကွေ့အတွင်း ပြန်လည် ကျရောက်ခဲ့ကြောင်း သိရသည်။

အိန္ဒိယ သမုဒ္ဒရာအတွင်း ပြန်လည်ဆင်းသက်ခဲ့သော Star–ship ဒုံးပျံထိပ်ဖူးဒုံးယာဉ်သည် အိန္ဒိယသမုဒ္ဒရာအတွင်း ၂၄ ရက်ကြာ မျောပါခဲ့ပြီးနောက် ဩဂုတ် ၁၇ ရက်တွင် ဩစတြေးလျနိုင်ငံ ခရစ္စမတ်ကျွန်းကမ်းလွန်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)တွင် ရန်ကုန်ယူနိုက်တက်အသင်းအနိုင်ရပြီး ရန်ကုန်စီးတီးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်



ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) နောက်ဆုံးပွဲစဉ်များအဖြစ် ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းအနိုင်ရပြီး ရန်ကုန်စီးတီးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) နောက်ဆုံးပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက် အသင်းနှင့် စစ်ကိုင်းယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၈၆ မိနစ်တွင် မောင်မောင်လွင်နှင့် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို လေးမိနစ်တွင် မူစတာဖာတို့က သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒေသာအားကစားကွင်းတွင် ရန်ကုန်စီးတီးအသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကာ ရှမ်းယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၅ မိနစ်တွင် စတီဗင်က သွင်းယူခဲ့ပြီး ပွဲချိန် ၄၅ မိနစ်တွင် ရန်ကုန်စီးတီးအသင်းမှ ယာမာယူရာက ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့သည့်အတွက် ဒုတိယသွင်းဂိုး ရရှိခဲ့ကာ ရန်ကုန်စီးတီးအသင်း အတွက်သွင်းဂိုးများကို ပွဲချိန် ၆၅ မိနစ်တွင် အောင်ကောင်းမာန်နှင့် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးအချိန်ပို လေးမိနစ်တွင် တီဆူရှိယာတို့က သွင်းယူခဲ့သည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များကို လာမည့် စက်တင်ဘာ ၄ ရက် မှ ၆ ရက်ထိ ရန်ကုန်မြို့နှင့် ပုသိမ်မြို့တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ STA

# ဝူဟန်အိုးပင်းစနူကာပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးခဲ့သည့် ချန်းဘန်ဂူ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၇၅၀၀၀ ရရှိ



ဝူဟန် ဩဂုတ် ၃၀

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကျင်းပခဲ့သည့် ဝူဟန်အိုးပင်း စနူကာပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးခဲ့သည့် တရုတ်စနူကာ ကစားသမား ချန်းဘန်ဂူက ဆုကြေးငွေအဖြစ် အမေရိကန် ဒေါ်လာ ၁၇၅၀၀၀ ရရှိခဲ့ကြောင်း Cue Nation သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ချန်းဘန်ဂူသည် ဝူဟန်အိုးပင်း စနူကာပြိုင်ပွဲတွင်ကမ္ဘာ့ထိပ်တန်း စနူကာ ကစားသမားများကို ကျော်ဖြတ်ကာ ချန်ပီယံဆုကို ပရော်ဖက်ရှင်နယ် ကစားသမား ဘဝပထမဆုံးအကြိမ် ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး စနူကာကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင်လည်း (၂၂) နေရာရောက်ရှိလာခဲ့သည်။

ချန်းဘန်ဂူသည် ဝူဟန်အိုးပင်း စနူကာပြိုင်ပွဲ ၁၆ ဦးရှုံးထွက်အဆင့်တွင် အင်္ဂလန်ကစားသမား ကာတာကို(၅-၂)၊ ကွာတားဖိုင်နယ်အဆင့်တွင် အင်္ဂလန်ကစားသမားများဖြစ်ကြသည့် ကမ္ဘာ့အဆင့်(၁) ဂျူ့စ်ထရန့်ကို(၅-၁)၊ ဆီမီးဖိုင်နယ်အဆင့်တွင် ဆူလီဗန်ကို(၆-၃) ရလဒ်ဖြင့်အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲအဆင့်တွင် တစ်နိုင်ငံတည်းသား ဇီတောင်းကို (၁၀-၇)ရလဒ်ဖြင့် ထပ်မံအနိုင်ရကာ ချန်ပီယံဆုဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဒုတိယဆုအတွက် အမေရိကန်ဒေါ်လာ ၇၅၀၀၀၊ ဆီမီးဖိုင်နယ်အဆင့်အတွက် ၃၃၀၀၀၊ ကွာတားဖိုင်နယ်အဆင့်အတွက် ၂၂၀၀၀ ချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

Ref : Cue Nation

Trs : STA

# နယူးကာဆယ်အသင်းတွင် ၂၀၀၃ ခုနှစ်နောက်ပိုင်း ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ရာသီအစနှစ်ပွဲဆက်ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် အီလန်ဂါရပ်တည်

လန်ဒန် ဩဂုတ် ၃၀

နယူးကာဆယ် အသင်း တိုက်စစ်ကစားသမား အီလန်ဂါသည် အသင်းတွင် ၂၀၀၃ ခုနှစ်က ဂန္ထဝင်ကစားသမားကြီး အလန်ရှီးယားနောက်ပိုင်း ပရီးမီးယားလိဂ် ရာသီအစ နှစ်ပွဲဆက်ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် ရပ်တည်ခဲ့ကြောင်း 365Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ဩဂုတ် ၂၉ ရက်က ကစားခဲ့သည့် နယူးကာဆယ် အသင်းက စပါးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်၌ အီလန်ဂါသည် ပွဲချိန် ၆၂ မိနစ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူခဲ့ပြီးနောက် နယူးကာဆယ်အသင်းအတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲ ရာသီအစနှစ်ပွဲဆက် ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

အီလန်ဂါသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် နယူးကာဆယ်အသင်းနှင့် လီဗာပူးအသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်တွင်လည်း အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့သကဲ့သို့ စပါးအသင်းနှင့် ပွဲစဉ်တွင်လည်း သွင်းဂိုးတစ်ဂိုး ထပ်မံသွင်းယူခဲ့ကာ ရာသီအစနှစ်ပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ် အသင်းတွင် ဂန္ထဝင် ကစားသမားအဖြစ် သတ်မှတ်ခံထားရသည့် အလန်ရှီးယားက ၂၀၀၃-၂၀၀၄ ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရာသီအစနှစ်ပွဲဆက်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် ရပ်တည်ခဲ့ပြီး နောက်ပိုင်း ရာသီအစနှစ်ပွဲဆက်ဂိုးသွင်းယူနိုင်သည့် ကစားသမား ထွက်ပေါ်လာခြင်းမရှိခဲ့ဘဲ ယခုနှစ်ဘောလုံးရာသီမှသာ အီလန်ဂါက ဒုတိယမြောက် ကစားသမားအဖြစ် ရပ်တည်ခဲ့ကြောင်း သိရသည်။

Ref : 365Scores

Trs : STA

# မြန်မာဖူဆယ်လိဂ် ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၁)များ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာဖူဆယ်လိဂ်ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင်ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ် ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၁) ပွဲစဉ်များအဖြစ် နံနက် ၈ နာရီခွဲက TKA Star အသင်းနှင့် Jullniss အသင်းတို့ ကစားခဲ့ရာ Jullniss အသင်းက နှစ်ဂိုး ဂိုးမရှိ၊ နံနက် ၁၀ နာရီက ယူနိုက်တက် စီးတီးအသင်းနှင့် အဗန်ဂျာ ဂျူနီယာအသင်းတို့က စားခဲ့ရာ ယူနိုက်တက်စီးတီး အသင်းက ငါးဂိုး နှစ်ဂိုး၊ နံနက် ၁၁ နာရီခွဲက မဟာဘားမားအသင်းနှင့် မာရိန်အသင်းတို့ ကစားခဲ့ရာ မဟာဘားမားအသင်းက ရှစ်ဂိုး ဂိုးမရှိဖြင့် အသီးသီးအနိုင်ရခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁နာရီက ဗစ်တိုးရီးယားအသင်းနှင့် SGF Youth အသင်းတို့ကစားခဲ့ရာ လေးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲက ပစိဖိတ်ဆန်းဖားအသင်းနှင့် မင်းမဟော်အသင်းတို့ကစားခဲ့ရာ ပစိဖိတ်ဆန်းဖားအသင်းက လေးဂိုး တစ်ဂိုး၊ ညနေ ၄ နာရီက ရွှေပြည်သာ ယူနိုက်တက်အသင်းနှင့် Bushido အသင်းတို့ကစားခဲ့ရာ Bushido အသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာဖူဆယ်လိဂ် ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၁၁) တွင် SGF Youth အသင်းသည် နိုင်ပွဲပျောက်ဆုံးခဲ့သော်လည်း ၁၀ ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၃၁ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေကြောင်း သိရသည်။

STA

# မွန်တာရေးအိုးပင်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပယ်ရီဆွတ်ခူး



မွန်တာရေး ဩဂုတ် ၃၀

မက္ကဆီကိုနိုင်ငံ မွန်တာရေးမြို့တွင်ကျင်းပခဲ့သည့် မွန်တာရေး အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ် အဖြစ် ပြင်သစ်တင်းနစ်မယ် ပယ်ရီက ဘယ်လ်ဂျီယံတင်းနစ်မယ် မာတန်းကိုအနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း WTA သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ပယ်ရီသည် ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် အန်လီကို (၇-၆)၊ (၆-၄)ရလဒ်ဖြင့်အနိုင်ရကာ ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့ပြီး မာတန်းက ရုရှားတင်းနစ်မယ် ဘာတန်ကိုဗာကို (၁-၆)၊ (၆-၄)၊ (၆-၂)ရလဒ်ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဗိုလ်လုပွဲစဉ်အဖြစ် ပယ်ရီနှင့် မာတန်းတို့ကစားခဲ့ရာ ပထမပွဲငယ်တွင်(၆-၄) ရလဒ်ဖြင့် ပယ်ရီက အနိုင်ရပြီး ဒုတိယပွဲငယ်တွင် မာတန်းက ပြတ်သားသည့် ရလဒ်ဖြစ်သည့်(၆-၀) ရလဒ်ဖြင့် ပြန်လည် အနိုင်ရခဲ့သော်လည်း တတိယပွဲငယ်တွင် ပယ်ရီက(၆-၃) ရလဒ်ဖြင့် ပြန်လည်အနိုင်ရခဲ့ပြီးနောက် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ပယ်ရီသည် မွန်တာရေး အိုးပင်းတင်းနစ် ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးခဲ့သည့်အတွက် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ၏ ပထမဆုံးအဓိက ဆုဖလားကို ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : WTA

Trs : STA

## ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)တွင် အပြန်အလှန်သွင်းဂိုးများဖြင့် ချဲလ်ဆီးအသင်းက ဘရိုက်တန်အသင်းကို အနိုင်ရရှိ

**လန်ဒန် ဩဂုတ် ၃၀**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) အဖြစ် ယနေ့ညပိုင်းက ချဲလ်ဆီးအသင်းနှင့် ဘရိုက်တန်အသင်းတို့ ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများနှင့်အတူ ချဲလ်ဆီးအသင်းက အိမ်ကွင်းတွင် လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း Fotmobသတင်းဝက်ဘ်ဆိုက်ကဖော်ပြခဲ့သည်။



အဆိုပါပွဲစဉ်၌ပွဲအစ လေးမိနစ်တွင် လာဗီယာ၊ ပွဲချိန် ၁၄ မိနစ်တွင် နက်တို၊ ပွဲချိန် ၃၂ မိနစ်တွင် ဂျာအိုပက်ဒရိုတို့က ချဲလ်ဆီးအသင်းအတွက် သွင်းဂိုးများ သွင်းယူခဲ့ပြီး ပွဲချိန် ၃၅ မိနစ်တွင် ရယ်ကူယီက ဘရိုက်တန်အသင်းအတွက် ချေပဂိုး တစ်ဂိုး သွင်းယူခဲ့သည့်အတွက် ပထမပိုင်းတွင် ချဲလ်ဆီးအသင်းက သုံးဂိုး တစ်ဂိုးဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချေပဂိုးများလိုအပ်နေသည့် ဘရိုက်တန်အသင်းက ပြန်လည်ဖိအားပေးခဲ့ပြီး ပွဲချိန် ၆၃ မိနစ်တွင် ချဲလ်ဆီးအသင်းမှ ဂျာအိုပက်ဒရိုက ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့သည့်အတွက် ဘရိုက်တန်အသင်းက ချေပဂိုးတစ်ဂိုးရရှိခဲ့သော်လည်း ပွဲချိန် ၇၄ မိနစ်တွင် ကိုးလ်ပယ်မာက ချဲလ်ဆီးအသင်းအတွက် စတုတ္ထဦးဆောင်ဂိုး သွင်းယူခဲ့ကာ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုခြောက်မိနစ်တွင် ဂရေ့စ်က ဘရိုက်တန်အသင်းအတွက် ချေပဂိုး တစ်ဂိုး ထပ်မံသွင်းယူခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် ချဲလ်ဆီးအသင်းက အိမ်ကွင်း၌ ဘရိုက်တန်အသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဖူလ်ဟမ်အသင်းနှင့် ပွဲစဉ်တွင် အနိုင်ရခဲ့သကဲ့သို့ ယခုပွဲစဉ်တွင်လည်း ထပ်မံအနိုင်ရခဲ့သည့်အတွက် နှစ်ပွဲဆက်နိုင်ပွဲ ရယူခဲ့ကာ ပွဲစဉ်(၃)အဖြစ် လာမည့် စက်တင်ဘာ ၆ ရက်တွင် အာဆင်နယ်အသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## ချန်ပီယံလိဂ်ပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်နှင့် အင်တာမီလန်အသင်းတို့တွေ့ဆုံ

**မက်ဒရစ် ဩဂုတ် ၃၀**

ဥရောပ ဘောလုံးအဖွဲ့ချုပ်က ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များအတွက် ပွဲစဉ်ဇယားအသေးစိတ်ကို ထုတ်ပြန်ကြေညာခဲ့ပြီးနောက် အဖွင့်ပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၁)တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အင်တာမီလန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲကို ပုံစံသစ်ပြောင်းလဲကျင်းပသည့် စနစ်အရ ပြိုင်ပွဲဝင် အသင်းများသည် အုပ်စုအဆင့်တွင် အိမ်ကွင်းပွဲစဉ် လေးပွဲနှင့်အဝေးကွင်းပွဲစဉ်လေးပွဲ ကစားရမည်ဖြစ်ပြီး ရီးရဲလ်မက်ဒရစ်အသင်းသည် အဖွင့်ပွဲစဉ်ကို အိမ်ကွင်းတွင် စတင်ကစားရမည်ဖြစ်သည်။

အလားတူ ပွဲစဉ်(၁)အခြားပွဲစဉ်များတွင်လည်း လီဗာပူးအသင်းသည် အေတီကိုအသင်းကို အိမ်ကွင်းတွင် လက်ခံကစားရမည်ဖြစ်ပြီး ပြီးခဲ့သည့်ရာသီက ဗိုလ်လုပွဲအဆင့်ထိ တက်ရောက်ခဲ့သည့် အာဆင်နယ်အသင်းက နာပိုလီအသင်းအိမ်ကွင်းတွင် ကစားရမည်ဖြစ်သည်။

အလားတူ မန်စီးတီးအသင်းက ပေါ်တိုအသင်းကို အိမ်ကွင်းတွင်လည်းကောင်း၊ ဘာစီလိုနာအသင်းက ဗီယင်နာအသင်း အိမ်ကွင်းတွင် လည်းကောင်း၊ လက်ရှိချန်ပီယံ ပီအက်စ်ဂျီအသင်းက ဆလိုဗန်အသင်း အိမ်ကွင်းတွင် လည်းကောင်း၊ ဘိုင်ယန်မြူးနစ်အသင်းက ဘိုဒိုဂလင့်အသင်း အိမ်ကွင်းတွင်လည်းကောင်း၊ မန်ယူအသင်းက ဆာဘတ်အသင်း အိမ်ကွင်းတွင် လည်းကောင်း အသီးသီးကစားရမည်ဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) ပွဲစဉ်များကို လာမည့် စက်တင်ဘာ ၉ ရက်မှစတင်ပြီး ကစားမည်ဖြစ်ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

## ဖီဖာ-အာဆီယံဖလားပြိုင်ပွဲ Challenge အဆင့်၌ အုပ်စုအပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီး မြန်မာအသင်း အုပ်စု(B)တွင် ကျရောက်

**ရန်ကုန် ဩဂုတ် ၃၀**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) နှင့် အာဆီယံဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ပထမဆုံးအကြိမ် ကျင်းပမည့် ဖီဖာ-အာဆီယံဖလား ပြိုင်ပွဲ Challenge အဆင့်၌ အုပ်စုအပြောင်းအလဲ ဖြစ်ပေါ်ခဲ့ပြီး မြန်မာအသင်းအုပ်စု(B)တွင် ပြောင်းလဲ ကစားရမည်ဖြစ်ကြောင်းသိရသည်။

အစောပိုင်းက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ဖီဖာ-အာဆီယံ ဖလားပြိုင်ပွဲအတွက် မဲခွဲမှုပြုလုပ်ခဲ့ရာ မြန်မာအသင်းသည် Challenge အဆင့်၌ အုပ်စု(A)တွင် အိမ်ရှင် တရုတ်(တိုင်ပေ)အသင်း၊ ဘရူနိုင်းအသင်းတို့နှင့် ကျရောက်ခဲ့ခြင်းဖြစ်သည်။

သို့သော် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က Challengeအဆင့်အတွက် အုပ်စုပြန်လည်ပြင်ဆင်ခဲ့ရာ အုပ်စု(A)တွင် အိမ်ရှင် တရုတ်(တိုင်ပေ)အသင်း၊ လာအိုအသင်း၊ ဘရူနိုင်းအသင်း၊ အုပ်စု(B)တွင် မြန်မာအသင်း၊ ကမ္ဘောဒီးယားအသင်း၊ တီမောလက်စ်တေအသင်းတို့ကျရောက်ခဲ့သည်။

ဖီဖာ-အာဆီယံ ဖလားပြိုင်ပွဲကို အပိုင်းနှစ်ပိုင်းခွဲခြားကျင်းပမည်ဖြစ်ပြီး Premier အဆင့်တွင် ကမ္ဘာ့အဆင့် သတ်မှတ်ချက်မြင့်မားသည့် ရှစ်သင်းက လေးသင်းနှစ်အုပ်စု၊ Challenge အဆင့်၌ ကမ္ဘာ့အဆင့်နိမ့်သည့် အသင်းခြောက်သင်းက သုံးသင်းနှစ်အုပ်စုဖြင့် ခွဲခြားကျင်းပမည်ဖြစ်ပြီး Premier အဆင့်ကို အိမ်ရှင်အဖြစ် အင်ဒိုနီးရှားနိုင်ငံနှင့် Challenge အဆင့်ကို တရုတ် (တိုင်ပေ)က လက်ခံကျင်းပမည်ဖြစ်သည်။

ဖီဖာ-အာဆီယံ ဖလားပြိုင်ပွဲ Challengeအဆင့်ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် မြန်မာအသင်းသည် စက်တင်ဘာ ၂၄ ရက်တွင် တီမောလက်တေအသင်း၊ စက်တင်ဘာ ၂၇ ရက်တွင် ကမ္ဘောဒီးယားအသင်းတို့နှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

## U.S. Open တင်းနစ်ပြိုင်ပွဲအတွက် အသင့်ဖြစ်နေပြီဟု ဂျိုကိုဗစ်ပြောကြား



**ဝါရှင်တန် ဩဂုတ် ၃၀**

ဆားဘီးယားထိပ်တန်းတင်းနစ်ကစားသမား ဂျိုကိုဗစ်က U.S. Open တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲအတွက် မိမိအနေဖြင့် အသင့်ဖြစ်နေပြီဖြစ်ကြောင်း APGA Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် U.S. Open တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲမစတင်မီ ဩဂုတ် ၂၉ ရက်က လေ့ကျင့်ရေးပွဲစဉ်အဖြစ် ရုရှားတင်းနစ်ကစားသမား ရှာပိုဗာလော့နှင့် ကစားခဲ့ရာတွင် အကောင်းဆုံးပုံစံ ပြသခဲ့ပြီး(၆-၂) ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

ဂျိုကိုဗစ်က "ကျွန်တော် U.S. Open တင်းနစ်ပြိုင်ပွဲအတွက် အသင့်ဖြစ်နေပါပြီ။ ချန်ပီယံဆုဖလားကိုင်မြှောက်နိုင်ဖို့အတွက်လဲ အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ U.S. Open တင်းနစ်ပြိုင်ပွဲက ထိပ်တန်းကစားသမားတွေအားလုံးပါဝင်တဲ့ ပြိုင်ပွဲဖြစ်လို့ ချန်ပီယံဆုအတွက် ခက်ခဲမယ်ဆိုတာသိပါတယ်။ ဒါပေမဲ့ ပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားပါတယ်" ဟုပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် U.S. Open တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ဩဂုတ် ၃၁ ရက်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား မာရီယာနိုနာဗိုနီနှင့် စတင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : APGA Tennis

Trs : STA

## အင်တာမီယာမီအသင်းက မွန်တီရယ်အသင်းကို အနိုင်ရပြီး ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုကိုအဆုံးသတ်



**မီယာမီ ဩဂုတ် ၃၀**

မေဂျာလိဂ်ပြိုင်ပွဲ အဖြစ် မက်ဆီဦးဆောင်နေသည့် အင်တာမီယာမီအသင်းနှင့် မွန်တီရယ်အသင်းတို့ ယနေ့နံနက်ပိုင်းက ကစားခဲ့ရာအင်တာမီယာမီအသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အင်တာမီယာမီ အသင်းသည် လိဂ်ရှုံးထွက်ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ဩဂုတ် ၉ ရက်က မွန်တာရေးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း လီအွန်အသင်း၊ နာရှာဗီလီအသင်း၊ တိုရွန်တိုအသင်းတို့ကိုရှုံးနိမ့်ခဲ့ပြီး ဖီလာဒယ်ဖီယာအသင်းနှင့် ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့ကာ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ပြီးနောက် နည်းပြအပြောင်းအလဲလုပ်ဆောင်ခဲ့ရာ နည်းပြသစ်ဟိုယိုကို ခန့်အပ်ခဲ့ပြီး နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

မွန်တီရယ်အသင်းနှင့် ပွဲစဉ်တွင် အင်တာမိုင်ယာမီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၂၀ တွင် ကက်စ်မဲရီး၊ ပွဲချိန် မိနစ် ၄၀၊ ၅၂ မိနစ်၊ ၈၃ မိနစ်၊ မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုခြောက်မိနစ်တို့တွင် မက်ဆီ၊ ပွဲချိန် မိနစ် ၈၀ တွင် ဆွာရက်၊ ပွဲချိန် မိနစ် ၉၀ တွင် ရှောခ်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် တစ်ဦးတည်းသွင်းဂိုး လေးဂိုးသွင်းယူခဲ့သည့် မက်ဆီသည် မေဂျာလိဂ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် တစ်ပွဲတည်း လေးဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ အင်တာမိုင်ယာမီအသင်းသည်လည်း ပထမဆုံးအကြိမ်အဖြစ် ပြိုင်ဘက်အသင်းကို တစ်ပွဲတည်း ခုနစ်ဂိုး သွင်းယူနိုင်သည့် ပထမဆုံး ပွဲစဉ်ဖြစ်လာခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# လွှယ်ကူဖြေရှင်း အပင်အာဟာရ စက်ဝန်းများ(အပိုင်း-၂)

မှူမှူ(မလှိုင်)

စိုက်ပျိုးရေးအတွက် မြေဩဇာများကို အသုံးပြုရာတွင် ပမာဏနည်းနည်းဖြင့် အကျိုးရှိရှိ လေလွင့်မှုအနည်းဆုံးဖြစ်စေရန် ထည့်ပေးရမည်။ အချိန်မှန်၊ နေရာမှန်ဖြင့် တိကျစွာ ဆုံးဖြတ်ဆောင်ရွက်သော လယ်ယာစနစ်ထွန်းကားပြန့်ပွားစေခြင်း၊ သဘာဝမြေဆွေးပြည့်ဝသော မြေဆီလွှာကျန်းမာရေးစနစ် ကျယ်ပြန့်လာစေခြင်း၊ အာဟာရကို သယ်ဆောင်ပျော်ဝင်စေသော အကျိုးပြုအဏုဇီဝများပွားများ၍ အပင်မှအာဟာရ စုပ်ယူမှုကောင်းမွန်စေခြင်းတို့ဖြင့် အပင်မှထည့်သွင်းပေး သော အာဟာရဓာတ်မြေဩဇာများကို ရရှိစေနိုင်သည်။

**မြေဩဇာပမာဏနည်းနည်းဖြင့် ထိရောက်အောင် အသုံးပြုရန် အခြေခံအချက်များမှာ**

**၁။အကြိမ်ကြိမ်ပမာဏနည်းနည်းစီခွဲ၍ထည့်ပေးခြင်း**

ဓာတ်မြေဩဇာများကို တစ်ခါတည်းတစ်ကြိမ်တည်းနှင့် ပမာဏများများထည့်မည့်အစား အကြိမ်ကြိမ်ခွဲ၍ ထည့်ပေးခြင်းဖြင့် ပမာဏနည်းနည်းခြင်းစီကို အပင်မှစုပ်ယူစားသုံးနိုင်စေပြီး စိမ့်စမ်းရေ၊ စီးဆင်းရေတို့တွင် ပျော်ဝင်ပျောက်ဆုံးမှုဖြင့် ဆုံးရှုံးမှုကို လျှော့ချနိုင်သည်။ အပင်လိုအပ်နေမည့် အချိန်တွင် ချိန်ကိုက်ပေးသွင်းနိုင်သဖြင့် အပင်တွင်းကို အာဟာရထိရောက်စွာရောက်ရှိစေပြီး ဓာတ်မြေဩဇာပမာဏနည်းနည်းဖြင့် အကျိုးအမြတ် ပိုမိုရရှိစေသည်။

**၂။ စိုက်ပေါင်၊ စိုက်ကျင်းအနီးထည့်ပေးခြင်း**


စိုက်ပေါင်အနီးတွင် သီးနှံပင်စုပ်ယူစားသုံးနိုင်မည့်ပုံစံဖြင့် လေလွင့်မှုအနည်းဆုံးဖြစ်စေမည့် စနစ်သုံး၍ ထည့်ပေးခြင်းနည်းများကို အသုံးပြုသင့်သည်။ သီးနှံပင်စတင်စိုက်ပျိုးစဉ် သီးနှံစေ့တန်းဘေးနှင့် အောက်ဘက် နှစ်လက်မ၊ သုံးလက်မအကွာမှာထည့်ပေးခြင်းဖြင့် အမြစ်ထွက်လာသည်နှင့် အလွယ်တကူစုပ်ယူနိုင်ပြီး အာဟာရသယ်ဆောင်မှုကောင်းစေသည်။ ထည့်ပေးလိုက်သည့်အပင်အာဟာရကို ဖမ်းယူထိန်းချုပ်ထားမှုဖြင့် အလဟဿဖြစ်မှုကို ဟန့်တားပေးနိုင်သည်။

**၃။ မြေဩဇာကိုရေသွင်းစနစ်ဖြင့်ရော၍ထည့်ပေးခြင်း**

အာဟာရပျော်ရည်၊ ဖျော်ရည်များအဖြစ်ပြုပြင်ပြီးအသုံးပြုခြင်း၊ Fertigation ဆိုသည်မှာ သွင်းရေနှင့်အတူ ရေတွင်ပျော်ဝင်သော ဓာတ်မြေဩဇာများ၊ မြေဆီလွှာအထောက်အကူပြုပစ္စည်းများ၊ ရေအရည်အသွေးပြုပြင်သည့်အရာများ ထည့်ပေးခြင်းတို့ဖြစ်သည်။ သီးနှံပင်အတွက် ဓာတ်မြေဩဇာကို ရေသွင်းနည်းစနစ်မျိုးစုံနှင့် ရေသွင်းပေးခြင်းဖြင့် သီးနှံပင်အတွက် ရေနှင့်အတူ အာဟာရဓာတ်ကိုပါ တစ်ပြိုင်တည်းရရှိ၍ လုပ်ငန်းနှစ်ခုပြီးစီးပြီး တစ်ပြိုင်နက် အာဟာရဓာတ်ကိုပါ အပင်တွင်းတစ်ပါတည်းရောက်ရှိစေ၍ အချိန်တိုတိုနှင့် လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်သည်။ နေ့စဉ်အပင်မှလိုအပ်သည့် ရေနှင့်အပင်အာဟာရဓာတ်ကို ပုံမှန်ဖြည့်ဆည်းပေးနိုင်ခြင်း၊ ရေငွေ့ပြန်ဆုံးရှုံးမှု လုံးဝတားဆီးနိုင်ခြင်းတို့ဖြင့် အပင်များ၏ ကြီးထွားဖွံ့ဖြိုးမှုအဆင့်အလိုက် အကျိုးရှိစွာ အသုံးပြုနိုင်စွမ်းကိုရရှိစေနိုင်သည်။

**၄။ အရွက်ဖျန်းမြေဩဇာအဖြစ်ထည့်ပေးခြင်း**

သီးနှံပင်သက်တမ်းအရ အပင်ကြီးပိုင်းရောက်မှ အာဟာရချို့တဲ့မှုဖြစ်သည်ဟု တွေ့မြင်လာသောအခါ ကုစားဖြည့်စွက်မှုအဖြစ် နိုက်ထရိုဂျင်၊ ဖော့စဖရပ်နှင့် ပိုတက်စီယမ်များကို ရွက်ဖျန်းမြေဩဇာအဖြစ် ကျွေးကြသည်။ အများအားဖြင့် နိုက်ထရိုဂျင်နှင့် ပိုတက်စီယမ်ကို အပင်နောက်ပိုင်း အစေ့အဆန်ဖြည့် တင်းမှုအရည်အသွေးမြင့်တင်မှုတို့အတွက် ရွက်ဖျန်းအနေနှင့် ထည့်ပေးလေ့ရှိသည်။ ထို့ပြင် အရေးကြီးသော ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ ဆာလဖာဓာတ်များနှင့် အနည်းလို အာဟာရဓာတ်များမှာ အပင်တွက်ရွက်ဖျန်းမြေဩဇာအနေဖြင့် ကျွေးခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ ရွက်ဖျန်းမြေဩဇာကျွေးခြင်းသည် အစာချက်လုပ်ခြင်းကျသွားသည့်အဆင့်နှင့် အမြစ်ကြီးထွားမှုကျဆင်းသွားသည့် အခြေအနေ၊ အချိန်အခါမှာကျွေးရမည်။ ရွက်ဖျန်းမြေဩဇာကျွေးခြင်း၏ အားသာသည့်အချက်နှစ်ချက်တွင် ပထမမှာအပင်အတွက်လိုအပ်သော အာဟာရဓာတ်ကို အကျိုးရှိစွာ အချိန်ကိုက်အသုံးပြုနိုင်သည့်နည်းလမ်းဖြစ်သည်။ ဒုတိယမှာ မြေအခြေအနေနှင့် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေကြောင့်




အာဟာရဓာတ်ချို့တဲ့မှုကို အစားထိုးပေးနိုင်သည်။ မြေဩဇာများကို ကြဲပက်ထည့်ခြင်းထက် ဓာတ်မြေဩဇာများလေလွင့်ဆုံးရှုံးမှု သက်သာစေသည်။ ဓာတ်မြေဩဇာပမာဏ အလွန်နည်းနည်းနှင့် ပက်ဖျန်းပေးရ၍ မြေဩဇာအကုန်ကျသက်သာသည်။

**၅။တိကျရေရာစွာ တွက်ချက်ထည့်ပေးခြင်း**

ရေရာတိကျသေချာသော စိုက်ပျိုးနည်းစနစ်ဖြင့် မိမိစိုက်ပျိုးခင်း၏ ရေမြေအခြေအနေ၊ ရာသီဥတု၊ ရေလိုအပ်ချက်၊ မြေဆီလွှာတွင်းအပင်အာဟာရရှိမှု အသေးစိတ်မှတ်တမ်းစုံလင်စွာ စုဆောင်းထားပြီးမှ လိုအပ်ချက်အတိုင်း မျှော်မှန်းပန်းတိုင် အထွက်နှုန်းရရှိစေရန် ခေတ်မီဖွံ့ဖြိုးလာသော ဂြိုဟ်တုထောက်လှမ်းမှု၊ မြေအခြေအနေဆန်းစစ်ထားမှုများအရ ထည့်ပေးရမည့် ဓာတ်မြေဩဇာနှုန်းထားကို ထည့်ပေးခြင်းဖြင့် မလိုအပ်သော ကုန်ကျစရိတ်များကိုရှောင်လွှဲနိုင်သည်။ ဤနည်းစနစ်တွင် တောင်သူအနေဖြင့် ကွဲပြားသော ကွင်းအခြေအနေများထဲမှာ မိမိစိုက်ခင်းမြေဆီလွှာအဆင့်အတန်းနှင့် လိုက်ဖက်သော တိကျသေချာသည့် အပင်အာဟာရဖြည့်ဆည်းမှုကိုပြုလုပ်နိုင်ပြီး ကောင်းမွန်သော အောင်မြင်သည့် စိုက်ပျိုးထုတ်လုပ်မှုကို တည်ဆောက်နိုင်သည်။

**၆။ အဏုဇီဝအားဖြည့်မှုဖြင့် ထည့်ပေးခြင်း**

အဏုဇီဝလှုပ်ရှားဆောင်ရွက်မှုများကို အားဖြည့်ဆောင်ရွက်စေမှုလုပ်ငန်းစဉ်ကို ထည့်သွင်းပေးခြင်း (ဥပမာ-ပဲမျိုးစေ့များကို ရိုင်ဇိုဘီယမ်မှိုဖြင့် လူးနယ်စိုက်ပျိုးခြင်းမျိုး)ဖြင့် သင့်တင့်မျှတသောအပင်ပေါက်ရောက်မှုကိုရရှိစေပြီး နိုက်ထရိုဂျင်ဓာတ်စုဆောင်းအသုံးချမှုကို အကျိုးရှိစေနိုင်ခြင်း၊ ထို့ပြင် ပဲပင်ကြီးထွားသန်စွမ်းမှုကိုပါ အထောက်အကူရရှိ၍ အထွက်နှုန်းကို တိုးတက်စေသလို နိုက်ထရိုဂျင်ထည့်ပေးရမှု ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်သည်။

**စီမံခန့်ခွဲမှုနည်းစနစ်ကိုအကျိုးရှိရှိကျယ်ပြန့်စေရန်**

(က) မြေဆီလွှာဓာတ်ခွဲစစ်ဆေးခြင်းပြုလုပ်ပါ။ မြေဆီလွှာကို ဓာတ်ခွဲစစ်ဆေး၍ မြေထဲရှိ အပင်အာဟာရဓာတ်များ၏ အနေအထားကိုသိရှိထားသောကြောင့် လိုအပ်မည့်အာဟာရဓာတ်ကိုသာ ဖြည့်ဆည်းပေးရသောကြောင့် ကုန်ကျစရိတ် ၂၀ ရာနှုန်းမှ ၃၀ ရာနှုန်းထိ လျှော့ချနိုင်သည်။

(ခ)မြေဆီလွှာကိုဖုံးလွှမ်းပေးသော မြေဖုံးပင်များ စိုက်ပျိုးခြင်းနှင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများထည့်၍ အသုံးပြုပေးခြင်းဖြင့် သဘာဝမြေဆွေးဓာတ်များ မြေဆီလွှာထဲသို့ရောက်ရှိစေနိုင်သည်။ ၎င်းတို့ရှိခြင်းကြောင့် မြေဆီလွှာ၏ ဖွဲ့စည်းတည်ဆောက်မှုတိုးတက်စေကာ မြေဆီလွှာအတွင်းရောက်ရှိပြီးသော အာဟာရဓာတ်များကို တဖြည်းဖြည်းထုတ်လွှတ်ပေး၍အပင်မှစားသုံးနိုင်သည့်အခြေအနေကို ရရှိစေသည်။ထိုအခြေအနေမျိုးမှာ ဓာတ်မြေဩဇာများဖြည့်ပေးရမှုကို လျှော့ချနိုင်သည်။

(ဂ) စိုက်ခင်းတစ်ခုပေါ်တွင် သီးနှံများအလှည့်ကျစိုက်ပေးခြင်းဖြင့် စိုက်ခင်းမြေဆီလွှာတစ်ခုတွင် မြေထဲရှိပြီး အာဟာရဓာတ်များ အထက်အောက်ပြောင်းလဲစေရန်၊ အမြစ်တို၊ အမြစ်ရှည် သီးနှံပင်များ၊ အရွက်စား၊ ဥစား၊ အနှံစား သီးနှံပင်များ၊ ပဲမျိုးရင်းဝင် သီးနှံပင်များ၊ စားကျက်သီးနှံနှင့် သီးပင် စားပင်အမျိုးမျိုးကို စီမံချက်ချအလှည့်ကျစိုက်ပျိုးပေးခြင်းဖြင့် မြေတွင်း အာဟာရဓာတ်ကို ညီမျှစေပြီး၊ မြေဆီဖွံ့ဖြိုးတိုးတက်စေနိုင်သည်။ နိုင်ငံရပ်ခြားစိုက်ကွင်းကျယ်စနစ်ဖြင့် စိုက်ပျိုးကြသူများမှာ စားကျက်ခင်းတစ်လှည့်သီးနှံထုတ်လုပ်မှုတစ်လှည့် ဆောင်ရွက်ခြင်း ပြုလုပ်ကြပြီး ရေရှည်စိုက်ပျိုးထုတ်လုပ်မှုကို ဆောင်ရွက်နေကြသည်။ သီးလှည့်သီးညှပ်စိုက်ပျိုးမှုများတွင် ပဲမျိုးဝင်သီးနှံပင်များထည့်၍ စိုက်ပျိုးပေးမှုဖြင့် ပဲမြစ်ဖုများမှ နိုင်ထရိုဂျင်ဓာတ်စုဆောင်းပေးမှုကြောင့် အတူစိုက်သီးနှံပင်အတွက်လည်းကောင်း၊ ပဲရိတ်သိမ်းအပြီးစိုက်သော သီးနှံပင်အတွက်လည်းကောင်း နိုက်ထရိုဂျင်ဓာတ်ကိုရရှိစေနိုင်၍ နိုက်ထရိုဂျင်ဓာတ်မြေဩဇာထည့်ပေးရမှုကို လျှော့ချပေးနိုင်သည်။ ရေရှည်ဆောင်ရွက်ပေးနိုင်ပါက မြေဆီလွှာအာဟာရဓာတ်ကို စုဆောင်းပေးပြီးဖြစ်၍ မြေဆီလွှာဖွံ့ဖြိုးမှုရရှိနိုင်သည်။

(ဃ) မြေတွင်းကျောက်သားကြေပျက်မှုတိုးပွားစေခြင်းဖြင့် မြေဆီလွှာအတွင်းတည်ရှိနေသော ဆိလီကိတ်များကဲ့သို့ ကျောက်သားများကြေကွဲလာရာမှ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်နှင့် ဖော့စဖရတ်ကဲ့သို့ အစိုင်အခဲများထုတ်လွှတ်၍ မြေတွင်ကာဗွန်စုဆောင်းမှုစနစ်ကို ကျယ်ပြန့်လာစေနိုင်သည်။

**၇။ မြေဆီလွှာဖုံးလွှမ်းစိုက်ပျိုးခြင်း**

မြေဆီလွှာတွင်း အစိုဓာတ်လုံလောက်စွာရှိနေခြင်းအားဖြင့် အပင်မှလိုအပ်နေမည့် အာဟာရဓာတ်များ အပင်တွင်းဝင်ရောက်မှုကောင်းမွန်စေသည်။ ထို့ကြောင့် မြေပြင်မှရေဆုံးရှုံးမှုလျော့နည်းစေရန် မြေပြင်ဖုံးလွှမ်းပေးခြင်းသည် အစိုဓာတ်အလွယ်တကူပျောက်ဆုံးခြင်းကို ဟန့်တားပေးနိုင်ပြီး အပင်အမြစ်များမှ အစာ၊ ရေရရှိမှုတိုးပွားစေနိုင်သည်။

မြေဆီလွှာတွင် ဖုံးအုပ်ကာကွယ်ပေးခြင်း အကျိုးကျေးဇူးများကိုကြည့်လျှင် မြေ၏ဝန်းကျင်အခြေအနေအားဖြင့် မြေတွင်းရေကိုထိန်းသိမ်းထားနိုင်ခြင်း၊ ရေငွေ့ပြန်ဆုံးရှုံးမှုလျှော့ကျစေနိုင်ခြင်း၊ မြေတွင်းအပူချိန်ကို မျှတစေခြင်း၊ အင်းဆက်နှင့်ပိုးမွှားခံနိုင်ရည်ထိန်းချုပ်ထားနိုင်ခြင်း၊ ပေါင်းပေါက်ရောက်မှုကိုထိန်းထားနိုင်ခြင်း၊ မြေဆီလွှာ ကျန်းမာရေးကိုတိုးတက်စေခြင်း၊ မြေဆီလွှာတွင်း အာဟာရဓာတ်အဆင့်အတန်း တိုးတက်စေခြင်းတို့ကို တွေ့မြင်နိုင်သည်။

မြေဆီလွှာကို ဖုံးအုပ်ကာကွယ်ပေးခြင်းအားဖြင့် စီးပွားရေးဆိုင်ရာ အကျိုးပြုမှုကို လေ့လာသော သီးနှံအထွက်နှုန်းများပြားစေခြင်း၊ သီးနှံ၏အရည်အသွေးမြင့်မားစေခြင်း၊ ရေကိုသုံးပြုနိုင်စွမ်းတိုးတက်စေခြင်း၊ရေထိန်းသိမ်းနိုင်စွမ်းအားတိုးတက်စေခြင်း၊ သီးနှံကို စောစောရိတ်သိမ်းနိုင်ခြင်း၊ အကျိုးအမြတ်များတိုးပွားစေခြင်း စသည့်ကျေးဇူးများကို ရရှိစေသည်။

သီးနှံစိုက်ခင်းတွင် အပင်ခြေမှာ မြေဆီလွှာဖုံးလွှမ်းပေးရာမှာလည်း သတိပြုဆောင်ရွက်ရန် လိုအပ်သည်။ အပင်ခြေကိုလုံးဝဖုံးအုပ်ထားခြင်မျိုး မဟုတ်ဘဲ အပင်ခြေမှခွာ၍ ဖုံးပေးရမည်။ ပုံတွင် နှိုင်းယှဉ်ဖော်ပြထားသည့်အတိုင်း အပင်ခြေမှခွာပြီး ရွက်အုပ်မိုးအဝန်းဝိုင်းတွင် အရွက်အုပ်မိုးမှု (နှစ်လက်မမှ လေးလက်မ)အထူထား၍ ဖုံးပေးသင့်သည်။

**၈။ မြေဆီလွှာဖုံးလွှမ်းစိုက်ပျိုးခြင်း**

မြေဖုံးပေးသည့်အကျိုးကျေးဇူးအနေနှင့်မြေဆီလွှာတွင်း အပင်အာဟာရဓာတ်တိုးပွားစေခြင်း၊ ပေါင်းပေါက်ရောက်မှုကို ထိန်းချုပ်ပေးနိုင်ခြင်း၊ မြေတွင်းရေအစိုဓာတ်ကိုတိုးပွားစေခြင်း၊ အဏုဇီဝသက်ရှိများ လှုပ်ရှားမှုအတွက် သင့်တော်သောအခြေအနေကိုဖန်တီးပေးနိုင်ခြင်း၊ မြေဆီလွှာတိုက်စားမှုကို ဟန့်တားထားနိုင်ခြင်း၊ မြေဆီအရည်အသွေးတိုးတက်စေခြင်း၊ အပင်မှနိုက်ထရိုဂျင်ရရှိနိုင်မှုတိုးတက်စေခြင်း၊ အပင်အာဟာရဓာတ်များစိမ့်ဝင်ပျောက်ဆုံးမှုကို လျော့နည်းစေခြင်း၊ သီးနှံအထွက်တိုးစေပြီး အစောရိတ်သိမ်းနိုင်ခြင်းရလဒ်များ ရရှိစေနိုင်သည်။

မြေဖုံးပေးသည့်အတွက် အဟန့်အတားဖြစ်စေသောအကြောင်းတရားများမှာ ထုတ်လုပ်မှုကုန်ကျစရိတ် အနည်းငယ် မြင့်တက်စေသည်။ မြေပြင်သို့ နေရောင်ခြည်ထိတွေ့မှုလျော့ကျ၍ မြေတွင်းပူနွေးဓာတ်ရရှိရန်အချိန်ယူရသည်။ မြေလွှာဖုံးထားသည့် ဝန်းကျင်တွင် အပူချိန်လျော့၍ အေးမြခြင်းကိုဖြစ်စေသည်။ ဖုံးလွှမ်းရန်အသုံးပြုသော အပင်များမှ ပြန်လည်ကြီးထွားရှင်သန်မှုမျိုးကြောင့် မလိုလားအပ်သော အရိုင်းဖြစ်ပေါ်မှုကိုခံစားရမည်။ ခရု၊ ပက်ကျိများ ခိုအောင်းဖျက်ဆီးမှုဖြစ်စေတတ်သည်။ ပလပ်စတစ်ဖြင့်ဖုံးအုပ်ခြင်းပြုလုပ်ပါက ပြန်လည်ဖယ်ရှားရန်ခက်ခဲခြင်းနှင့် ကုန်ကျစရိတ်မြင့်မားခြင်းတို့ဖြစ်စေသည်။ မြေဆီလွှာဖုံးလွှမ်းပေးရန် အထူးစီမံခန့်ခွဲရမှုနှင့် ကိရိယာပစ္စည်းလိုအပ်ချက်များရှိနိုင်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

# ညောင်ရွှေမြို့နယ်ရှိ အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံပွဲကို အောက်တိုဘာလတွင် ကျင်းပမည်



ယခင်နှစ်က အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံပွဲကို တွေ့ရစဉ်။

**ညောင်ရွှေ ဩဂုတ် ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ထုံးတမ်းအစဉ်အလာအတိုင်း ၂၁ ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံပွဲကို အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်ကြောင်း အင်းလေးဖောင်တော်ဦး ဘုရားဂေါပကအဖွဲ့ဝင် စိုင်းထွန်းရီထံမှ သိရသည်။

အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီ အပူဇော်ခံပွဲကို အောက်တိုဘာ ၁၂ ရက်မှ ၂၉ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံပွဲကို တိုင်းရင်းသားရိုးရာ အစဉ်အလာအတိုင်း ကျင်းပမှာဖြစ်ပြီး အင်းသားရိုးရာလှေပြိုင်ပွဲကိုလဲ ထည့်သွင်းကျင်းပဖို့စီစဉ်ထားပါတယ်။ အင်းလေးဖော်တော်ဦးရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံမဲ့ အစီအစဉ်ကတော့ အောက်တိုဘာလထဲမှာကျင်းပသွားမယ်။ ဩဝါဒစရိယဆရာတော်ကြီးတွေ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင် ဆရာတော်တွေနဲ့ ဂေါပကအဖွဲ့တွေ ပထမအကြိမ် အစည်းအဝေး ပြုလုပ်ပြီးပါပြီ။ နောက်ထပ် အစည်းအဝေးကြီး တစ်ကြိမ်တော့ ထပ်လုပ်အုံးမယ်။ ပွဲတော်ကျင်းပဖို့ ရက်သတ်မှတ်ပြီးပါပြီ"ဟု ဂေါပကအဖွဲ့ဝင် စိုင်းထွန်းရီက ပြောပြသည်။

အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များကို ရှမ်းပြည်နယ် ညောင်ရွှေဒေသနေ ပြည်သူများ ကုသိုလ်တရားတိုးပွားစေရန် ရည်သန်၍ ဒေသစာရီကြွချီအပူဇော်ခံခြင်းဖြစ်ကြောင်း သိရသည်။ ASH

# Sleepover ထိတ်လန့်သည်းဖိုဇာတ်ကားကို ဒါရိုက်တာ ဂျက်ကော့ချေ့ တာဝန်ယူရိုက်ကူးမည်

**နယူးယောက် ဩဂုတ် ၃၀**

Blumhouse ရုပ်ရှင်ကုမ္ပဏီ၏ Sleepover အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားကို ဒါရိုက်တာ ဂျက်ကော့ချေ့က တာဝန်ယူရိုက်ကူးပေးမည် ဖြစ်ကြောင်း ဩဂုတ် ၂၉ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ ဂျက်ကော့ချေ့သည် Blumhouse ကုမ္ပဏီက လက်ရှိရုံတင်ပြသနေသော Insidious: Out of the Further ဇာတ်ကားကို ရိုက်ကူးပေးသည့် ဒါရိုက်တာဖြစ်သည်။

Sleepover ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဂျက်ကော့ချေ့က ဇာတ်ညွှန်းရေးဆရာ ဘရိုက်မက်ဂီရီနှင့် ပူးတွဲရေးသားထားပြီး လက်ရှိတွင် အဆိုပါဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Blumhouse ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် Sleepover ဇာတ်ကားကို ၂၀၂၇ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ရုံတင်ပြသရန် Blumhouse ကုမ္ပဏီက စီစဉ်ထားသည်။

လက်ရှိ ရုံတင်ပြသနေသည့် Insidious: Out of the Further ဇာတ်ကားသည် လက်ရှိတွင်ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၃ သန်းထိရရှိထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ Live Show တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ ပြုလုပ်မည်ဖြစ်

**ရန်ကုန် ဩဂုတ် ၃၀**

တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ Live Show တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင် ဝိုင်းစုခိုင်သိန်းက ပြောပြ၍ သိရသည်။

တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ Live Show တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ သီဆိုဖျော်ဖြေမှုများကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်သွားမည်ဖြစ်ကြောင်း သိရသည်။




"Daily Gita Band တေးဂီတအဖွဲ့နဲ့အတူ အမိုက်စား Live Show ပွဲကို စက်တင်ဘာ ၆ ရက်ညနေ ၆ နာရီမှာ Transporter Bar မှာ စတင်ဖျော်ဖြေဖို့ရှိပါတယ်။ ချစ်ရတဲ့အမျိုးတွေနဲ့ အပျော်ရွှင်ဆုံးညတစ်ညကိုဖန်တီးဖို့ မအားတဲ့ကြားက အချိန်ပေးပြီး လာရောက် ဖျော်ဖြေမှာဖြစ်လို့ လုံးဝလက်လွှတ်ခံလို့မရဘူးနော်" ဟု တေးသံရှင် ဝိုင်းစုခိုင်သိန်းက ပြောပြသည်။

တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ Live Show တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို Transporter Bar ၌ စက်တင်ဘာ ၆ ရက် ညနေ ၆ နာရီတွင် စတင်ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Spider-Man:Brand New Day ဇာတ်ကား သမိုင်းတစ်လျှောက် ပြည်တွင်းဝင်ငွေ တတိယအကောင်းဆုံးဇာတ်ကား ဖြစ်လာ

**နယူးယောက် ဩဂုတ် ၃၀**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Spider-Man: Brand New Day ဇာတ်ကားသည် Spider- Man: No Way Home(2021)ဇာတ်ကားကို ကျော်ဖြတ်၍ သမိုင်းတစ်လျှောက် ပြည်တွင်းဝင်ငွေ တတိယအကောင်းဆုံး ဇာတ်ကားဖြစ်လာကြောင်း ဩဂုတ် ၂၉ ရက် သတင်းများအရ သိရသည်။

Spider- Man: Brand New Day ဇာတ်ကား၏ ပြည်တွင်းဝင်ငွေ စုစုပေါင်းမှာ ဩဂုတ် ၂၃ ရက်ထိ အမေရိကန်ဒေါ်လာ ၈၅၄ ဒသမ ၉ သန်းထိရရှိထားသည်။

Spider- Man: Brand New Day ဇာတ်ကားကို ဇူလိုင် ၃၁ ရက်တွင် စတင်ရုံတင်ပြသခဲ့ပြီး အဆိုပါဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေအမေရိကန်ဒေါ်လာ ၂ ဒသမ ၂၂ ဘီလီယံထိရရှိထားရာ ကမ္ဘာတစ်ဝန်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်ဇာတ်ကားအဖြစ် ရပ်တည်နေသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဒက်စတင်းဒန်နီရယ်ခရက်တန်က ရိုက်ကူးပေးထားပြီး မင်းသား တွမ်ဟော်လန်း၊ မင်းသမီး ဇန်ဒါယားနှင့် ဆာဒီးဆင့်တို့ ပါဝင်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ဒုတိယအကြိမ် ချင်းမိုင်နိုင်ငံတကာရုပ်ရှင်ပွဲတော် ၂၀၂၅ တွင် မြန်မာနိုင်ငံမှ ညမွှေးပန်းကလေးရဲ့ကျောက်ပုစွန်နှင့် ကံကောင်းရုပ်ရှင်ဇာတ်ကားတို့ ပြသခဲ့

**ရန်ကုန် ဩဂုတ် ၃၀**

ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် ချင်းမိုင် နိုင်ငံတကာရုပ်ရှင်ပွဲတော် ၂၀၂၅တွင် မြန်မာနိုင်ငံမှ ညမွှေးပန်းကလေးရဲ့ ကျောက်ပုစွန်နှင့် ကံကောင်း ရုပ်ရှင်ဇာတ်ကားတို့ ပြသခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

ဒုတိယအကြိမ် ချင်းမိုင် နိုင်ငံတကာရုပ်ရှင်ပွဲတော် ၂၀၂၅ ကို ဩဂုတ် ၂၈ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါပွဲတော်တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ချင်းမိုင်မြို့၏ ညှိနှိုင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံမှ ရုပ်ရှင်ကား နှစ်ကားဖြစ်သည့် ညမွှေးပန်းကလေးရဲ့ ကျောက်ပုစွန်နှင့် ကံကောင်းရုပ်ရှင်ဇာတ်ကားတို့ ပါဝင်ပြသခဲ့ကာ အဆိုပါ ရုပ်ရှင်ဇာတ်ကားများ၏ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ညှိနှိုင်းပြီးတော့ နိုင်ငံတကာရုပ်ရှင်ပွဲတော်တွေမှာပြသမဲ့ မြန်မာရုပ်ရှင်ဇာတ်ကားတွေကို ရွေးချယ်ပြီးပြသနေပါတယ်။ ဟောင်ကောင်ဒေသမှာ လုပ်တဲ့ ၂၀၂၆ ခုနှစ် အာဆီယံရုပ်ရှင်ပွဲတော်မှာလဲ မြန်မာရုပ်ရှင်ဇာတ်ကားတစ်ကားကို ပြသခွင့်ရခဲ့ပါတယ်။ ဒုတိယအကြိမ် ချင်းမိုင်နိုင်ငံတကာရုပ်ရှင်ပွဲတော် ၂၀၂၆ မှာတော့ မြန်မာရုပ်ရှင်ဇာတ်ကား နှစ်ကား ပြသခွင့်ရခဲ့ပါတယ်" ဟု ဦးအေးကြူလေးက ပြောပြသည်။

ညမွှေးပန်းကလေးရဲ့ ကျောက်ပုစွန်ရုပ်ရှင်ဇာတ်ကားသည် ပြည်တွင်း၌မပြသမီ ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ကျင်းပခဲ့သည့် FLY Film Festival 2025 တွင် ရွေးချယ်ပြသခြင်းခံခဲ့ရသော ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ကံကောင်း ရုပ်ရှင်ဇာတ်ကားသည် ၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု၊ အကောင်းဆုံး ရုပ်ရှင်ခေတ်ပုံဆု၊ အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု ရရှိခဲ့သော ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။ ASH

# Taze Township plans to cultivate more than 3,000 acres of sunflower



A view of a thriving sunflower plantation in Taze Township.

**Taze August 30**

Local farmers decided to grow more than 3,000 acres of sunflower in Taze Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 upcoming winter crop cultivation season, Taze Township has set a target to grow 3,189 acres of sunflower, with cultivation scheduled to begin in October this year and continue through December.

"This year, more than 3,000 acres of sunflower are targeted for cultivation in Taze Township during the upcoming winter crop cultivation season. We will make efforts to ensure that the targeted acreage is fully planted. To reduce reliance on imported palm oil, we will promote the expansion of sunflower cultivation as an oilseed crop. Sunflower produces more oil per acre than other oilseed crops such as groundnut and sesame," said U Ohn Kyaw Myint, Head of the Taze Township Agriculture Department.

To expand sunflower cultivation in Taze Township, the Township Agriculture Department will step up awareness and training programmes and intensify capacity-building training for staff and farmers who plan to grow sunflower.

This year, arrangements are being made to provide sunflower growers with seeds, sell urea fertilizers at affordable prices, and distribute sunflower varieties through farmer-to-farmer seed exchange systems. 206

# Kanbalu Township plans cultivation of more than 38,000 acres of black gram

**Kanbalu August 30**

This year, more than 38,000 acres of black gram will be cultivated in Kanbalu Township, Sagaing Region, during the upcoming winter crop cultivation season, according to figures from the Kanbalu Township Agriculture Department.

During the 2026-2027 winter crop cultivation season, Kanbalu Township has set a target to grow 38,537 acres of black gram, with cultivation scheduled to begin in October this year and continue through December.

"This year, more than 38,000 acres of black gram are targeted for cultivation in Kanbalu Township during the upcoming winter crop cultivation season. We will make efforts to ensure that the targeted acreage is fully planted. During the black gram cultivation period, we will also provide on-the-ground technical assistance, including the necessary cultivation techniques, quality seeds, and methods for preventing pest and disease infestations," said U Myo Myint, Head of the Kanbalu Township Agriculture Department.

The Kanbalu Township Agriculture Department will provide awareness and technical assistance to black gram growers on obtaining quality and pure varieties suitable for local conditions, applying proper cultivation methods, preventing pest infestations, using fertilizers systematically, and improving crop yields.

Staff from the township Agriculture Department join hands with local farmers in carrying out collection of quality strains of crops, inputs and post-harvest technology for boosting production of bean.

206

# Indaw Township to plant more than 3,000 acres of vegetables in coming winter

**Indaw August 30**

Statistics from Indaw Township Agriculture Department in Sagaing Region stated that local farmers will place more than 3,000 acres of croplands under vegetables in coming cold season in Indaw Township.

Indaw Township has set a target to grow 3,522 acres of vegetables during the 2026-2027 winter crop cultivation season, with cultivation scheduled to begin in October this year and continue through December.

"This year, more than 3,000 acres of vegetables are targeted for cultivation in Indaw Township during the upcoming winter crop cultivation season. The crops include mustard, chilli, spices, potato, cauliflower, eggplant and cabbage. Farmers are being provided with technical assistance so that all vegetables can be grown in accordance with Good Agricultural Practices (GAP). We will also provide farmers with techniques to grow all vegetables in a health-conscious manner while minimizing chemical residues," said U Thein Khaing, Head of the Indaw Township Agriculture Department.

This year, the Indaw Township Agriculture Department will provide vegetable growers with technical training on GAP cultivation methods, as well as technical assistance to ensure that vegetables produced from their farms are safe and healthy for consumption. It will also take measures to encourage farmers to expand vegetable cultivation.

Various kinds of vegetables are grown seasonally in Indaw Township every year, and successful cultivation provides farmers with family income. The Township Agriculture Department will provide farmers who plan to grow vegetables with awareness training on proper cultivation methods, prevention of pest infestations, and the preparation and use of organic fertilizers, natural pesticides and pest repellents.

206

# Netanyahu issues rare condemnation of settler violence in West Bank

**Jerusalem August 30**

Israeli Prime Minister Benjamin Netanyahu on Saturday issued a rare condemnation of settler violence in the West Bank, calling attacks in the Palestinian villages of Qusra and Jalud "criminal" and urging authorities to arrest those responsible.

"I strongly condemn the criminal acts of violence committed in the villages of Qusra and Jalud," Netanyahu said in a statement, calling the attackers as "a handful of rioters who are violating the law."

Netanyahu said these attacks "harm Israel's international standing" and interfere with the military's operations in the West Bank.

The condemnation came after multiple Palestinians were reportedly injured on Saturday in attacks by Israeli settlers across the West Bank.

Dozens of masked Israeli settlers raided Qusra, injuring several Palestinians in the latest wave of settler violence, according to reports.

In nearby Jalud, settlers attacked a Palestinian family and foreign journalists, vandalizing their vehicle and physically assaulting crew members, according to activist Bashar al-Qaryouti.

More than half a million Israeli settlers live in the West Bank, which Israel occupied in 1967, alongside about 3.4 million Palestinians, according to Palestinian and Israeli sources.

The UN Office for the Coordination of Humanitarian Affairs documented more than 1,330 settler attacks causing Palestinian casualties or property damage across the occupied West Bank from the start of 2026 to late July, an average of more than six incidents a day. Xinhua

# Iran's president says peace MoU with U.S. in interests of Tehran

**Tehran August 30**

Iranian President Masoud Pezeshkian said on Saturday the peace memorandum of understanding (MoU) signed between Iran and the United States is in the interests of the country, West Asia and the world.

During a ceremony in the Iranian capital Tehran, he stressed that with the MoU's implementation, the United States and Israel will not be able to cause chaos, aggression and insecurity in the region, and regional states will be able to pursue the path of stability and development, according to a statement published on the website of his office.

Pezeshkian highlighted the need for foiling the "enemies' sinister plots" through promoting unity and solidarity among Muslim states.

He said that Iran has never been the party to start a war, adding, "We do not welcome war, but will stand strongly against any aggressor, and no power can force a nation that is standing with all its might and will into surrender."

Also on Saturday, Iranian Foreign Minister Seyed Abbas Araghchi warned in a social media post that "major" efforts are underway to manipulate global energy markets for personal gains and prolong the U.S. war against Iran.

Separately, Iran's Islamic Revolution Guard Corps announced on the same day that the country's security forces have dealt a "decisive" blow to a "terrorist" team affiliated with the United States and Israel in southeastern Sistan and Baluchestan province, killing one of its members and arresting six others. Xinhua

# Mingin Township prepares cultivation of more than 3,000 acres of vegetables in coming cold season



A thriving vegetable plantation in Mingin Township.

**Mingin August 30**

The Township Agriculture Department in Mingin Township of Sagaing Region stated that local farmers will grow more than 3,000 acres of vegetables in the township in coming cold season.

During the 2026-2027 winter crop cultivation season, Mingin Township has set a target to grow 3,970 acres of vegetables, with cultivation scheduled to begin in October this year and continue through December.

"This year, more than 3,000 acres of vegetables are targeted for cultivation in Mingin Township during the upcoming winter crop season. The crops include mustard, chilli, spices, potato, cauliflower, eggplant and cabbage. Farmers are being provided with technical assistance so that all vegetables can be grown in accordance with Good Agricultural Practices (GAP). We will also provide farmers with techniques to grow all vegetables in a health-conscious manner while minimizing chemical residues," said U Shan Oak Keim, Head of the Mingin Township Agriculture Department.

This year, the Mingin Township Agriculture Department will provide vegetable growers with technical training on GAP cultivation methods, as well as technical assistance to ensure that vegetables produced from their farms are safe and healthy for consumption. It will also take measures to encourage farmers to expand vegetable cultivation.

Vegetables of various kinds are grown seasonally in Mingin Township every year, and successful cultivation provides farmers with family income. The Township Agriculture Department will provide farmers who plan to grow vegetables with awareness training on proper cultivation methods, prevention of pest infestations, and the preparation and use of organic fertilizers, natural pesticides and pest repellents. 206

# Local farmers to grow more than 15,000 acres of winter sesame in ChaungU Township

**ChaungU August 30**

ChaungU Township Agriculture Department in Sagaing Region stated that local farmers will cultivate more than 15,000 acres of winter sesame in the township this year.

During the 2026-2027 winter crop cultivation season, ChaungU Township has set a target to grow 15,400 acres of winter sesame, with cultivation scheduled to begin in October this year and continue through December.

"This year, more than 15,000 acres of winter sesame are targeted for cultivation in ChaungU Township during the winter crop cultivation season. We will make efforts to ensure that the targeted acreage is fully planted. Sesame cultivation has been increasing from year to year. Sesame is mainly cultivated in the winter rather than the rainy season. As an oilseed crop, its cultivation is in a successful position," said U Tint Swe, Head of the ChaungU Township Agriculture Department.

This year, the ChaungU Township Agriculture Department will conduct awareness activities for sesame growers on expanding sesame cultivation, proper cultivation methods, growing sesame in accordance with Good Agricultural Practices (GAP), using quality and pure seeds, and selecting high-yielding varieties.

Crops produced under the GAP system offer benefits such as better quality and higher prices than those cultivated using other methods, as well as opportunities to be sold not only in domestic markets but also exported to international markets. Therefore, farmers who adopt GAP practices can achieve greater economic benefits and improve their livelihoods and socioeconomic conditions. 206

# Plan underway to grow more than 35,000 acres of chickpea in Yinmabin Township

**Yinmabin August 30**

Local authorities have earmarked cultivation of more than 36,000 acres of chickpea as cold season crops in Yinmabin Township of Sagaing Region this year, according to the township Agriculture Department.

Yinmabin Township has set a target to grow 36,045 acres of chickpeas during the 2026-2027 winter crop cultivation season, with cultivation scheduled to begin in October this year and continue through December.

"This year, more than 36,000 acres of chickpeas are targeted for cultivation in Yinmabin Township during the upcoming winter crop season. We will make efforts to ensure that the targeted acreage is fully planted. Chickpea cultivation has been increasing from year to year. To improve the yield and quality of pulses, we will work in cooperation with farmers to provide quality and pure seeds, agricultural inputs, post-harvest technologies and other necessary assistance," said U Hla Myint, Head of the Yinmabin Township Agriculture Department.

It is reported that farmers select Yezin-8 and Yezin-11 chickpea varieties that are suitable for local conditions and produce good yields. The cost of cultivating one acre of chickpeas is more than K300,000.

During this year's winter crop cultivation season, efforts are being made in cooperation with farmers to provide quality and pure seeds, agricultural inputs, post-harvest technologies and other necessary assistance to improve the yield and quality of various pulse crops. In addition, extension activities will be conducted through linkages with model farmers to encourage the use of beneficial Trichoderma fungi in pulse cultivation.

Sagaing Region has the largest area of pulse cultivation and production in the country. In addition to being a major crop in the region, various pulses can also be grown as multiple or intercropped crops. Therefore, farmers continue to cultivate pulses as income-generating crops. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Mawlaik Township to plant more than 3,000 acres of maize and sweet corns

**Mawlaik August 30**

Statistics of Mawlaik Township Agriculture Department in Sagaing Region stated that local authorities earmarked cultivation of more than 3,000 acres of maize and sweet corns as cold season crops in Mawlaik Township.

Local authorities set plans to grow 485 acres of maize and 3,015 acres of sweet corns, totalling 3,500 in Mawlaik Township in 2026-27 season.

"This year, more than 3,000 acres of maize and sweet corn are targeted for cultivation in Mawlaik Township during the upcoming winter crop cultivation season. We will make efforts to ensure that the targeted acreage is fully planted. At present, maize cultivation has exceeded the targeted acreage. We will conduct awareness activities to ensure successful growth of the maize crops and provide farmers with knowledge on preventing pest and disease infestations," said U Kyaw Sein Oo, Head of the Mawlaik Township Agriculture Department.

This year, the Mawlaik Township Agriculture Department will provide training and conduct field demonstrations for farmers growing maize and sweet corn. It will also provide awareness on preventive measures against fall armyworm infestations, integrated pest management practices, and the use of neem-based pesticides as well as ginger- and chilli-based pest repellents, along with other agricultural techniques.

In Mawlaik Township, maize cultivation produces more than 50 baskets per acre, with cultivation costs amounting to about K500,000 per acre. Sweet corn yields about 15,000 ears per acre, while the cultivation cost is more than K500,000 per acre. 206



This photo shows a maize plantation in Mawlaik Township.

# အိန္ဒိယနိုင်ငံက BAE Hawk လေ့ကျင့်ရေးလေယာဉ်များနေရာအစားထိုးရန် Jet Trainer လေယာဉ်အစင်း ၁၅၀ ဝယ်ယူမည်



အိန္ဒိယအစိုးရသည် အိန္ဒိယလေတပ်အတွက် BAE Hawk လေ့ကျင့်ရေးလေယာဉ်များနေရာ အစားထိုးရန်အတွက် Jet Trainer လေယာဉ်အစင်း ၁၅၀ ခန့် ဝယ်ယူမည်ဖြစ်ပြီး လေယာဉ်မှူးများ၏ အဆင့်မြင့် စစ်ရေးလေ့ကျင့်မှုကို ခေတ်မီအောင် ပြင်ဆင်နေကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဝယ်ယူရေးအစီအစဉ်သည် ၂၀၀၈ ခုနှစ်မှစတင်၍ အဆင့်မြင့်လေယာဉ်မှူး လေ့ကျင့်ရေးတာဝန်များကို ထမ်းဆောင်လာခဲ့သည့် BAE Systems Hawk Mk 132 လေ့ကျင့်ရေးလေယာဉ်များကို အစားထိုးရန်ဖြစ်သည်။

ယခုဝယ်ယူမည့် လေ့ကျင့်ရေးလေယာဉ်များ ရရှိပါက Rafale ၊ Tejas Mk-1A ၊ Sukhoi-30 MKI ကဲ့သို့သော စတုတ္ထမျိုးဆက်လွန် တိုက်လေယာဉ်များနှင့် ပဉ္စမမျိုးဆက် တိုက်လေယာဉ်များအပြင် နောက်ထပ်အဆင့်မြင့် တိုက်ခိုက်ရေးလေယာဉ် (AMCA) များကို မောင်းနှင်မည့် လေယာဉ်မှူးများအတွက် လိုအပ်သည့် အဆင့်မြင့်လေ့ကျင့်မှုများ ပေးနိုင်မည်ဖြစ်သည်။

အဆိုပါ လေ့ကျင့်ရေးလေယာဉ်များတွင် လိုအပ်သည့် အဓိကစွမ်းရည်များအနက် Fly-by-Wire ထိန်းချုပ်စနစ်၊ Digital Glass Cockpit၊ ခေတ်မီ Ejection Seat စနစ်နှင့် Full-Authority Digital Engine Control (FADEC) တို့ ပါဝင်မည်ဖြစ်သည်။

ထို့ပြင် Virtual Avionics၊ Electronic Warfare (EW) စနစ်များနှင့် အိန္ဒိယနိုင်ငံ၏ ကိုယ်ပိုင် NavIC ဂြိုဟ်တုလမ်းညွှန်စနစ်နှင့် တွဲဖက်အသုံးပြုနိုင်မှုတို့လည်း ပါဝင်မည်ဖြစ်သည်။ ထို့ပြင် 360 ဒီဂရီ ဒရုန်းပုံတူစက်များနှင့်လည်း ကိုက်ညီမှုရှိရမည်ဖြစ်ပြီး လက်တွေ့လေယာဉ်အသုံးပြုလေ့ကျင့်မှုနှင့် ပုံစံတူလေ့ကျင့်မှုများကို တစ်ချိန်တည်း ပေါင်းစပ်ဆောင်ရွက်နိုင်သည်။

စီမံကိန်းတွင် ပါဝင်ရန် စိတ်ဝင်စားသည့် စက်မှုလုပ်ငန်းမိတ်ဖက်များအနေဖြင့် ၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း အဆိုပြုချက်များ တင်သွင်းရမည်ဖြစ်ပြီး တရားဝင်အဆိုပြုချက်များကို ၂၀၂၇ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ရန် မျှော်မှန်းထားသည်။

အိန္ဒိယလေတပ်၏ ထုတ်ပြန်ချက်အရ စာချုပ်ချုပ်ဆိုပြီးနောက် လေယာဉ် ၁၅၀ စီးလုံးကို လ ၆၀ အတွင်း လွှဲပြောင်းပေးအပ်မှု ပြီးစီးရမည်ဖြစ်ပြီး အိန္ဒိယ၏ ကာကွယ်ရေး ပစ္စည်းဝယ်ယူရေးမူဝါဒနှင့်အညီ ပြည်တွင်းကျွမ်းကျင်သူများနှင့် နည်းပညာများကို အသုံးပြုကာ ထုတ်လုပ်သွားရမည်ဖြစ်သည်။ ထို့ပြင် နည်းပညာလွှဲပြောင်းပေးမှုကိုလည်း အစီအစဉ်တွင် ထည့်သွင်းထားသည်။

ဒေသတွင်း သတင်းရင်းမြစ်များ၏ ဖော်ပြချက်အရ ယခုအစီအစဉ်အတွက် အလားအလာရှိသည့် ပြည်တွင်းထုတ် HAL HLFT-42၊ Boeing-Saab T-7 Red Hawk၊ တောင်ကိုရီးယား၏ KAI T-50 Golden Eagle နှင့် အီတလီနိုင်ငံ၏ Leonardo M-346 Master တို့ ပါဝင်နိုင်ဖွယ်ရှိသည်။

အိန္ဒိယနိုင်ငံ၏ ယခုလုပ်ဆောင်မှုသည် လေကြောင်းကဏ္ဍတွင် တိုက်ခိုက်ရေးစွမ်းရည်နှင့် နည်းဗျူဟာမြောက်ထောက်ပံ့ရေးစွမ်းရည်များကို တိုးမြှင့်ရန် ဆက်တိုက်ဆောင်ရွက်နေသည့် အစီအစဉ်များနှင့် ဆက်စပ်နေသည်။

ထို့ပြင် ၂၀၂၁ ခုနှစ်က ချမှတ်ခဲ့သည့် မူဘောင်အစီအစဉ်အရ စစ်ဘက်သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအတွက် Airbus C-295 သယ်ယူပို့ဆောင်ရေးလေယာဉ်အစီး ၅၆ စီးထိ ထုတ်လုပ်ရန် ရည်ရွယ်ထားပြီး ပထမဆုံး ပြည်တွင်းထုတ် C-295 လေယာဉ်ကိုလည်း မကြာသေးမီက စတင်မိတ်ဆက်ခဲ့သည်။ အဆိုပါ တိုးတက်မှုများမတိုင်မီ ၂၀၂၅ ခုနှစ်နှောင်းပိုင်းတွင် အိန္ဒိယလေတပ်၏အကြီးစားလေကြောင်းမှ လောင်စာဆီဖြည့်တင်းရေးလေယာဉ် အစီအစဉ်အတွက် အစ္စရေးနိုင်ငံမှ ကန်ထရိုက်တာကုမ္ပဏီမှ ပါဝင်လာနိုင်ဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ ထို့ပြင် နည်းဗျူဟာလေကြောင်း လေ့ကျင့်မှုများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် လျှပ်စစ်စွမ်းအင်သုံး လေယာဉ်တစ်မျိုးကိုလည်း တီထွင်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**India Eyes 150 Advanced Jet Trainers to Replace BAE Hawks** ကို ဘာသာ ပြန်ဆိုထားပါသည်။

# လစ်သူရေးနီးယားနိုင်ငံက Vilnius မြို့အနီးတွင် အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် (NASAMS) ကို တပ်ဖြန့်ခဲ့

လစ်သူရေးနီးယားနိုင်ငံသည် Vilnius မြို့အနီးတွင် အဆင့်မြင့်လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ် (NASAMS) ကို တပ်ဖြန့်ချထားခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လစ်သူရေးနီးယားကာကွယ်ရေး ဦးစီးချုပ် General Raimundas Vaiksnoras က NASAMS လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည် ယခင် RBS-70 လက်နက်စနစ်ထက် ပစ်ခတ်နိုင်သည့် အကွာအဝေး၊ တုံ့ပြန်နိုင်သည့် အမြန်နှုန်းနှင့် ပစ်မှတ်တိုက်ခိုက်မှု တိကျမှုပိုမိုကောင်းမွန်ကြောင်း ပြောကြားခဲ့သည်။

ယခုတပ်ဖြန့်မှုသည် NATO မဟာမိတ်နိုင်ငံများ၏ အရှေ့ဘက်ခြမ်းဒေသများတွင် ဒရုန်းများ လေကြောင်းပိုင်နက်အတွင်း ဝင်ရောက်လာမှုများ ဖြစ်ပေါ်နေချိန်နှင့် တိုက်ဆိုင်နေသည်။

လစ်သူရေးနီးယားနိုင်ငံတွင် လက်ရှိ NASAMS လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် တပ်ခွဲနှစ်ခွဲရှိပြီး တတိယမြောက်တပ်ခွဲကို ၂၀၂၈ ခုနှစ်တွင် စတင်တပ်ဖြန့်နိုင်ရန် မျှော်မှန်းထားသည်။

Vilnius မြို့အနီး NASAMS လက်နက်စနစ် တပ်ခွဲများ တပ်ဖြန့်ထားခြင်းသည် လစ်သူရေးနီးယား၏ ကာကွယ်ရေးစွမ်းရည်ကို ပိုမိုခိုင်မာအားကောင်းစေရန် ဆောင်ရွက်နေသည့် ကျယ်ပြန့်သော ကာကွယ်ရေး မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

လစ်သူရေးနီးယားသည် NATO မဟာမိတ်နိုင်ငံများ၏ အရှေ့ဘက်ခြမ်းတွင် ပထဝီဝင်အနေအထားအရ အထူးထိခိုက်လွယ်သည့်အနေအထားရှိပြီး ရုရှားနှင့် လည်းကောင်း၊ ဘယ်လာရုစ်နှင့် လည်းကောင်း နယ်နိမိတ်ချင်းထိစပ်နေသည်။

လစ်သူရေးနီးယားကာကွယ်ရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ ၂၀၂၆ ခုနှစ် ကာကွယ်ရေးအသုံးစရိတ်သည် နိုင်ငံ၏ လွတ်လပ်ရေးသမိုင်းတစ်လျှောက် အမြင့်ဆုံးအဆင့်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ရေးအသုံးစရိတ်များထဲမှ တစ်စိတ်တစ်ပိုင်းကို NASAMS လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်များ ထပ်မံဝယ်ယူရေး၊ Piorun တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များ၊ (MSHORAD)များ၊ တာလတ်ရေဒါရှာစနစ်များနှင့် ဒရုန်းရှာဖွေခြင်းစနစ်နှင့် တန်ပြန်ကာကွယ်ခြင်းစနစ်များအတွက် အသုံးပြုသွားမည်ဖြစ်သည်။

ထို့ပြင် လစ်သူရေးနီးယားသည် NATO အဖွဲ့၏ ဟန့်တားရေးစွမ်းရည်အတွင်း ပါဝင်ဆောင်ရွက်နိုင်မည့် နယ်ပယ်များကိုလည်း ပြန်လည်သုံးသပ်နေသည်။

ယခုနှစ်အစောပိုင်းတွင် အစိုးရက နိုင်ငံအတွင်း နျူကလီးယားလက်နက်များ တပ်ဆင်ထားရှိမှုကို တားမြစ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကန့်သတ်ချက်ကိုဖယ်ရှားရန် အဆိုပြုခဲ့ပြီး လစ်သူရေးနီးယားအနေဖြင့် NATO အဖွဲ့၏ နျူကလီးယားဟန့်တားရေး မဟာဗျူဟာအတွင်း ပေါင်းစည်းပါဝင်ခဲ့သည်။



လစ်သူရေးနီးယားက Vilnius မြို့အနီးတွင် တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ် RBS-70 နေရာတွင် NASAMS ကို တပ်ဖြန့်ခြင်းသည် သာမန်လက်နက်စနစ် အစားထိုးခြင်းထက် ဒရုန်းနှင့် အခြားလေကြောင်းခြိမ်းခြောက်မှုများ တိုးမြင့်လာနေသည့် NATO မဟာမိတ်နိုင်ငံများ အရှေ့ဘက်ခြမ်းလုံခြုံရေးအခြေအနေကို တုံ့ပြန်သည့် လေကြောင်းရန် ကာကွယ်ရေးစွမ်းရည် မြှင့်တင်မှုတစ်ရပ်ဖြစ်သည်။ ထို့ပြင် ကာကွယ်ရေး အသုံးစရိတ်ကို GDP ၏ ၅ ရာခိုင်နှုန်းကျော်ထိ မြှင့်တင်ပြီး တာတို၊ တာလတ်နှင့် ဒရုန်းတန်ပြန်ရေး စနစ်များကို တစ်ပြိုင်နက်တည်း တိုးချဲ့နေခြင်းက လစ်သူရေးနီးယားအနေဖြင့် နယ်စပ်ဝန်းကျင်တွင် ကြိုတင်ဟန့်တားနိုင်စွမ်းနှင့် လေကြောင်းကာကွယ်ရေး ခံနိုင်ရည်ကို ပိုမိုမြှင့်တင်နေမှုကို ဖော်ပြနေကြောင်း သိရသည်။

**Lithuania Deploys Advanced Surface-to-Air Missile System Near Vilnius** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၅၂၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပန်းဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၅၂၂ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၅၂၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ပန်းဂေါ်ဖီ၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်စေဖို့၊ ကျန်းမာရေးနဲ့ကိုက်ညီဖို့ တောင်သူတွေကို နည်းပညာတွေ ပေးသွားပါမယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)




**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# အုတ်တွင်းမြို့နယ် ခပေါင်းဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



**အုတ်တွင်း ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဝါးတီးကျေးရွာအုပ်စု ခပေါင်းဝကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ မူဝါဒများ၊ ကျေးရွာမှဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင် ကိုးဦးကို ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်ထံမှ သိရသည်။

ကိုညို

# ကျောင်းကုန်းမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်မြင့်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အပါအဝင် ငါးခြောက်များကို ဝယ်ယူသည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိရာ ဩဂုတ်လ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက်များကို တစ်ရက်လျှင် ပိဿာချိန် ၁၆၀၀ မှ ၂၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ ဒေသဈေးကွက်မှာ ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။



ဩဂုတ်လ ဒုတိယပတ်လောက်ကတည်းက စတင်အရောင်းအဝယ်ကောင်းခဲ့တာပါ။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေ အပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းနေပါတယ်။ ပိုမိုအရောင်းအဝယ်ကောင်းတာကတော့ ငါးကွမ်းရှပ်ခြောက်တွေပါ"ဟု ကျောင်းကုန်းမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်မြင့်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးပိ၊ ငါးခြောက်များကို ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ အပါအဝင် ငါးခြောက်များကို ဝယ်ယူသည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးကွမ်းရှပ်ခြောက် ၁၀ ပိဿာလျှင် အရွယ်အစားပေါ် မူတည်ပြီး ငွေကျပ် ၃၇၀၀၀၀ မှ ၄၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မိုင်းရှူးမြို့နယ် နမ့်ပါမုံးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရှူး ဩဂုတ် ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေများ ထုတ်ချေးခြင်းကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စီမံကိန်း အကြောင်းအရာများ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၂၂၆ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူလေးဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၂၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်ထံမှ သိရသည်။

ချိုသန်းညွန့်


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စတီးမဏ္ဍိုင်တော်စိုက်ထူပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနား ကျင်းပ





**နေပြည်တော် ဩဂုတ် ၃၀**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရတနာစတီးမဏ္ဍိုင်တော် စိုက်ထူပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တနေမိန္ဒအမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊နေပြည်တော်ကောင်စီဝင်များ၊နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မာရဝိဇယကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒထံမှ ကိုးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်တွင် ပက်ဖျန်း၊ ကြဲဖြန့်၊ ချည်နှောင်၊ တားဆီး၊ကာရံကြပြီး ဆရာတော်၊သံဃာတော် အရှင်သူမြတ်များအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ရတနာစတီးမဏ္ဍိုင်တော်ပုံတော်ကို ဆက်ကပ်လှူဒါန်း၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ အောင်စည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဝိစက္ခဏထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဥပါသကာများဦးဆောင်ပြီး ဘုရားဒါယကာများက ရတနာစတီးမဏ္ဍိုင်တော်အစိတ်အပိုင်းများကိုလိုဏ်တော်အတွင်း၌ လက်ယာရစ်လှည့်လည်ပင့်ဆောင်၍ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ငြမ်းထက်သို့ ပင့်ဆောင်ကြကာ အခမ်းအနားမှူးက မင်္ဂလာအခါတော်စာတမ်းကိုဖတ်ကြား၍ မင်္ဂလာအချိန်တွင် ဘုရားဒါယကာများက ရတနာစတီးမဏ္ဍိုင်တော်ကို စိုက်ထူပူဇော်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဘောဇနသာလဆွမ်းစားဆောင်တွင် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အလုပ်သမားဆေးရုံ(ထန်းတပင်)တွင် ကျောက်ကပ်သွေးသန့်စင်ဆေးကြောနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ



**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားလူနာများ ငွေကြေးစိုက်ထုတ်ကုန်ကျမှုမရှိဘဲ ပိုမိုလွယ်ကူအဆင်ပြေစေရန် လှိုင်သာယာမြို့နယ်ရှိ အလုပ်သမားဆေးရုံ (ထန်းတပင်)တွင် နာတာရှည်ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမားလူနာများကို ကျောက်ကပ်သွေးသန့်စင်သည့် ဝန်ဆောင်မှုဆောင်ရွက်နိုင်ရေး ကျောက်ကပ်သွေးသန့်စင်စက် သုံးလုံးတပ်ဆင်နိုင်ရေးနှင့် ရေသန့်စက်များတပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ စီစဉ်ဆောင်ရွက်နေမှုကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ယနေ့တွင် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်လွယ်ကူစေရန် အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများ၊ ဌာနကြီးဆေးခန်း၊ စာချုပ်ဆေးခန်းများဖြင့် ဆေးကုသမှုဝန်ဆောင်မှုများအပြင် နာတာရှည်ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမားလူနာများကို ကျောက်ကပ်သွေးသန့်စင်သည့်ဝန်ဆောင်မှုများကို အလုပ်သမားဆေးရုံကြီး(ရန်ကုန်)တွင် ကျောက်ကပ်သွေးသန့်စင်စက် လေးလုံးဖြင့် တစ်လပျမ်းမျှလူနာ ၁၂၆ ဦးကို အကြိမ် ၁၃၀ ကျောက်ကပ်သွေးသန့်စင်ဆောင်ရွက်လျက်ရှိပြီး အလုပ်သမားဆေးရုံကြီး (မန္တလေး)တွင်လည်း တစ်လပျမ်းမျှလူနာ ၁၄ ဦးကို ၁၀၁ ကြိမ် ကျောက်ကပ်သွေးသန့်စင်ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အာမခံစနစ်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဓိကလုပ်ငန်းစဉ်အနေဖြင့် အာမခံအလုပ်သမားများကိုကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ငွေကြေးအကျိုးခံစားခွင့်ပေးခြင်းတို့ကိုဆောင်ရွက်လျက်ရှိပြီး လူမှုဖူလုံရေးစီမံကိန်းအရ အကျုံးဝင်အာမခံအလုပ်သမားများကို ဆေးကုသပေးသည့်ဝန်ဆောင်မှုကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆေးရုံ၊ ဆေးခန်းများဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုမရှိစေရေး၊ Online မီတာလျှောက်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၀**

တောင်ကြီးမြို့ ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံ ဟိုပုံးမြို့ ၆၆/၃၃ ကေဗွီဓာတ်အားခွဲရုံ၊ ပင်းပက်သံမဏိစက်ရုံအတွင်း တည်ဆောက်မည့် ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံနှင့် တောင်ကြီးပင်မဓာတ်အားခွဲရုံအတွင်း တိုးချဲ့တည်ဆောက်လျက်ရှိသည့် ၂၃၀/၁၃၂ ကေဗွီ၊ ၁၅၀ အမ်ဗွီအေ Switch-bay တည်ဆောက်နေမှုအခြေအနေများကို ယမန်နေ့က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော် ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးမီးလင်းရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် တာဝန်များ၊ Online မီတာလျှောက်ထားမှုများအတွက်ပြင်ဆင်ထားရှိရမည့်အခြေအနေ၊ ဓာတ်အားပျောက်ဆုံးမှုလျှော့နည်းကျဆင်းရေး၊ ဓာတ်အားခများ ကောက်ခံရရှိရေး၊ ဌာနဝင်ငွေ တိုးပွားရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို ဖော်ထုတ်ရေး မှာကြားပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာများပေးအပ်ကာ Online မီတာလျှောက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဩဂုတ် ၂၈ ရက်တွင် ပင်လောင်းမြို့နယ်အတွင်းရှိ တီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု၊ တောင်ကြီးခရိုင်အတွင်းရှိ ဓာတ်အားခွဲရုံများမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားပေးစက်ရုံထိန်းချုပ်ခန်းနှင့် ကျောက်မီးသွေးအခြောက်ခံစက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသ်စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေးတူးဖော်ရေးလုပ်ကွက်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မန္တလေး-နေပြည်တော် ရထားလမ်းပိုင်းရှိ တံတားအမှတ်(၆၉၁) စမုံတံတားသစ်တည်ဆောက်နေမှု ၆၅ ရာခိုင်နှုန်းပြီးစီး

နေပြည်တော် သြဂုတ် ၃၀

မန္တလေး-နေပြည်တော် ရထားလမ်းပိုင်း စမုံဘူတာနှင့်သဲတောဘူတာကြားရှိ တံတားအမှတ်(၆၉၁) စမုံချောင်းတံတားသည် ၂၀၂၄ခုနှစ် စက်တင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သည့် ရာဂိမုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ပျက်စီးခဲ့သဖြင့် အရှည် ၃၆၄ ဒသမ ၁၇ ပေရှိ ကြိုတင်အားဖြည့်သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်လျက်ရှိရာ ၆၅ ရာခိုင်နှုန်းပြီးစီးနေပြီး လာမည့်နှစ် မတ်လကုန်တွင် တံတားနှင့်ချဉ်းကပ်ရထားလမ်းများ အားလုံးပြီးစီးကာ အစုန်၊ အဆန်ရထားများ ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။



ထိုသို့ စမုံချောင်းတံတားအသစ်တည်ဆောက်နေမှုနှင့် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့နှင့်အတူ ယမန်နေ့တွင် ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ချဉ်းကပ်ရထားလမ်းများကို တံတားနှင့်တစ်ပြိုင်တည်း ပြီးစီးရေးဆောင်ရွက်ရန်၊ ချောင်းကမ်းပါးနံရံများ ပြိုကျပိတ်ဆို့မှုမရှိစေရေး မြေထိန်းနံရံများဆက်လက်ဆောင်ရွက်ရန်၊ရေလမ်းကြောင်းကောင်းမွန်စေရေး စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

အလားတူ ယနေ့တွင် မြန်မာ့မီးရထားလူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)သို့ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရထားပို့ဆောင်ရေးလုပ်ငန်းသည် Public Transportation အတွက် အရေးပါသည့်လုပ်ငန်းဖြစ်ကြောင်း၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုအတွက် အခြေခံကျသည့် လူစီးတွဲနှင့်ကုန်တွဲများ တည်ဆောက်ပြုပြင်မှုကို အဓိကဆောင်ရွက်ရသော စက်ရုံတစ်ခုဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် ဂုဏ်ယူတတ်စေရန် လိုအပ်ကြောင်း ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်၍ စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တနင်္သာရီတိုင်းဒေသကြီးတွင် တိုင်းရင်းသားရေးရာစင်တာတည်ဆောက်ပြီးစီး

တနင်္သာရီ သြဂုတ် ၃၀

တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုင်းရင်းသားရေးရာကိစ္စရပ်များ ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားရေးရာ စင်တာများကို ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဘတ်ဂျက်တို့ဖြင့် တည်ဆောက်ပေးလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာစင်တာ တည်ဆောက်ပြီးစီးကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများပြီးစီးမှုကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောမာတင်လူသာနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားရေးရာစင်တာကို တိုင်းရင်းသားများအတွက် အကျိုးရှိရှိအသုံးပြုရန်လိုကြောင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ၊ ဘာသာစာပေသင်တန်းများနှင့် ရိုးရာယဉ်ကျေးမှုအကသင်တန်းစသည်များကို စီမံချက်ရေးဆွဲဖွင့်လှစ်စေလိုကြောင်း မှာကြားသည်။



ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တိုင်းရင်းသားဒေသများ တည်ငြိမ်အေးချမ်းမှ နိုင်ငံတော် တည်ငြိမ်အေးချမ်းမည်ဖြစ်ပြီး နိုင်ငံတော်ငြိမ်းချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုံခြုံရေးသတိရှိရန်လိုအပ်ပြီး ရုံးလုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် အခက်အခဲတစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းတင်ပြဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆောင်ရွက်ရသည့်အတွက် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် အမြဲတွေ့ဆုံထိတွေ့ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်နေမှုများ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြီး ဝန်ထမ်းများက ဌာနဆိုင်ရာလုပ်ငန်းလိုအပ်ချက်များတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဝမ်းတွင်းဒေသထွက် ဝါကုန်ကြမ်းအခြေပြု MSMEs များဖြစ်သည့် ချည်ထည်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် သြဂုတ် ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့တွင် ဒေသထွက်ဝါကုန်ကြမ်းအခြေပြု MSMEs များဖြစ်သည့် ချည်ထည်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ချည်ထည်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ Agro-Base Textile Industries များမှ Export ကဏ္ဍမြှင့်တင်ပြီး နိုင်ငံခြားဝင်ငွေတိုးပွားရရှိရေးနိုင်ငံ့စီးပွားမြှင့်တင်ရေးတစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဝမ်းတွင်းမြို့ရှိ Leader of Textile စက်ရုံ၊ မင်းရန်နိုင်ဝါစက်နှင့် နန်းထိုက်တော်ဝင်အထည်ကြိတ်စက်၊ ကိန္နရီအဆင့်မြင့်ချည်ချောလုံချည်စက်ရုံ၊ ဖိုးပြုံးချိုစက်ရုံတို့၌ ရက်ကန်းနှင့် ချည်အချောကိုင်လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်နေမှုများ၊ ကုန်ကြမ်းရရှိမှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ ပြည်တွင်းဖြစ် ကုန်ကြမ်းများအသုံးပြု၍ Made in Myanmar အမှတ်တံဆိပ်ဖြင့် ဂျပန်နိုင်ငံသို့ ဂျူဒို၊ ကရာတေးဒိုအားကစားဝတ်စုံများချုပ်လုပ်တင်ပို့နိုင်မှု၊ ခြုံစောင်များနှင့် ကော်ဇောများကို အရည်အသွေးကောင်းမွန်ပြီး စျေးနှုန်းချိုသာစွာဖြင့် ပြည်တွင်းစျေးကွက်သို့ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးနေမှုတို့ကို ယမန်နေ့မွန်းလွဲပိုင်းက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ပြည်သူတို့အတွက် အဝတ်အထည်နှင့် ချည်ထည်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဝါစေ့ဆီလုပ်ငန်းမှ စားသုံးဆီလိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရေး၊ ပြည်ပမှချည်များတင်သွင်းနေရမှုကိုလျှော့ချနိုင်ရေး၊ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ကာ ထုတ်ကုန်အမည်သစ်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ဒေသတွင်းလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်ပေးနိုင်ရေးနှင့် နိုင်ငံတကာစျေးကွက်သို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ဝမ်းတွင်းမြို့ရှိ အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း)၌ အထည်ချုပ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တာဝန်ရှိသူများက MSMEs များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် လုပ်ငန်းရှင်များက အခက်အခဲများ၊ တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ချက်များ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ချည်ထည်လုပ်ငန်းရှင်များ၏ ထုတ်ကုန်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် လျာထားနေရာများ၊ ဝမ်းတွင်းမြို့နယ် လျှော်ပင်ကျေးရွာရှိ ဖြိုးဖြိုးစက်ရက်ကန်းလုပ်ငန်း၌ ကုန်ချောထုတ်လုပ်မှုနှင့် ဆိုလာစနစ်တပ်ဆင်သုံးစွဲနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

**စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၄ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## ထုတ်လုပ်မှုအခြေခံစက်မှုစီးပွားရေးလုပ်ငန်းများကို နိုင်ငံစီးပွားရေးမြှင့်တင်ရာတွင် အထောက်အပံ့ဖြစ်စေရေး ကြိုးစားဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြောကြား





နေပြည်တော် ဩဂုတ် ၃၀

ထုတ်လုပ်မှုအခြေခံစက်မှုစီးပွားရေး လုပ်ငန်းများကို နိုင်ငံစီးပွားရေးမြှင့်တင်ရာတွင် အထောက်အပံ့ဖြစ်စေရေး ကြိုးစားဆောင်ရွက်ကြရန် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယနေ့တွင် မှာကြားခဲ့သည်။

ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ ဆေးဝါးစက်ရုံ (အင်ရောင်း) အစည်းအဝေးခန်းမ၌ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အထွေထွေမန်နေဂျာများ၊ ဆေးဝါးစက်ရုံ(အင်ရောင်း)နှင့် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)တို့မှ စက်ရုံမှူး၊ ဌာနတာဝန်ခံများ၊ အရာထမ်းများနှင့် တွေ့ဆုံစဉ် ထိုသို့မှာကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စက်ရုံမှူးများသည် ထုတ်လုပ်မှုလုပ်ငန်းများကို ကျွမ်းကျင်နေရုံဖြင့် မရဘဲ စီးပွားရေးသဘောတရားများကိုပါ နားလည်တတ်ကျွမ်းအောင် လေ့လာသင်ယူထားရန်၊ စက်ရုံရေရှည်ရပ်တည်လည်ပတ်နိုင်ရေးအတွက် ထိရောက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်ကြရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု၊ စက်ရုံစီမံခန့်ခွဲမှုစနစ်များကိုလည်း ပြန်လည်သုံးသပ်ရန်၊ စက်ရုံမှူးများအနေဖြင့် အဓိက အောင်မြင်အောင်ဆောင်ရွက်ရမည့် အညွှန်းကိန်းများ သတ်မှတ်ရေးဆွဲ၍ လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရန်လည်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဝန်တာနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ရေးနှင့် ရေဝင်လမ်းကြောင်း ပိတ်ဆို့ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ



ပုသိမ် ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ဝန်တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ရေးနှင့် ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ရေး လုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ စုပေါင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် သဲဖြူချောင်းဖျားနှင့် မဟာမြိုင်တောရဆရာတော် ဒေါက်တာဘဒ္ဒန္တပညာဇောတနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်တို့ သွားရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ သွားရောက်ကြည့်ရှုစဉ် သဲဖြူချောင်းဖျားနှင့် မဟာမြိုင်တောရဆရာတော်က ရေစီးလမ်းကြောင်းပိတ်ဆို့ကာကွယ်ခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို အလှူငွေများ လှူဒါန်းပြီး ပရိတ်တရားတော်များ ချီးမြှင့်သည်။

ထို့အတူ သဲဖြူချောင်းဖျားနှင့် မဟာမြိုင်တောရဆရာတော်သည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ဟင်္သာတမြို့နယ် လဟာပကျေးရွာဘုန်းတော်ကြီးကျောင်းတိုက်ကို သွားရောက်၍ လေးမျက်နှာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ရေဘေးသင့်ပြည်သူများကို ပရိတ်တရားတော်ချီးမြှင့်ခြင်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းထောက်ပံ့ခြင်းတို့ ဆောင်ရွက်သည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဟင်္သာတမြို့၌ မြန်မာနေရှင်နယ်လိဂ်ဥက္ကဋ္ဌ၊ ရှမ်းယူနိုက်တက်ဘောလုံးအသင်း၊ ဧရာဝတီယူနိုက်တက်အမျိုးသမီးဘောလုံးအသင်း၊ ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်း၊ ရတနာပုံယူနိုက်တက်ဘောလုံးအသင်း၊ မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းများ၊ မြန်မာ့လက်ရွေးစင် ကစားသမားများနှင့် M League တို့က ရေဘေးသင့်ဒေသများအတွက် အလှူငွေကျပ်သိန်း ၁၀၀၀ စုပေါင်းလာရောက်လှူဒါန်းမှုကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၁၅(က)တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

### ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတော် တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များ သက်စွန့်ကြိုးပမ်းထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇောနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြိုဆိုဂုဏ်ပြုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ ပန်းကုံးများဖြင့်လည်းကောင်း၊ စားသောက်ဖွယ်ရာများဖြင့်လည်းကောင်း၊ ဘင်ခရာတီးဝိုင်းများ၊ အိုးစည်ဒိုးပတ်အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြု ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။



နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုကာကွယ်နိုင်ရန် ဆောင်ရွက်ကြစဉ်။

**ရှေ့ဖုံးမှအဆက်**

Steel Cable Groyne (သံမဏိကြိုး အသုံးပြုရေစီးထိန်းလုပ်ငန်း) ဆောင်ရွက်ခြင်းတို့ကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**● ကြက်တောင်ရိုက်ပြိုင်ပွဲမှ**

ကြက်တောင်အားကစားရုံ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲမတိုင်မီ အသက် ၂၁ နှစ်အောက် အမျိုးသား တစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးများက Junior လူသစ်တန်းပြိုင်ပွဲ အသက် ၁၅ နှစ်အောက် တစ်ဦးချင်း အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ အလွတ်တန်း နှစ်ယောက်တွဲ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၊ Senior Friendship Open ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရအသင်းများကို လည်းကောင်း၊ မြစ်ကြီးနားနယ်မြေခံလေတပ်စခန်း တာဝန်ရှိသူတစ်ဦးက အသက် ၂၁ နှစ်အောက် တစ်ဦးချင်း အမျိုးသမီးပြိုင်ပွဲတွင် ဆုရရှိသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်က အသက် ၂၁ နှစ်အောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ကြက်တောင်ဆပ်ကော်မတီအတွက် ချီးမြှင့်ငွေကျပ် ၂၅ သိန်းနှင့် ပါဝင်ကူညီပေးခဲ့သူများကို ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် ငြိမ်းချမ်းသာယာရေကူးကန်၌ ရေကူးနည်းပြများ၊ ဝန်ထမ်းများနှင့် သွားရောက်တွေ့ဆုံပြီး ရေကူးကန်စနစ်တကျထိန်းသိမ်းထားရှိရေး၊ ရေကူးအားကစားနည်းအတွက် မျိုးဆက်သစ်လူငယ်အားကစားသမားများ ရွေးချယ်လေ့ကျင့်ထားရှိရေး မှာကြားသည်။

ထို့ပြင် ဖူဆယ်အားကစားရုံ၌ တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်ဘောလုံးပြိုင်ပွဲအတွက် လူရွေးချယ်၍ စခန်းသွင်းလေ့ကျင့်ဆောင်ရွက်နေမှု၊ ငြိမ်းချမ်းသာယာ ဘက်စုံအားကစားရုံအတွင်းရှိ ကိုယ်ကာယလေ့ကျင့်ခန်း (Gym) အားကစားရုံနှင့် ဒုတိယထပ်ရှိ ဘိလိယက်နှင့် စနူကာအားကစားရုံ၌ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲအတွက် မျိုးဆက်သစ်လူငယ်များကို သင်တန်းဖွင့်လှစ်၍ လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

**○ နေရာကွက်၍မိုးကြီးနိုင်မှ**

အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ယနေ့နံနက်မှ စက်တင်ဘာ ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် - ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

**❑ အမျိုးသားပြတိုက်မှ**

အမှတ်(၁၃) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ရန်ကုန်မြို့ အမျိုးသားပြတိုက်နှင့် အာကာသပြတိုက်တို့သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ရန်ကုန်မြို့ ပြည်လမ်းရှိအမျိုးသားပြတိုက်သို့ရောက်ရှိကြပြီး ခေတ်အဆက်ဆက် သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို စိတ်ဝင်စားစွာကြည့်ရှုလေ့လာခဲ့ရာ အမျိုးသားပြတိုက်တာဝန်ရှိသူတစ်ဦးက အမျိုးသားပြတိုက်၏ သမိုင်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာပြခန်းများအကြောင်းကို ရှင်းလင်းပြသသည်။

ဆက်လက်၍ အာကာသပြတိုက်သို့ သွားရောက်ကာ ပြတိုက်အတွင်း၌ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ အာကာသအတွင်း စေလွှတ်ခဲ့သည့် ဒုံးပျံများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများစသည့် အာကာသဆိုင်ရာ ဗဟုသုတများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

**အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်**

၁။ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **“ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့”** ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို နေပြည်တော်တွင်ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များကို https://bit.ly/Articles-2026 တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

# ပဲခူးမြို့ကို Clean City, Green City ဖြစ်စေရေး ဆောင်ရွက်လျက်ရှိ



ပဲခူး ဩဂုတ် ၃၀

ပဲခူးမြို့ကို Clean City, Green City ဖြစ်စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးမြစ်ကမ်းဘေးရှိ ဇိုင်းဂနိုင်းမြောက်ပိုင်းပန်းခြံ တည်ဆောက်မှု၊ ပန်းလှိုင်ပန်းခြံ တည်ဆောက်နေမှု၊ ပန်းလှိုင်တာ ကြံ့ခိုင်မှုနှင့် ပန်းလှိုင်တာပေါ်သို့ အတက်အဆင်းလမ်းများ ကောင်းမွန်မှု ရှိစေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပဲခူးမြို့နယ် ဘုရားကြီးမြို့ ဈေးရုံအသစ်တည်ဆောက်နေမှု၊ ကလိကျေးရွာရှိ ထီးတော်ကျတံတားပျက်စီးနေမှုကိုကြည့်ရှုစစ်ဆေးပြီး သံဘောင်တံတားတစ်စင်း အမြန်ဆုံးတည်ဆောက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော် အဆောက်အအုံများနှင့် ဆက်စပ်လုပ်ငန်းများ ဘက်စုံအဆင့်မြှင့်တင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသကြက် အကောင် ၁၀၀၀၀ စံပြ မွေးမြူရေးခြံတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံမွေးမြူရေးဝါသနာရှင်များ လွယ်ကူစွာလာရောက်လေ့လာနိုင်ရေးနှင့် ဒေသမျိုးကြက်များ ထုတ်လုပ်နိုင်သည်ထိ ဆောင်ရွက်ရေး မှာကြားပြီး ပဲခူးစက်မှုဇုန်အဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ပဥ္စမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ ပဥ္စမနေ့ကို နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ နံနက်ပိုင်းတွင် ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲမှ အရေးပြိုင်ပွဲတွင် ပြည်သူ ညီတူကြည်ဖြူ စိတ်ဓာတ်ဆိုသော ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင် ၁၃ ဦးကလည်းကောင်း၊ အတီးပြိုင်ပွဲတွင် မြန်မာ့ဆိုင်းတစ်ဦးချင်းနှင့် ပတ္တလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ခုနစ်ဦးက လျှပ်ပန်းခွေနွဲ့ယိုးဒယားသီချင်းဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ခေတ်ပေါ်တီးဝိုင်းမှ (အဖွဲ့လိုက်)ပြိုင်ပွဲကို ပြိုင်ပွဲဝင်အဖွဲ့ခြောက်ဖွဲ့မှ မြိုင်ဆိုင်မြူးကြွလှသော တီးလုံးလက်သံများဖြင့် အသီးသီး တီးခတ်ယှဉ်ပြိုင်ကြသည်။

ညပိုင်းတွင် အငြိမ့်ပြိုင်ပွဲကိုနယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲများက ဆက်လက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ (၅၀၁)



၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ပဥ္စမနေ့ သီဆိုကပြယှဉ်ပြိုင်ကြစဉ်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်နှင့်ပတ်သက်၍ အသိပေးခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့ကမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များ ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်ကို တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာနှစ်အလိုက်ထောက်ပံ့ကြေးပေးရန် စာရင်းကောက်ယူမည့်အချိန်မတိုင်မီ MCCT အစီအစဉ်နှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိနိုင်ရန် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ ရေဒီယိုအစီအစဉ်များနှင့် နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် **“MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ စာရင်းပေးသွင်းနိုင်ပါကြောင်း”** နှိုးဆော်ခဲ့သည်။

ယခုအခါ MCCT အစီအစဉ်၏နာမည်ကို အလွဲသုံးစားပြု၍ Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ ပေါ်ပေါက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် MCCT အစီအစဉ်တွင် အကျုံးဝင်သူများ၏စာရင်းကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ကောက်ယူခြင်းကိုသာဆောင်ရွက်လျက်ရှိပြီး Online မှတစ်ဆင့် စာရင်းကောက်ယူခြင်း လုံးဝ(လုံးဝ)မပြုလုပ်ပါကြောင်း၊ အကျိုးခံစားသူစာရင်းသွင်းရန် လျှောက်ထားပုံစံ(Registration Form)များနှင့်စပ်လျဉ်း၍လည်း ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမရှိပါကြောင်းနှင့် လက်ရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကျိုးခံစားခွင့်ရှိသူများစာရင်းကောက်ခံခြင်း အဆင့်ပြီးဆုံးပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# မကွေးမြို့ ကမ်းနားလမ်း၌ River View Point Pavilion စီမံကိန်းဆောင်ရွက်လျက်ရှိ



**မကွေး ဩဂုတ် ၃၀**

မကွေးမြို့၏ ရောဝတီမြစ်ကမ်းအလှကိုအခြေခံ၍ မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပပြီး ဘေးကင်းလုံခြုံသည့် အများပြည်သူ အပန်းဖြေစခန်းတစ်ခုဖြစ်ပေါ်လာစေရန် ကမ်းနားလမ်း၌ River View Point Pavilion စီမံကိန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းလုပ်ငန်းခွင်ကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ပြည်သူများအတွက် သန့်ရှင်းသာယာလှပ၍ စနစ်ကျသော စိတ်အပန်းဖြေရာ နေရာသစ်တစ်ခု ဖြစ်စေရေးအတွက် စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးတို့ကို မှာကြားသည်။

ထို့ပြင် နတ်မောက်လမ်းတစ်လျှောက်နှင့် ဗိုလ်ချုပ်လမ်းတစ်လျှောက် လမ်းဘေးပလက်ဖောင်းများ ဆောင်ရွက်နေမှု၊ လမ်းဘေးဝဲယာ သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ မြို့၏အဓိကလမ်းဆုံကြီးများတွင် မီးပွိုင့်များပြင်ဆင်စိုက်ထူနေမှုနှင့် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း (ပြန်/ဆက်)**



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်ပေးစဉ်။

**❖ ငဝန်မြစ်ရေကာတာမှ**

ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေ ၁၁ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၂ ပေ ၃ လက်မခန့် ဆက်လက်ကျဆင်းသွားခဲ့ကြောင်း၊ ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၁ လက်မခန့်သာကျန်ရှိသဖြင့် ၁ ပေ ၈ လက်မခန့်ထိကျဆင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာမြို့နယ် ကုန်းစုကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများ၊ အဆောက်အအုံများ၊ စာသင်ခုံများ၊ လူသွားစင်္ကြံများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များ ရှင်းလင်းဆောင်ရွက်ပေးခြင်း၊ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြုရန် Geobags သဲအိတ်ကြီးများ ချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

**■ ပိုက်ကျော်ခြင်းပြိုင်ပွဲမှ**



ပဲခူးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး လေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၃၁ ရက်**(ယနေ့)**တွင် ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**☆ ကျောဖုံးမှအဆက်**

စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို အသက်ကိုပင် ပဓာနမထားဘဲ ကိုယ်ကျိုးစွန့် အနစ်နာခံကာ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)


## ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့်ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့်Onlineစနစ်ဖြင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက်(သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါ စနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| **ရုံးချုပ်(နေပြည်တော်)** | - | ၀၆၇-၃၄၀၅၀၉၉ |
| **နေပြည်တော်ရုံး** | - | ၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄ |
| **တိုင်းဒေသကြီးရုံး(ရန်ကုန်)** | - | ၀၉-၈၅၄၉၂၀၀၀ |
| **တိုင်းဒေသကြီးရုံး(မန္တလေး)** | - | ၀၉-၄၃၀၉၆၉၈၀ |

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ၂၀၂၆ ခုနှစ် လူငယ်ရေးရာဝန်ကြီးဌာနနှင့် Maple Win NayPyiTaw အထည်ချုပ်စက်ရုံရှိ ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုး



နေပြည်တော် ဩဂုတ် ၃၀

လူငယ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ်မြောက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို Maple Win NayPyiTaw Co.,Ltd နှင့် ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ Maple Win NayPyiTaw အထည်ချုပ်စက်ရုံဝင်းရှေ့၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ရတနာတန်းဝင် ကျွန်းပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ အရာထမ်း၊ အမှုထမ်းများ၊ Maple Win NayPyiTaw Co.,Ltd မန်နေဂျာနှင့် ဝန်ထမ်းများက သတ်မှတ်နေရာများတွင် ကျွန်းပျိုးပင် ၂၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ ဓာတ်ရောင်ခြည်စက်ခန်း RCတစ်ထပ် အဆောက်အအုံ တည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး



တောင်ကြီး ဩဂုတ် ၃၀

ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပိုမိုပေးနိုင်စေရန် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံတွင် ဓာတ်ရောင်ခြည်စက်ခန်း RC တစ်ထပ်အဆောက်အအုံ တည်ဆောက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဓာတ်ရောင်ခြည်စက်ခန်း ၉၅ ပေ ၅၂ ပေ RC တစ်ထပ်ဆောင် အဆောက်အအုံတည်ဆောက်နေမှုကို ယနေ့ မွန်းလွဲပိုင်းက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ စဝ်စံထွန်းဆေးရုံ တိုးချဲ့ငါးထပ်ဆောင် ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

မောင်မောင်သန်း(တောင်ကြီး)

# မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ၂၀၂၅-၂၀၂၆ နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပ

မန္တလေး ဩဂုတ် ၃၀

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)၏ ၂၀၂၅-၂၀၂၆ နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ရတနာပုံစူပါစင်တာလေးလွှာ MRCCI တွင်ကျင်းပသည်။




အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်း၊မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ဂုဏ်ထူးဆောင် နာယကများ၊ မန္တလေးမြို့ အခြေစိုက်ကောင်စစ်ဝန်ချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ MRCCI ဥက္ကဋ္ဌ ဦးတင်လတ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အသင်းသား၊အသင်းသူများ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး UMFCCI ဥက္ကဋ္ဌ ဦးအေးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ MRCCI မှ ဂုဏ်ထူးဆောင်နာယကနှင့် တာဝန်ရှိသူများက MRCCI အသင်း၏ ၂၀၂၅-၂၀၂၆ သက်တမ်း အသင်းသားစုံညီ နှစ်ပတ်လည် အခမ်းအနားနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး နည်းပညာပိုင်းဆိုင်ရာများ ပံ့ပိုးကူညီနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) နှင့် Global Technology Co.,Ltd တို့ကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## သံလွင်၊ စစ်တောင်းမြစ်ရေတို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၃၀

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ ပေ ၁၀ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ ပေ ၉ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။

(မိုး/ဇလ)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၆ ခုနှစ် ဩဂုတ် ၃၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် နေ့အပူချိန်များ ( ၃၀ - ၈ - ၂၀၂၆ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| တံတားဦး | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | ကလေးဝ | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် | ရွှေဘို | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | ကျောက်ဆည် | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။**

# Digital Smart မီတာအသစ်လျှောက်ထားခြင်းများအတွက် အသုံးပြုနည်းလမ်းညွှန်ချက်များ

(ယမန်နေ့မှအဆက်)

မှတ်ပုံတင်ဓာတ်ပုံ တင်သွင်းပြီးပါက ဆက်လက်၍ လျှောက်ထားသူ၏ အိမ်ထောင်စုစာရင်း (အိမ်ထောင်စုဇယား) ကာလာဓာတ်ပုံကို အောက်ပါအတိုင်း ပူးတွဲတင်သွင်းရမည်ဖြစ်ပါသည်-

(၁) စနစ်အတွင်း အချက်အလက်များ မှန်ကန်မှုကို စစ်ဆေးနိုင်ရန် မိမိအိမ်ထောင်စုစာရင်း၏ **အရှေ့ဘက် မျက်နှာပြင် (မျက်နှာဖုံးစာမျက်နှာ)** ကာလာဓာတ်ပုံကို မဖြစ်မနေဖြည့်သွင်းပေးရမည်ဖြစ်ပါသည်။

(၂) အကယ်၍ မိမိအိမ်ထောင်စုစာရင်း၏ အနောက်ဘက်ခြမ်းတွင် မည်သည့်စာသား သို့မဟုတ် တံဆိပ်တုံးမျှ ရိုက်နှိပ်ထားခြင်းမရှိပါက (စာမျက်နှာလွတ်ဖြစ်နေပါက) ထည့်သွင်းရန် မလိုပါ။


**အထူးသတိပြုရန်**

(၁) တင်သွင်းမည့် ဓာတ်ပုံဖိုင်များသည် JPG, JPEG, PNG အမျိုးအစားများသာ ဖြစ်ရပါမည်။

(၂) ဓာတ်ပုံတစ်ပုံလျှင် အများဆုံး 5 MB (5 Megabytes max) အထိသာ လက်ခံမည်ဖြစ်ပါသည်။

(၃) စုစုပေါင်း ဓာတ်ပုံ (၂) ပုံအထိသာ အများဆုံး တင်သွင်းခွင့်ရှိပါသည်။

ဓာတ်ပုံများအားလုံး စနစ်တကျထည့်သွင်းပြီးပါက အောက်ခြေရှိ **"ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်၍ နောက်တစ်ဆင့်သို့ ဆက်သွားရမည်ဖြစ်ပါသည်။




ပုံ(၂၇) အိမ်ထောင်စုစာရင်းဖြည့်သွင်းရမည့် ဖောင်ပုံစံ


ထို့နောက် လျှောက်ထားသူသည် ၎င်းနေရပ်လိပ်စာ၌ အမှန်တကယ်နေထိုင်ကြောင်း၊ မိမိနေထိုင်သည့် အဆောက်အဦသည် ကျူးကျော်အိမ်ရာမဟုတ်ကြောင်း သက်သေပြသည့် **နေထိုင်မှုမှန်ကန်ကြောင်းနှင့် ကျူးကျော်မဟုတ်ကြောင်း ထောက်ခံစာ** မူရင်းကာလာဓာတ်ပုံကို တင်သွင်းပေးရမည်ဖြစ်ပါသည်။

**အထူးသတိပြုရန်**

(၁) တင်သွင်းမည့် ဓာတ်ပုံဖိုင်များသည် JPG, JPEG, PNG အမျိုးအစားများသာ ဖြစ်ရပါမည်။

(၂) ဓာတ်ပုံတစ်ပုံလျှင် အများဆုံး 5 MB (5 Megabytes max) အထိသာ လက်ခံမည် ဖြစ်ပါသည်။

ဓာတ်ပုံများအားလုံး စနစ်တကျထည့်သွင်းပြီးပါက အောက်ခြေရှိ **"ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်၍ နောက်တစ်ဆင့်သို့ ဆက်သွားရမည်ဖြစ်ပါသည်။




ပုံ(၂၈) နေထိုင်မှုမှန်ကန်ကြောင်းနှင့် ကျူးကျော်နေထိုင်မှုမဟုတ်ကြောင်းထောက်ခံစာဖြည့်သွင်းရန် ဖောင်ပုံစံ

ထို့နောက် လျှောက်ထားသူသည် မိမိနေထိုင်ရာ အဆောက်အဦ/မြေနေရာနှင့် ပတ်သက်သည့် တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်း (မူရင်း) ကာလာဓာတ်ပုံများကို သတ်မှတ်ထားသော ကွက်လပ်တွင် မိမိ၏ **မြေငှားဂရန်(ဂရန်စာချုပ်)** သို့မဟုတ် တရားဝင်ချုပ်ဆိုထားသော **အရောင်းအဝယ်စာချုပ်** ဓာတ်ပုံများကို စနစ်တကျ ဖြည့်သွင်းရမည်ဖြစ်ပါသည်။ အကယ်၍ ပိုင်ဆိုင်မှုအထောက်အထား စာမျက်နှာသည် တစ်မျက်နှာထက်မက (ဥပမာ - စာချုပ် ရှေ့/နောက် သို့မဟုတ် စာမျက်နှာအများအပြား) ရှိပါက ၎င်းစာရွက်စာတမ်းများအားလုံးကို **သတ်မှတ်ထားသော ကွက်လပ်များအလိုက် ပြည့်စုံစွာ** စုစည်း၍ Upload တင်ပေးရမည်ဖြစ်ပါသည်။


**အထူးသတိပြုရန်**

(၁) တင်သွင်းမည့် ဓာတ်ပုံဖိုင်များသည် JPG, JPEG, PNG အမျိုးအစားများသာ ဖြစ်ရပါမည်။

(၂) ဓာတ်ပုံတစ်ပုံလျှင် အများဆုံး 5 MB (5 Megabytes max) အထိသာ လက်ခံမည် ဖြစ်ပါသည်။

(၃) အရေအတွက် ကန့်သတ်ချက် မရှိပါ။

ဓာတ်ပုံများအားလုံး စနစ်တကျထည့်သွင်းပြီးပါက အောက်ခြေရှိ **"ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်၍ နောက်တစ်ဆင့်သို့ ဆက်သွားရပါမည်။




ပုံ(၂၉) ပိုင်ဆိုင်မှုစာရွက်စာတမ်း ဖြည့်သွင်းရန် ဖောင်ပုံစံ

ပိုင်ဆိုင်မှု စာရွက်စာတမ်းများကိုတင်ပြီးပါက ဆက်လက်၍ မီတာတပ်ဆင်မည့် အဆောက်အဦနှင့် ပတ်သက်သည့် မြေပြင်ဓာတ်ပုံများကို အောက်ပါအတိုင်း စနစ်တကျ Upload တင်ပေးရမည်ဖြစ်ပါသည်-

(၁) ကြယ်အမှတ်အသား (*) ပြထားသော **အဆောက်အဦ ရှေ့ဘက်ဓာတ်ပုံ** *၊ **အဆောက်အဦ ဝဲဘက်ဓာတ်ပုံ** * (ဘယ်ဘက်ခြမ်း)၊ **အဆောက်အဦ ယာဘက်ဓာတ်ပုံ** * (ညာဘက်ခြမ်း) အတွက် ဓာတ်ပုံများကို မဖြစ်မနေ တင်သွင်းရပါမည်။

(၂) အဆောက်အဦ နောက်ဘက်ဓာတ်ပုံအတွက်မူ ဓာတ်ပုံရှိပါက ထည့်သွင်းနိုင်ပြီး မရှိပါက ကျော်သွားနိုင်ပါသည်။


**အထူးသတိပြုရန်**

(၁) တင်သွင်းမည့် ဓာတ်ပုံဖိုင်များသည် JPG, JPEG, PNG အမျိုးအစားများသာ ဖြစ်ရပါမည်။

(၂) ဓာတ်ပုံတစ်ပုံလျှင် အများဆုံး 5 MB (5 Megabytes max) အထိသာ လက်ခံမည် ဖြစ်ပါသည်။

(၃) စုစုပေါင်း ဓာတ်ပုံ **(၄) ပုံအထိသာ** အများဆုံး တင်သွင်းခွင့် ရှိပါသည်။

ဓာတ်ပုံများအားလုံး စနစ်တကျထည့်သွင်းပြီးပါက အောက်ခြေရှိ **"ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်၍ နောက်တစ်ဆင့်သို့ ဆက်သွားရမည်ဖြစ်ပါသည်။




ပုံ(၃၀) အဆောက်အဦဓာတ်ပုံ ဖြည့်သွင်းရန် ဖောင်ပုံစံ

အချက်အလက်များနှင့် ဓာတ်ပုံများ အားလုံးဖြည့်သွင်းပြီးပါက စနစ်၏ နောက်ဆုံးစာမျက်နှာပါ အချက်အလက်အပြည့်အစုံသို့ ရောက်ရှိမည်ဖြစ်ပါ၍ အောက်ပါအတိုင်း စနစ်တကျ စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ပါသည်-

(၁) မိမိဖြည့်သွင်းခဲ့သော အချက်အလက်များနှင့် ပူးတွဲဖိုင်များအားလုံး မှန်ကန်မှု ရှိ၊ မရှိကို သေချာစွာ စစ်ဆေးကြည့်ရှုပေးပါ။

(၂) ပြင်ဆင်လိုပါက ခေါင်းစဉ်တစ်ခုချင်းစီရှိသော **"ပြင်ဆင်ရန်"** စာသားကို Click နှိပ်လိုက်ပါက အချက်အလက်များကို ပြန်လည်ပြင်ဆင်နိုင်ပါသည်။


(၃) ဓာတ်ပုံများ မှန်ဝါးခြင်း ရှိ၊ မရှိ သို့မဟုတ် စာရွက်စာတမ်း ခေါင်းစဉ်လွဲမှားနေခြင်း ရှိ၊ မရှိကို အလွယ်တကူ ဝင်ရောက်စစ်ဆေးကြည့်ရှုနိုင်ပါသည်။ အကယ်၍ မှားယွင်းမှုရှိပါက **"ပြင်ဆင်ရန်"** နှိပ်၍ အချက်အလက်များကို ပြန်လည်ပြင်ဆင်နိုင်ပါသည်။

(၄) အကယ်၍ လိုအပ်သော စာရွက်စာတမ်းများ မစုံလင်သေးပါက လျှောက်လွှာကို လုံးဝမတင်ဘဲ **"မူကြမ်းအဖြစ်သိမ်းမည်"** ခလုတ်ကိုနှိပ်၍ သိမ်းဆည်းထားနိုင်ပါသည်။ (နောက်မှ ပြန်လည်ဖြည့်စွက်နိုင်ပါသည်။)

(၅) မဖြစ်မနေဖြည့်သွင်းရမည့် အချက်အလက်များနှင့် ပူးတွဲဖိုင်များအားလုံး ပြီးပြည့်စုံစွာ ဖြည့်သွင်းပြီးမှသာ စရင်ပေါ်တွင် **"လျှောက်လွှာတင်သွင်းမည်"** စာသားကို Click နှိပ်နိုင်မည်ဖြစ်ပါသည်။ အချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများ မပြည့်စုံသေးပါက **"လျှောက်လွှာတင်သွင်းမည်"** စာသားကို Click နှိပ်၍မရနိုင်ဘဲ **"မူကြမ်းအဖြစ် သိမ်းမည်"** စာသားကို Click နှိပ်၍ မူကြမ်းအနေဖြင့်သိမ်းထားနိုင်ပါသည်။

(၆) **"လျှောက်လွှာတင်သွင်းမည်"** စာသားကို Click နှိပ်လိုက်ပါက မိမိ၏ မီတာလျှောက်လွှာသည် သက်ဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ အလိုအလျောက်ပေးပို့ပြီးဖြစ်ပါသဖြင့် ရုံးဘက်မှ စိစစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့် (Application Status)ကို ဆက်လက်စောင့်ဆိုင်းရမည်ဖြစ်ပါသည်။

(၇) မီတာလျှောက်လွှာပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ လျှောက်လွှာလက်ခံပြီးပါက ယာဘက်ထိပ်တွင် လျှောက်ထားသူ၏ လျှောက်လွှာအမှတ်စဉ်အား ဖော်ပြထားမည်ဖြစ်ပါသည်-





ပုံ(၃၁) မီတာလျှောက်လွှာပုံစံ

(၈) လျှောက်လွှာလက်ခံရရှိကြောင်း အကြောင်းကြားစာကို မိမိ၏စာတိုက်ပုံး(Inbox) စာမျက်နှာနှင့် ဆက်သွယ်ရမည့်ဖုန်းနံပါတ်သို့ MOEE Info မှ SMS - စာတိုပေးပို့သွားမည်ဖြစ်ပါသည်။

စာမျက်နှာ ၂၄ သို့


စာမျက်နှာ ၂၃ မှအဆက်




ပုံ(၃၂) လျှောက်လွှာလက်ခံရရှိကြောင်း SMS - စာတိုပေးပို့မည့်ပုံစံ

(ခ) မြေပြင်ကွင်းဆင်းစစ်ဆေးမည့်အခြေအနေအား အကြောင်းကြားခြင်း


သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် မြို့နယ်အလိုက် လျှောက်ထားသော မီတာလျှောက်လွှာများကို လက်ခံပြီးနောက် သက်ဆိုင်ရာအင်ဂျင်နီယာများမှ မြေပြင်ကွင်းဆင်းစစ်ဆေးမည့်ရက်ကို စာတိုက်ပုံး(Inbox) စာမျက်နှာနှင့် လျှောက်ထားသူ၏ဖုန်းနံပါတ်သို့ MOEE Info မှ SMS - စာတိုပေးပို့သွားမည်ဖြစ်ပါသည်။ ကွင်းဆင်းစစ်ဆေးသည့်ရက်တွင် လျှောက်လွှာတွင်ပါဝင်သော စာရွက်စာတမ်းမူရင်းများအား အင်ဂျင်နီယာဌာနမှ ကွင်းဆင်းစစ်ဆေးသည့်အချိန်တွင် စစ်ဆေးသွားမည်ဖြစ်ပြီး အထောက်အထားမိတ္တူတစ်စုံကို ကွင်းဆင်းစစ်ဆေးသူအား ပေးရမည်ဖြစ်ပါသည်။




ပုံ(၃၃) မြေပြင်ကွင်းဆင်းစစ်ဆေးမည့် အခြေအနေအား အကြောင်းကြားခြင်း SMS - စာတိုပေးပို့မည့်ပုံစံ

(ဂ) မီတာသတ်မှတ်ကြေး ငွေပေးသွင်းရန်နှင့် ငွေလက်ခံရရှိကြောင်း အကြောင်းကြားခြင်း

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် မြို့နယ်အလိုက်လျှောက်ထားသော မီတာလျှောက်လွှာပါ လိပ်စာအတိုင်း ကွင်းဆင်းစစ်ဆေးပြီးနောက် လျှောက်ထားသူ၏ အကောင့်တွင် ငွေပေးသွင်းရန်အကြောင်းကြားခြင်း စာမျက်နှာပေါ်ပေါက်လာမည်ဖြစ်ပါသည်။ ငွေပေးသွင်းရန်အတွက် စာတိုက်ပုံး(Inbox) စာမျက်နှာနှင့် လျှောက်ထားသူ၏ဖုန်းနံပါတ်သို့ MOEE Info မှ SMS - စာတိုပေးပို့သွားမည်ဖြစ်ပါသည်။




ပုံ(၃၄) ငွေသွင်းရန်အကြောင်းကြားခြင်း SMS - စာတိုပေးပို့မည့်ပုံစံ

(ခ) လျှောက်ထားသည့်မီတာအမျိုးအစားအလိုက် ဌာနမှသတ်မှတ်ထားသော မီတာသတ်မှတ်ကြေးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသောဘဏ်များမှ ကြိုက်နှစ်သက်ရာဘဏ်ကို ရွေးချယ်ပေးသွင်းနိုင်ရန်အတွက်

(၁) ငွေပေးသွင်းမှုစာမျက်နှာတွင် ဘဏ်ကို Click နှိပ်၍ ရွေးချယ်ရမည်ဖြစ်ပါသည်။


(၂) သက်ဆိုင်ရာဘဏ်၏ Pay Application အား ဖွင့်၍ Home Page တွင်ရှိသော Pay Bill ကို Click နှိပ်၍ ဝင်ရောက်ပါ။

(၃) New Meter Registration Payment အတွက် YESC (ရန်ကုန်)၊ MESC (မန္တလေး)နှင့် ESE (နေပြည်တော်နှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်)တို့ မြင်ရမည်ဖြစ်ပြီး မိမိပေးသွင်းလိုသည့် မီတာအမျိုးအစားကိုရွေးချယ်၍ အချက်အလက်များကို ဖြည့်စွက်ရမည်ဖြစ်ပါသည်။ Customer ID မှာ လျှောက်လွှာ၏အပေါ်ဘက်ရှိ System Code အား ဆိုလိုခြင်းဖြစ်ပါသည်။

(၄) ပေးချေရမည့်ငွေပမာဏအား ဖြည့်သွင်းရန်၊ ပေါ်လာပါက မှန်ကန်မှုရှိမရှိစစ်ဆေးပါ၊ မှန်ကန်ပါက လျှို့ဝှက်နံပါတ် (PIN)ကို ရိုက်ထည့်ပါက ငွေပေးသွင်းမှုလုပ်ငန်းစဉ် အောင်မြင်စွာပြီးဆုံးမည်ဖြစ်ပါသည်။

(၅) ငွေပေးချေမှုအောင်မြင်ကြောင်းပြသသည့် အီလက်ထရောနစ်ပြေစာ(E-Receipt)အား သိမ်းဆည်း၍ Scan မှတ်တမ်းဓာတ်ပုံအား Upload ပူးတွဲထည့်သွင်းရမည်ဖြစ်ပါသည်။

(၆) ထို့နောက် လျှောက်ထားသူအသုံးပြုသော သက်ဆိုင်ရာဘဏ်၏ ငွေသွင်းပြေစာပေါ်ရှိ ဘဏ်၏ငွေသွင်းပြေစာအမှတ်အား ဖြည့်သွင်းရမည်ဖြစ်ပါသည်။





ပုံ(၃၅) ငွေပေးသွင်းရန်ပုံစံ





ပုံ(၃၆) ကြိုက်နှစ်သက်ရာဘဏ်ကိုရွေးချယ်၍ ငွေပေးသွင်းရန်ပုံစံ

ဌာနနှင့်ဘဏ်တို့မှ ပေးသွင်းပြီးသော ငွေသွင်းပြေစာအမှတ်၊ မီတာသတ်မှတ်ကြေးတို့ကို တိုက်ဆိုင်စစ်ဆေးပြီးနောက် စာတိုက်ပုံး (Inbox)စာမျက်နှာနှင့် လျှောက်ထားသူ၏ဖုန်းနံပါတ်သို့ MOEE Info မှ SMS - စာတို ပေးပို့သွားမည်ဖြစ်ပါသည်။





ပုံ(၃၇) ငွေပေးသွင်းမှုအား စစ်ဆေးအတည်ပြုမှုအခြေအနေအား အကြောင်းကြားခြင်း SMS - စာတိုပေးပို့မည့်ပုံစံ




ပုံ(၃၈) ငွေလက်ခံရရှိမှုအကြောင်းကြားခြင်း SMS - စာတိုပေးပို့မည့်ပုံစံ

(ဃ) Digital Smart မီတာအသစ် တပ်ဆင်ပေးမည့်ရက် အကြောင်းကြားခြင်းနှင့် တပ်ဆင်ပေးခြင်း

Digital Smart မီတာအသစ်လျှောက်ထားသူမှ မီတာသတ်မှတ်ကြေးဌာနသို့ ပေးသွင်းပြီးနောက် မီတာတပ်ဆင်ပေးမည်ဖြစ်ပါ၍ စာတိုက်ပုံး(Inbox) စာမျက်နှာနှင့် လျှောက်ထားသူ၏ဖုန်းနံပါတ်သို့ MOEE Info မှ မီတာတပ်ဆင်ပေးမည့်ရက်အား SMS - စာတိုပေးပို့ အကြောင်းကြားသွားမည်ဖြစ်ပါသည်။ အကြောင်းကြားထားသည့်ရက်တွင် လျှောက်ထားသည့် မီတာအသစ်အား တပ်ဆင်ပေးသွားမည်ဖြစ်ပါသည်။




ပုံ(၃၉) မီတာတပ်ဆင်ပေးမည့်ရက် အကြောင်းကြားခြင်း SMS - စာတိုပေးပို့မည့်ပုံစံ

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၁၇၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီဧက ၁၇၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီဧက ၁၇၀၀ ကို အောက်တိုဘာလ ပထမပတ်မှစတင် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကသာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ဧက ၁၇၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကြက်သွန်နီစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးသွားပါမယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ပုသိမ်မြို့နယ်တွင် ငါးပုတ်သင်များ အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ငါးပုတ်သင်များ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဇာလင်းက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ငါးပုတ်သင်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးပုတ်သင်များကို တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပုသိမ်မြို့နယ်ကထွက်ရှိတဲ့ ရေထွက်ကုန်တွေထဲမှာ ငါးပုတ်သင်တွေ ပိုမိုအရောင်းအဝယ်ဖြစ်နေပါတယ်။ ငါးပုတ်သင်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူမှုများပြားနေပါတယ်။ အဓိကတော့ ရန်ကုန်ဈေးကွက်ကနေ ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးပုတ်သင်တွေ အဝယ်လိုက်လာလို့ပါ။ ဒေသပွဲရုံတွေဆီ ငါးပုတ်သင်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာတွေ့ရပါတယ်"ဟု ပုသိမ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဇာလင်းက ပြောပြသည်။



ပုသိမ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးပုတ်သင်များ အပါအဝင် ဒေသရေထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျ စစ်ဆေးသန့်စင်ကာ ဝယ်ယူသည့်ဒေသများသို့ ဖြန့်ဖြူးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပုတ်သင် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၃၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရွှေတောင်မြို့နယ် ကျေးရွာနှစ်ရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ရွှေတောင် ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကံလှကျေးရွာနှင့် အောင်သုခကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ကံလှကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရှီလာဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ရှီလာဝင်းနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကံလှကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ကိုးဦး၊ အောင်သုခကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို အသီးသီးရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာနှစ်ရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရှီလာဝင်းထံမှ သိရသည်။

**ဆက်လူ**

## ကောင်းမွေလက်ကမ်း ဇွဲမြင့်လှမ်း

– ဘဝဝယ် လှဂုဏ်မြင့်လို့
အောင်ပွဲဆင့် ဝင့်ဖို့ရာ၊
ပညာကြွယ် အသိမြင့်မားမှ
တောက်ကြွားနိုင်မှာ၊
ကြိုးစားကြ ငယ်စဉ်ခါ
ပညာရှာ ဘက်စုံပြည့်၊
လက်ကမ်းသွယ်
တက်လှမ်းရွယ် အားမာန်လှစ်ရင်း
ထုဆစ်လို့ ဖြည့်။

– ပြည်နိုင်ငံ တိုးတက်ရေးတွက်
မျိုးဆက်သွေးတို့ တာဝန်ပါ၊
အနာဂတ် ဦးဆောင်ကဏ္ဍ
စွမ်းပြဖို့ရာ၊
ထွန်းတောက်လို့ ထက်မြက်စွာ
အားထားရာ ရင်းမြစ်မို့၊
ဘဝအားမာန်
ဗလငါးတန် ဝင့်ထည်ကြွားရေး
ကြိုးစားသွားစို့။

– ပညာသည်သာ နိုင်ငံအတွက်
တိုးတက်မှု အုတ်မြစ်မှန်၊
ပြည့်ဂုဏ်ရောင် သမိုင်းလှဖို့
ပင်မ အခြေခံ၊
မျိုးဆက်သွေးတို့ ကောင်းမွေခံ
ဖြည့်စွမ်းဝန်းရံ လက်ဆင့်ကမ်း၊
လက်ယှက်ချီကာ
ထက်မြက်ညီညာ အားမာန်ပြည့်ဝစွာနဲ့
စွမ်းပြမြိုင် စွမ်းမာန်ဝင့်လို့
မောင်မယ်တွေ ဘက်စုံတင့်
ဇွဲမြှင့် တက်လှမ်း။ ။

**ခိုင်ခိုင်နွယ်(ပညာရေး)**

# ကြို့ပင်ကောက်မြို့နယ် ကျင်စွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျင်စွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၅၁၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကျင်စွယ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း၅၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ကျန်းမာသောလူမှုအသိုက်အဝန်းဖြစ်လာစေရေး အိုင်အိုဒင်းဓာတ်လုံလောက်စွာစားသုံးပေး

**မေဇင်ထွန်း**



လူတစ်ဦး၏ကျန်းမာရေး ကောင်းမွန်စွာရှင်သန်နေထိုင်နိုင်ရေးအတွက် အာဟာရဓာတ်များကို မျှတစွာရရှိစားသုံးရန်လိုအပ်သည်။ ခန္ဓာကိုယ်အတွက် လိုအပ်သောအာဟာရဓာတ်များအနက် အနည်းငယ်မျှသာလိုအပ်သော်လည်း ကျန်းမာရေးအတွက် အလွန်အရေးပါသည့် သတ္တုအာဟာရဓာတ်တစ်မျိုးမှာ အိုင်အိုဒင်းဓာတ်ဖြစ်သည်။ အိုင်အိုဒင်းသည် သိုင်းရွိုက်ဟော်မုန်းများထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်ပြီး ထိုဟော်မုန်းများက ခန္ဓာကိုယ်၏ဇီဝဖြစ်စဉ်များ ပုံမှန်လည်ပတ်ရေး၊ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးရေး၊ ဦးနှောက်နှင့်အာရုံကြောစနစ်ဖွံ့ဖြိုးရေးတို့တွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။

သိုင်းရွိုက်ဂလင်းသည် လည်ပင်းရှေ့ဘက်တွင် တည်ရှိပြီး ခန္ဓာကိုယ်၏ဇီဝဖြစ်စဉ်များကို ထိန်းညှိပေးသည့်ဟော်မုန်းများကို ထုတ်လုပ်ပေးသည်။ ထိုဟော်မုန်းများကို လုံလောက်စွာထုတ်လုပ်နိုင်ရန် အိုင်အိုဒင်းဓာတ်လိုအပ်သည်။ ထို့ကြောင့် အိုင်အိုဒင်းချို့တဲ့ပါက သိုင်းရွိုက်ဟော်မုန်းထုတ်လုပ်မှု လျော့နည်းလာနိုင်ပြီး ခန္ဓာကိုယ်၏ ပုံမှန်လုပ်ငန်းဆောင်တာများကို ထိခိုက်စေနိုင်သည်။

အိုင်အိုဒင်းချို့တဲ့ပါက လည်ပင်းကြီးရောဂါဖြစ်ပွားနိုင်သည်။ ထို့ပြင် ဇီဝဖြစ်စဉ်နှေးကွေးလာခြင်းကြောင့် အမြဲပင်ပန်းနွမ်းနယ်ခြင်း၊ အားနည်းခြင်း၊ ချမ်းတတ်ခြင်း၊ ကိုယ်အလေးချိန်တက်လာခြင်း၊ အသားအရေခြောက်သွေ့ခြင်း၊ ဆံပင်ကျွတ်ခြင်း၊ အာရုံစူးစိုက်ရန်ခက်ခဲခြင်းနှင့် သွက်လက်မှုမရှိဘဲ ထုံထိုင်းနှေးကွေးခြင်းတို့ ဖြစ်ပေါ်နိုင်သည်။

အိုင်အိုဒင်းဓာတ်ကို ပင်လယ်ငါးနှင့် ပင်လယ်စာများ၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ဥများ စသည့်အစားအစာများမှရရှိနိုင်သည်။ သို့သော် အစားအစာများတွင် အိုင်အိုဒင်းပါဝင်မှုသည် ဒေသ၊ မြေဆီလွှာနှင့် ရေအရင်းအမြစ်များအလိုက် ကွာခြားနိုင်သည်။

အထူးသဖြင့် ပင်လယ်နှင့်ဝေးကွာသော တောင်တန်းဒေသများနှင့် ကုန်းတွင်းပိုင်းဒေသတချို့တွင် မြေဆီလွှာနှင့်ရေထဲ၌ အိုင်အိုဒင်းပါဝင်မှု နည်းပါးနိုင်သောကြောင့် ထိုဒေသများတွင် နေထိုင်သူများသည် အိုင်အိုဒင်းချို့တဲ့နိုင်ခြေပိုများသည်။ ထို့ကြောင့် အစားအစာမှတစ်ဆင့် အိုင်အိုဒင်းလုံလောက်စွာရရှိရန် အတွက် အိုင်အိုဒင်းဖြည့်စွက်ထားသောဆားကို သင့်တင့်မျှတစွာအသုံးပြုစားသုံးခြင်းသည် အရေးကြီးပေသည်။

အိုင်အိုဒင်းချို့တဲ့မှုသည် လူတိုင်းအတွက် ကျန်းမာရေးပြဿနာဖြစ်နိုင်သော်လည်း ကိုယ်ဝန်ဆောင်မိခင်များနှင့် သန္ဓေသားများ၊ ကလေးငယ်တို့တွင် ပိုမိုအန္တရာယ်များသည်။ ကိုယ်ဝန်ဆောင်ကာလအတွင်း မိခင်၏ အိုင်အိုဒင်းဓာတ်လုံလောက်မှုသည် သန္ဓေသား၏ ဦးနှောက်နှင့် အာရုံကြောစနစ်ဖွံ့ဖြိုးမှုအတွက် အရေးပါသည်။ အိုင်အိုဒင်းဓာတ်ပြင်းထန်စွာချို့တဲ့ပါက သားပျက်သားလျှောခြင်း၊ ကလေးအသေမွေးခြင်း၊ ပေါင်မပြည့်ခြင်းနှင့် လမစေ့မီ ကလေးမွေးဖွားခြင်းတို့ဖြစ်နိုင်သည်။ ထို့ပြင် သန္ဓေသား၏ ဦးနှောက်နှင့်အာရုံကြောစနစ်ဖွံ့ဖြိုးမှုထိခိုက်လာနိုင်ပြီး ပြင်းထန်သောအခြေအနေများတွင် ကလေး၏ ဉာဏ်ရည်နှင့်ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ထိခိုက်စေနိုင်သည်။

ထို့ကြောင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအနေဖြင့် အိုင်အိုဒင်းဓာတ်လုံလောက်စွာရရှိရေးကို အထူးဂရုပြုသင့်သည်။ သို့သော် အိုင်အိုဒင်းကိုလိုအပ်သည်ထက် ပိုမိုစားသုံးခြင်းသည်လည်း သိုင်းရွိုက်ဂလင်း၏လုပ်ဆောင်ချက်ကို ထိခိုက်စေနိုင်သဖြင့် ကျန်းမာရေးဝန်ထမ်းများ၏ အကြံပြုချက်နှင့်အညီ သင့်တင့်မျှတစွာ စားသုံးရန်လိုအပ်သည်။

အိုင်အိုဒင်းဓာတ်သည် ကလေးငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် သင်ယူနိုင်စွမ်းအတွက်လည်း အရေးကြီးသည်။ အိုင်အိုဒင်းချို့တဲ့ပါက ကလေးများတွင် စံမီကြီးထွားဖွံ့ဖြိုးမှုမရှိခြင်း၊ သေးကွေးပုညှက်ခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှေးကွေးခြင်းနှင့် သင်ယူနိုင်စွမ်းကျဆင်းခြင်းတို့ဖြစ်ပေါ်နိုင်သည်။ ကလေးငယ်တစ်ဦး၏ ဦးနှောက်နှင့် အာရုံကြောစနစ်ဖွံ့ဖြိုးမှုသည် ငယ်စဉ်ကာလတွင် အလွန်အရေးကြီးသောကြောင့် ထိုကာလအတွင်း အိုင်အိုဒင်းချို့တဲ့မှုဖြစ်ပေါ်ခြင်းသည် ရေရှည်အကျိုးဆက်များဖြစ်ပေါ်စေနိုင်သည်။ ထိုအကျိုးဆက်များသည် ကလေးတစ်ဦးချင်းစီ၏ ပညာသင်ယူနိုင်စွမ်းကိုပါ သက်ရောက်နိုင်သည်။

ထို့ကြောင့် အိုင်အိုဒင်းချို့တဲ့မှုကို ကာကွယ်ခြင်းသည် ကလေးတစ်ဦး၏ကျန်းမာရေးကို ကာကွယ်ခြင်းသာမက နိုင်ငံ၏ အနာဂတ်လူသားအရင်းအမြစ်ကို တိုးတက်ကောင်းမွန်အောင် ပြုစုပျိုးထောင်ခြင်းလည်းဖြစ်သည်။ အိုင်အိုဒင်းချို့တဲ့မှုကိုကာကွယ်ရန် အလွယ်ကူဆုံးနှင့် ထိရောက်သောနည်းလမ်းများအနက် တစ်ခုမှာ အိုင်အိုဒင်းဖြည့်စွက်ထားသောဆားကို သင့်တင့်မျှတစွာအသုံးပြုခြင်းဖြစ်သည်။ နေ့စဉ်အစားအစာများတွင် အိုင်အိုဒင်းဆားကို အသုံးပြုခြင်းဖြင့် အိုင်အိုဒင်းဓာတ်ကို ပုံမှန်ရရှိနိုင်ရန် အထောက်အကူပြုသည်။ သို့သော် အိုင်အိုဒင်းဆားအသုံးပြုခြင်းသည် ဆားကို အလွန်အကျွံစားသုံးရန်ဆိုလိုခြင်းမဟုတ်ပေ။ ကျန်းမာရေးအတွက် ဆားစားသုံးမှုကို သင့်တင့်သောပမာဏအတွင်း ထိန်းချုပ်ရန်လိုအပ်သည်။ ထို့ကြောင့် အိုင်အိုဒင်းဖြည့်စွက်ထားသောဆားကို ရွေးချယ်အသုံးပြုသော်လည်း ဆားစားသုံးမှုမလွန်ကဲစေရန် ဂရုပြုသင့်သည်။

အိုင်အိုဒင်းပါဝင်သည့် အစားအစာများကို မျှတစွာစားသုံးခြင်း၊ အစားအစာများကို အုပ်စုစုံလင်စွာစားသုံးခြင်းတို့ဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်သောအာဟာရဓာတ်များကို ရရှိနိုင်မည်ဖြစ်သည်။ အိုင်အိုဒင်းချို့တဲ့မှုသည် ကျန်းမာရေးပြဿနာတစ်ခုတည်းအဖြစ်သာ မမြင်သင့်ပေ။ ကလေးများ၏ ဉာဏ်ရည်နှင့် သင်ယူနိုင်စွမ်း ကျဆင်းလာပါက အနာဂတ်တွင် လူ့စွမ်းအားအရင်းအမြစ်၏ အရည်အသွေးကို ထိခိုက်နိုင်သည်။ ထိုမှတစ်ဆင့် လုပ်သားများ၏ ကုန်ထုတ်လုပ်နိုင်စွမ်း၊ နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်ပါ သက်ရောက်နိုင်သည်။

ထို့ကြောင့် အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေးသည် မိသားစုတိုင်း၊ ရပ်ရွာတိုင်းနှင့် နိုင်ငံတစ်ဝန်းလုံးက ပူးပေါင်းဆောင်ရွက်သင့်သည့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ အိုင်အိုဒင်းချို့တဲ့မှုကိုကာကွယ်ရေးသည် အိမ်ထောင်စုအဆင့်မှပင် စတင်နိုင်သည်။ မိသားစုများအနေဖြင့် အိုင်အိုဒင်းဖြည့်စွက်ထားသောဆားကို ရွေးချယ်အသုံးပြုခြင်း၊ ပင်လယ်ငါးနှင့် ပင်လယ်စာများ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဥများကဲ့သို့ အိုင်အိုဒင်းပါဝင်သော အစားအစာများကို မျှတစွာစားသုံးခြင်းနှင့် ကလေးများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၏ အာဟာရလိုအပ်ချက်ကို အထူးဂရုပြုခြင်းတို့ဆောင်ရွက်သင့်သည်။ ထို့ပြင် အိုင်အိုဒင်းဆားကို သိုလှောင်အသုံးပြုရာတွင်လည်း စနစ်တကျထိန်းသိမ်းရန် လိုအပ်သည်။ ဆားကို အစိုဓာတ်နှင့် အပူလွန်ကဲသောနေရာများမှ ကင်းဝေးစွာထားခြင်း၊ အဖုံးပိတ်ထားသောဘူးများတွင် သိမ်းဆည်းအသုံးပြုခြင်းသည် သင့်လျော်သည်။ အိုင်အိုဒင်းဓာတ်သည် ခန္ဓာကိုယ်အတွက် ပမာဏအနည်းငယ်သာလိုအပ်သော်လည်း ၎င်း၏အရေးပါမှုမှာ အလွန်ကြီးမားသည်။ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးရေး၊ ဦးနှောက်နှင့် အာရုံကြောစနစ်ဖွံ့ဖြိုးရေး၊ သင်ယူနိုင်စွမ်းနှင့် အနာဂတ်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေသည့်အတွက် အိုင်အိုဒင်းချို့တဲ့မှုမဖြစ်စေရေးကို လူတိုင်းအလေးထားဆောင်ရွက်သင့်သည်။

အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေး ရက်သတ္တပတ်အတွင်း အိုင်အိုဒင်း၏အရေးပါမှုကို လူထုအကြား ပိုမိုသိရှိနားလည်လာစေရန် ကျန်းမာရေးဝန်ကြီးဌာနက ကျန်းမာရေးအသိပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ပါ၍ အိုင်အိုဒင်းဓာတ်သည် လူတို့အတွက် အရေးကြီးသော်လည်း အလွယ်တကူရရှိနိုင်သည့် အရာဖြစ်သည်။ သို့ရာတွင် ကျန်းမာရေးဆိုင်ရာဗဟုသုတနည်းပါးခြင်းကြောင့် အိုင်အိုဒင်းချို့တဲ့ပါက ကြီးမားသည့် ကျန်းမာရေးပြဿနာများဖြစ်စေနိုင်သည်ကို သတိပြုကြရပေမည်။

ထို့ကြောင့် အိုင်အိုဒင်းပါဝင်သော အစားအစာများကို မျှတစွာစားသုံးခြင်းနှင့် အိုင်အိုဒင်းဖြည့်စွက်ထားသောဆားကို သင့်တင့်စွာအသုံးပြုခြင်းတို့သည် မိမိတို့၏ကျန်းမာရေးကို ကာကွယ်ပေးနိုင်သည့် ရိုးရှင်းသောနည်းလမ်းများဖြစ်သည်။ ထို့ကြောင့် ကျန်းမာသောမိသားစု၊ ကျန်းမာသောလူမှုအသိုက်အဝန်းနှင့် ကျန်းမာသောအနာဂတ်မျိုးဆက်ဖြစ်လာစေရေးအတွက် အိုင်အိုဒင်းဓာတ်လုံလောက်စွာရရှိရေးကို လူတိုင်းက အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

**❖ အိုင်အိုဒင်းဓာတ်သည် ကလေးငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် သင်ယူနိုင်စွမ်းအတွက်လည်း အရေးကြီးသည်။ အိုင်အိုဒင်းချို့တဲ့ပါက ကလေးများတွင် စံမီကြီးထွားဖွံ့ဖြိုးမှုမရှိခြင်း၊ သေးကွေးပုညှက်ခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှေးကွေးခြင်းနှင့် သင်ယူနိုင်စွမ်းကျဆင်းခြင်းတို့ဖြစ်ပေါ်နိုင်သည်။ ကလေးငယ်တစ်ဦး၏ ဦးနှောက်နှင့် အာရုံကြောစနစ်ဖွံ့ဖြိုးမှုသည် ငယ်စဉ်ကာလတွင် အလွန်အရေးကြီးသောကြောင့် ထိုကာလအတွင်း အိုင်အိုဒင်းချို့တဲ့မှုဖြစ်ပေါ်ခြင်းသည် ရေရှည်အကျိုးဆက်များဖြစ်ပေါ်စေနိုင်သည်။ ❖**

**ကိုးကား**

- ၂၁-၈-၂၀၂၆ ထုတ် ကြေးမုံသတင်းစာ။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းဧက ၃၅၀၀ စိုက်ပျိုးမည်


ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းဧက ၃၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မော်လိုက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၄၈၅ ဧက၊ ဖူးစားပြောင်း ၃၀၁၅ ဧက စုစုပေါင်းဧက ၃၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၃၅၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပြောင်းစိုက်ပျိုးမှုအနေနဲ့ အောင်မြင် ဖြစ်ထွန်းဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်သွားပါမယ်"ဟု မော်လိုက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိန်ဦးက ပြောပြသည်။

မော်လိုက်မြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိန်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# မြန်အောင်မြို့နယ်တွင် နဂါးမောက်သီးများ အရောင်းအဝယ်ကောင်းမွန်နေ

**မြန်အောင် ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် နဂါးမောက်သီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်တွင် ယခုနှစ် ဩဂုတ်လဒုတိယပတ်မှ ယနေ့ထိ နဂါးမောက်သီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ နဂါးမောက်သီး ၁၀ လုံးလျှင် ငွေကျပ် ၂၅၀၀၀ မှ ၃၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ နဂါးမောက်သီးများသည် ဒေသဈေးကွက်အပြင် အခြားဒေသများသို့ပါ ဝယ်ယူမှုအားကောင်းနေကြောင်း သိရသည်။

"မြန်အောင်မြို့နယ်မှာ နဂါးမောက်သီးတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ လတ်တလော



ဈေးကွက်ထဲမှာ အရောင်းအဝယ်ဖြစ်နေတဲ့ နဂါးမောက်သီးတွေက အရည်အသွေးကောင်းတာ တွေ့ရပါတယ်။ ဖျော်ရည်ဆိုင်တွေက ဝယ်ယူမှု အားကောင်းလာတဲ့အပြင် အိမ်စားသုံးသူတွေပါ ဝယ်ယူအားများနေတာကြောင့် အရောင်းအဝယ် ကောင်းမွန်နေတာပါ။ နဂါးမောက်သီးတွေက ပိုးမွှား ရောဂါလဲကင်းတာတွေ့ရပါတယ်"ဟု မြန်အောင်မြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

အဆိုပါ နဂါးမောက်သီးများ အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် နဂါးမောက်သီးစိုက်သူများ၊ သစ်သီးမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# နတ်တလင်းမြို့နယ် မယင်းပြင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နတ်တလင်း ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယင်းပြင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားပြီး အစည်းအဝေးသို့တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ပေးခဲ့သည်။

အဆိုပါ မယင်းပြင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သန္တာ

# စင်ကာပူရောက် မြန်မာနိုင်ငံသားများ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရာတွင် သံရုံး၏ တရားဝင် ထုတ်ပြန်ချက်များအတိုင်းသာ ဆောင်ရွက်ရန် မြန်မာသံရုံး မေတ္တာရပ်ခံ

**ရန်ကုန် ဩဂုတ် ၃၀**

စင်ကာပူနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံကူးလက်မှတ် (Passport) သက်တမ်းတိုးမြှင့်ခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြန်မာသံရုံး၏ တရားဝင်အသိပေးကြေညာချက်များအတိုင်းသာအခြေခံ၍ ဆောင်ရွက်ကြရန် စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးက မေတ္တာရပ်ခံ အသိပေးထားသည်။

လက်ရှိတွင် အမျိုးအစားပြောင်းလဲလျှောက်ထားမည့်သူများနှင့် ရက်ချိန်းရယူထားသူများအနေဖြင့် PT၊ PE၊ PS သို့ ပြောင်းလဲလျှောက်ထားသူများသည် သံရုံး၏ကြေညာချက်ပါ လိုအပ်သောအချက်အလက်များကို သံရုံး၏ တရားဝင်အီးမေးလ်သို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။ PV မှ PJ သို့ သက်တမ်းတိုးမြှင့်သူများသည် မိမိတို့ရယူထားသည့် ရက်ချိန်းအတိုင်း ခေတ္တစောင့်ဆိုင်းပေးကြရန် လိုအပ်သည်။

အဆိုပါ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သံရုံးမှ ကြေညာချက်အသစ် ထုတ်ပြန်လာမှသာ ထိုလမ်းညွှန်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်ရန် ထပ်မံအသိပေးထားသည်။ ထို့ပြင် လျှောက်လွှာဖြည့်သွင်းရာတွင် ပုံစံ (Form) နှစ်မျိုးရှိသဖြင့် မိမိနှင့်သက်ဆိုင်သည့် Form ကို သေချာစွာ ရွေးချယ်ဖြည့်စွက်ရန်နှင့် ကြေညာချက်များကို အစမှအဆုံးအထိ သေချာစွာဖတ်ရှုကြရန် သံရုံးက တိုက်တွန်းထားသည်။

လျှောက်လွှာဖောင် ဖြည့်သွင်းပြီးပါက သတ်မှတ်ချက်နှင့်အညီ ဓာတ်ပုံကို သေချာစွာကပ်၍ PDF ဖိုင်ပြုလုပ်ကာ ပေးပို့ရမည်ဖြစ်ပြီး WhatsApp မှတစ်ဆင့် PDF ဖိုင်ပြုလုပ်နိုင်သည့် နည်းလမ်းများကိုပါ မျှဝေပေးထားကြောင်း သိရသည်။ TWA

# ပေါင်မြို့နယ် ပိတောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင် ဩဂုတ် ၃၀**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိတောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုစန္ဒီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၃၆ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ပိတောက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၃ ဒသမ ၁၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူငါးဦးကို ၅ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၃ ဒသမ ၅၁ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူခြောက်ဦးကို ငွေကျပ် ၃ ဒသမ ၉ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၁ ဦးကို ရန်ပုံငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ဘယ်ဝယ်မြောက်တောင်

## မောင်ခြိမ့်



အရှေ့ရိုးမတောင်တန်းကြီး၏ အဆွယ်အပွား တောင်စဉ်တောင်တန်းများသည် လရောင်အောက်တွင် တိတ်ဆိတ်စွာ ဝပ်စင်းလျက်ရှိသည်။

တောင်ကုန်းကလေးပေါ်ရှိ စေတီကလေးတစ်ဆူ၏ရင်ပြင်ပေါ်တွင် တသုန်သုန် သွေးလျက်ရှိသော လေပြည်လေညင်းကလေးကြောင့် ဆည်းလည်းသံ လွင်လွင်ကလေးတို့ လွင့်ပျံ့နေသံမှတစ်ပါး အရာရာသည် တိုးတိတ်ငြိမ်သက်နေတော့သည်။

စေတီကလေး၏ ရင်ပြင်ပေါ်မှ လှမ်းမျှော်ကြည့်လိုက်လျှင် အရှေ့ဘက်ခပ်ဝေးဝေးရှိ တောင်တန်း တောင်စွယ်များကို လပြည့်၏ တောက်ပရွှန်းစိုသော အလင်းရောင်အောက်တွင် မှုန်ရီဝေဝါးစွာ မြင်တွေ့နေရသည်။

ပိတ်သည်ဆိုရုံကလေး၊ ဆီးသည်ဆိုရုံကလေး၊ ရစ်သိုင်းထားသော မိုးနှင်းမြူထုကလေးကြောင့် ရာသီဥတုသည် အေးလွန်းသည်လည်းမဟုတ်ဘဲ နေ၍ကောင်းရုံမျှရှိသည်။

"ကျုပ်ရဲ့ဘဝမှာ အမှတ်မထင်ပြုမိခဲ့တဲ့ အမှားကလေးတစ်ခုအတွက် ဒီလောက်ခံစားပေးဆပ်ရလိမ့်မယ်လို့ တစ်ခါမှမတွေးမိခဲ့ဘူးဗျာ"

ဦးသံဒိုင်သည် ပြောလက်စ စကားကိုခဏရပ်ရင်း မီးသတ်၍တင်ထားသော ဆေးပေ့ါလိပ်တိုကလေးကို အုတ်ခဲကျိုးကလေးပေါ်မှ လှမ်း၍ယူကာ မီးညှိနေလေသည်။ အနားမှာထိုင်နေသော ကိုအောင်ဝေကတော့ ဘာမှပြန်မပြောဘဲ ခပ်ဝေးဝေးရှိတောတန်းကလေးကို ငေးနေရင်း နားစွင့်လျက်ရှိသည်။

အတူနေထိုင်လာခဲ့သည်မှာ နှစ်လကျော်ခဲ့ပြီမို့ ဦးသံဒိုင်၏အကြောင်းကို အတော်အတန် ရိပ်မိသိရှိနေခဲ့ပြီ။ ဦးသံဒိုင်သည် စကားပြောချင်လျှင် သူ့ဘာသာစ၍ ပြောလေ့ရှိပြီး၊ မပြောချင်လျှင် ဘယ်လောက်မေးမေး နှုတ်ပိတ်နေတတ်လေ့ရှိသည်။ ပြောနေရင်းလည်း စိတ်မပါသည့်အခါများတွင် တစ်ပိုင်းတစ်စနှင့်ရပ်ကာ ယခုလိုပင် ငြိမ်နေတတ်သည်။

နေပါစေ သူပြောချင်လျှင် ဆက်၍ပြောလိမ့်မည်။ ကိုအောင်ဝေမှာလည်း တွေးစရာများရှိသည်။ ပြီးခဲ့သည့် တစ်ပတ်ကတည်းက ပျားရည်များ လာပို့မည်ဆိုပြီးကြိုတင်ငွေ ယူသွားသောတောတက်သမားများ ယနေ့ထိ လာမပို့သေးသဖြင့် စိတ်ပူနေရသည်။

ယခုလို ဘုရားဖူးများ အလာကျဲလှသော မိုးကာလများတွင် မိမိဈေးဆိုင်ကလေးနှင့် အနီးအနားရှိ ဈေးဆိုင်များကို သဒ္ဓါကြေးဖြင့် အစောင့်နေပေးသူဖြစ်၏။ ထိုသို့စောင့်ရင်း တောင်တန်းတောင်ခြေများတွင် ရှာဖွေ၍ရလာသမျှ ဆေးပင်၊ ဆေးမြစ်၊ ပျားရည်စသည့်တောထွက်ပစ္စည်းများကိုလည်း လာရောက်ရောင်းချသူများထံမှ စုဆောင်းဝယ်ယူနေသူလည်းဖြစ်၏။ ခြေခင်းလက်ခင်းသာ၍ ဘုရားဖူးသူတို့ စည်ကားသောလများတွင် တစ်မိုးတွင်းလုံးစုဆောင်း ဝယ်ယူထားသမျှ ဆေးဖက်ဝင်အသီးအပွင့်များ၊ ဆေးပင်၊ ဆေးဥ၊ ဆေးမြစ်၊ ဂမုန်း၊ နွယ်ပင်၊ သစ်ခွ၊ ပျားရည်၊ အသားခြောက်များသည် ငွေဖြစ်လာပေလိမ့်မည်။ မိုးကာလတစ်ခုလုံး ပျင်းရိငြီးငွေ့စွာ ကုန်လွန်ရမည့်အတူတူ လူသူတိတ်ဆိတ်ကင်းရှင်းရာ နေရာဒေသ၊ ရာသီအချိန်ကိုရွေး၍ တရားထိုင်ရန် ရောက်ရှိလာသူ ဦးသံဒိုင်ကို မိမိဆိုင်တွင် နေရာပေး၊ စားသောက်စရာ စီမံပေးရခြင်းသည် သူ့အတွက် အဖော်လည်းရ၊ ဝင်ငွေလည်းကောင်းသဖြင့် လက်ခံထားခြင်းဖြစ်တော့သည်။

ယနေ့ညတွင်လည်း ဦးသံဒိုင် တရားထိုင်အပြီး ဘုရားရင်ပြင်တော်တွင် နှစ်ယောက်သား အတွေးကိုယ်စီနှင့် ထိုင်နေကြရင်း ဦးသံဒိုင်၏နှုတ်မှ ပွင့်ထွက်လာသော စကားတို့ကို နားထောင်နေရခြင်းဖြစ်သည်။

"ဥပမာပြောရရင် လူသတ်မှုတစ်ခုဆိုပါတော့ဗျာ၊ ကျူးလွန်မိခဲ့တဲ့လူအတွက် ဘယ်ရွေ့ဘယ်မျှပြစ်ဒဏ် ကျခံရမယ်ဆိုပါစို့။ အဲဒီပြစ်ဒဏ်ကို ကျခံပြီးရင် သူ့အတွက် စိတ်သစ်လူသစ်နဲ့ အေးအေးချမ်းချမ်း ဘဝတစ်ခုကို ရွေးချယ်ထူထောင်ခွင့်ရှိတယ်ဗျ။ ကျုပ်မှာတော့ ကျုပ်ကျူးလွန်ခဲ့တဲ့ပြစ်မှုအတွက် ဘယ်သူကမှလဲ ကျုပ်ကိုပြစ်ဒဏ်ပေးထားတာမျိုးမဟုတ်ဘဲနဲ့ နှစ်ပေါင်းများစွာ ကျုပ်မှာခံစားနေရတော့"

ဦးသံဒိုင်၏စကားများက အဆန်းပါလားဟု တွေးရင်း ကိုအောင်ဝေတစ်ယောက် ဖျတ်ခနဲလှည့်၍ ကြည့်မိလေသည်။ ဦးသံဒိုင်ကတော့ ကောင်းကင်မှ လမင်းကြီးကို ငေးရီလျက်ရှိ၏။ မိုးလယ်ကာလပင်ဖြစ်သော်ငြား ယခုတစ်လော မိုးလေကင်းစင်လျက်ရှိသဖြင့် ပြာစင်သောကောင်းကင်ဝယ်၊ ကြယ်စင်များ တလက်လက်တောက်ပကာ တင့်တယ်သာယာလျက်ရှိတော့၏။

ဘာကို ဆိုလိုချင်တာပါလိမ့်ဟု စိတ်ထဲက တွေးရင်း ဦးသံဒိုင်၏စကားကို စိတ်ဝင်စားစွာ နားစွင့်နေမိသည်။

"အခုတော့ဗျာ ကျုပ်ကျူးလွန်ခဲ့တဲ့ အမှားတစ်ခုကြောင့် ကျုပ်မှာအနေမဖြောင့်ခဲ့တာ ဆယ်နှစ်ကျော်ခဲ့ပြီပေ့ါ။ အင်း အသေတောင်ဖြောင့်ပါ့မလား မဆိုနိုင်တော့ဘူး။ အဲဒါ ကျုပ်ဘယ်သူ့ကိုမှ ဖွင့်ဟပြီး မပြောခဲ့ဘူး။ အဲဒီအကြောင်းကြောင့်လဲ ကျုပ်ခင်ဗျားဆီရောက်လာခဲ့တာပါပဲ။ အခုတော့ တစ်ယောက်ယောက်ကို ဖွင့်ပြောလိုက်ရရင် ကျုပ်ခံစားနေရတာတွေများ လျော့ပါးသွားလေမလားလို့"

စကားပြောနေရင်းမှရပ်ကာ တောင်ကုန်းကလေးမှ တဖြည်းဖြည်း ပြေလျှောနိမ့်ဆင်းသွားသော လမ်းကလေး။ ထိုမှ တဖြည်းဖြည်း ပြန်လည်မြင့်တက်သွားပြန်သော တောင်တက် လူသွားလမ်းကလေးတစ်လျှောက် လရောင်ပက်ဖျန်းထားသဖြင့် တောအုပ်ခင်တန်းတစ်ခွင် ပြေပြေမှုန်မှုန်ကလေးလင်းလျက်လှပနေသည်ကို တဝကြီး ငေးနေပြန်တော့သည်။

သူ့ဘဝတွင် ဘယ်သို့သောအမှားမျိုး ဘယ်လိုဆိုးရွားသောအဖြစ်အပျက်မျိုး ရှိခဲ့လေသည်ကို ခန့်မှန်းနိုင်စွမ်းမရှိသော ကိုအောင်ဝေတစ်ယောက် ဘာမျှဝင်မပြောနိုင်ဘဲ ဦးသံဒိုင်ငေးနေသော လျှိုကလေးဆီလိုက်၍ ငေးမောရင်း ငြိမ်သက်စွာ နားထောင်လျက်ရှိနေသည်။

တဖြည်းဖြည်း ညဥ့်နက်လာသည်နှင့်အမျှ အအေးဓာတ်က မသိမသာ စိမ့်၍စိမ့်၍ လာနေသည်။ ခပ်လှမ်းလှမ်းတောင်ကြောဆီမှ ချေဟောက်သံသဲ့သဲ့ကို ကြားနေရသည်။

"အရင်တုန်းက မြစ်ဝကျွန်းပေါ်ဒေသရဲ့ မြို့ကလေးတစ်မြို့နားမှာ ကျုပ် အုတ်ဖိုလုပ်ငန်း လုပ်ခဲ့တာပေ့ါ၊ အလုပ်သမားတစ်ရာလောက်နဲ့ကို လုပ်တာဆိုတော့ တစ်နေ့တစ်နေ့ အုတ်ချပ်ရေငါးသောင်းလောက် ထုတ်နိုင်ခဲ့တယ်။ လက်အုတ်လို့ခေါ်တာပေ့ါ။ စီးပွားလဲအတော်ကို ဖြစ်ခဲ့တာပဲ။ အုတ်ဖိုသူကြီးဆိုတာ ထင်းသမားတွေနဲ့က လင်မယားလိုနေရတာကလား။ ဟိုး မြောင်းမြ၊ ကန်ဘဲ့၊ အောက်ဘက်ကနေတက်လာကြတဲ့ ထင်းသမားတွေနဲ့ ဖောက်သည်လုပ်ထားရတယ်၊ ထင်းရှိမှ အုတ်ဖုတ်လို့ရတာကိုး။

အဲဒီတော့ အုတ်တစ်ရာသီစာထင်းစုဆောင်းထားရတယ်။ ကြိုပြီး ငွေပေးထားတန်တာ ပေးထားရတယ်။ ကျုပ်ကတော့ ငွေကြေးလဲ တတ်နိုင်တယ်ဆိုတော့ကာ တစ်နှစ်လောက်ကြိုပြီးငွေချထားလိုက်တာပဲ။ အဲဒီအောက်ဘက်တောကြီးမြစ်တစ်ရာ၊ ကမ်းပါးနီစတဲ့ ပင်လယ်နဲ့နီးတဲ့အပိုင်းတွေမှာ ကျုပ်မိတ်ဆွေ ထင်းသမားတွေဆိုတာ လက်ညှိုးထိုး မလွဲဘဲပေ့ါ။

တစ်ခါတစ်ရံ ထင်းတောက တက်လာရင် တစ်စင်းတစ်စင်းကို လံထင်း လံလေးငါးဆယ်ပါတဲ့ စက်တပ်သမ္ဗန်ကြီးတွေ၊ ဘောက်တူကြီးတွေနဲ့ကို လာကြတာကလား။ တောတွေတောင်တွေဆီက လာတာဆိုတော့ တစ်ခါတစ်ခါ ချေသား၊ ဆတ်သား၊ ပြောင်သား၊ တောဝက်သား၊ သင်းခွေချပ်သားကအစ ပျားရည်၊ ပျားဖယောင်း၊ သစ်ခွပန်း စတဲ့တောထွက်ပစ္စည်းကလေးတွေလဲပါလာတတ်တယ်။ ကျုပ်က အဲဒီတုန်းက အရက်ကို မက်မက်မောမောသောက်နေတဲ့အချိန်ပေ့ါ။ အဲဒီတော့ တောကောင်ဟင်းလျာအစိုအခြောက် မှာလို့ရတာမှန်သမျှ အကုန်မှာ အကုန်စားပေ့ါလေ။ တစ်နှစ်မှာတော့ ကိုစံဖေနဲ့ ကျုပ်နဲ့စတွေ့တော့တာပဲ"

ရာသီဥတုက အေးလာသဖြင့် ကိုအောင်ဝေသည် ခေါက်တင်ထားသော ရှပ်အင်္ကျီလက်ရှည်ကို ချ၍ ကြယ်သီးတပ်ရင်းနားစွင့်လျက်ရှိသည်။

"အဲဒီနှစ်က ရန်ကုန်မှာ ဆောက်လုပ်ရေးလုပ်ငန်းတွေကလဲ ကောင်းတော့ အုတ်ဈေးတွေကလဲတက်၊ အုတ်ဖိုသူကြီးတွေလဲ သူ့ထက်ငါကောင်းအောင် အပြိုင်အုတ်ဖုတ်ကြ၊ ထင်းတွေအလုအယက်ဝယ်ကြနဲ့ ပွဲတော်ကြီးပေ့ါဗျာ။ ကျုပ်လဲ ဖောက်သည်တွေဆီကတင်မကဘဲ ဘောက်ရောင်းတဲ့ ထင်းသမားတွေဆီကပါ ကြိုက်ဈေးပေးပြီး သိမ်းကျုံးဝယ်ရတော့တာပဲဗျို့။ နို့မို့ရင် အုတ်ဆိုတာ ထင်းမရှိရင်ဖြစ်တာမှ မဟုတ်တာကိုး။

ကိုစံဖေက ကျုပ်ရဲ့ဖောက်သည်မဟုတ်ဘူးဗျ။ ကျုပ်မိတ်ဆွေထင်းသမားတစ်ယောက်က ကျုပ်ဆီညွှန်လိုက်လို့လာတာပဲ။ ကျုပ်ကဈေးမှန်လဲပေးတယ်။ ပါသလောက် ထင်းတွေအတွက်လဲ လက်ငင်းငွေချေတယ်။ ကြိုတင်ငွေယူအုံးမလားပေးတယ်ဆိုတော့ ကျုပ်နာမည်မေးပြီးရောက်အောင်လာခဲ့တာတဲ့ဗျ။ ပါလာတဲ့ လံထင်းတွေလဲ မနည်းဘူး။ တွဲသဘော်လေးစင်းနဲ့ လံထင်းနှစ်ရာလောက်ကိုပါလာတာ နောက်ထပ်လဲ တောထဲမှာ ပုံပြီးသားလံထင်းငါးရာ ကျန်သေးဆိုပဲဗျ။

ကျုပ်လဲ ဝမ်းသာအားရကြိုဆိုတာပေ့ါ။ တိုတိုပြောရရင်တော့ဗျာ ကျုပ်တို့နှစ်ယောက်ဟာ အချိန်တိုကလေးအတွင်းမှာကို တစ်ယောက်နဲ့တစ်ယောက် ငယ်ပေါင်းကြီးဖော်တွေလို ဖြစ်သွားကြတော့တာပါပဲ။

**ဆက်လက်ဖော်ပြပါမည်။**

# အမြင်အာရုံမချို့ယွင်းစေဖို့ မျက်စိကိုကာကွယ်စို့

ပေါက်ပေါက်

ကမ္ဘာတစ်ဝန်းတွင် အနည်းဆုံး လူပေါင်း ၂ ဒသမ ၂ ဘီလီယံသည် အနီး သို့မဟုတ် အဝေးမြင်နိုင်စွမ်း ချို့ယွင်းမှုခံစားနေရပြီး ဝင်ငွေနည်းသောနိုင်ငံများတွင် မျက်မှန်တပ်ဆင်ရန်လိုအပ်သော လူသုံးဦးအနက် နှစ်ဦးသည် မျက်မှန်မတပ်ဆင်နိုင်ကြသေးဟု ခန့်မှန်းရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ၂၀၂၆ ခုနှစ်ဆန်းပိုင်းတွင်ထုတ်ပြန်ခဲ့သည်။ ထို့ပြင် အမြင်အာရုံဆုံးရှုံးမှုအများစုသည် အသက် ၅၀ ကျော်အရွယ်များဖြစ်ပြီး မျက်စိခွဲစိတ်ကုသမှုလုပ်ဆောင်ရန်လိုအပ်သူနှစ်ဦးလျှင် တစ်ဦးနှုန်းသည် ခွဲစိတ်ကုသမှုကိုမရရှိနိုင်သေးကြောင်း ဆက်လက်ဖော်ပြထားသည်။

အမြင်အာရုံချို့ယွင်းမှုသည် မျက်မှောက်ကာလတွင် ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အရေးပါသောကိစ္စတစ်ခုဖြစ်လာသည်။ လူသန်းပေါင်းများစွာသည် အမြင်အာရုံချို့ယွင်းမှု သို့မဟုတ် မျက်စိကွယ်မှုကြောင့် ၎င်းတို့၏နေ့စဉ်ဘဝတွင် အခက်အခဲများစွာနှင့် ကြုံတွေ့နေရသည်။ အမြင်အာရုံချို့ယွင်းခြင်း သို့မဟုတ် မျက်စိကွယ်ခြင်းကိုဖြစ်စေသည့် အဓိကအကြောင်းရင်းမှာ အတွင်းတိမ်နှင့် အလင်းယိုင်မှုပုံမှန်မဟုတ်သဖြင့် အမြင်မှုန်ဝါးခြင်းတို့ကြောင့်ဖြစ်သည်ဟု ဆေးပညာရှင်တို့ကဆိုသည်။

အမြင်အာရုံချို့တဲ့သော ကျောင်းနေအရွယ်ကလေးငယ်တစ်ဦးသည် ပညာရေးဘဝတွင် နိမ့်ပါးမှုများစွာဖြင့်ကြုံတွေ့ရနိုင်သကဲ့သို့ အရွယ်ရောက်ပြီးသူများတွင် အမြင်အာရုံချို့ယွင်းမှုရှိပါက လူနေမှုဘဝအရည်အသွေးကိုထိခိုက်စေနိုင်သည်။ အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းနည်းပါးသဖြင့် စိတ်ကျရောဂါနှင့် စိုးရိမ်ပူပန်မှုကိုဖြစ်ပေါ်စေသည်။ သက်ကြီးရွယ်အိုများတွင် အမြင်အာရုံချို့တဲ့ခြင်းသည်လည်း လူမှုရေးအထီးကျန်ဆန်ခြင်း၊ လမ်းလျှောက်ရခက်ခဲခြင်း၊ မတော်တဆထိခိုက်ဒဏ်ရာရရှိနိုင်ခြင်းစသည့် ဆိုးကျိုးများကိုဖြစ်ပေါ်စေနိုင်သည်။

**စမတ်ဖုန်း၊ ကွန်ပျူတာများနှင့် မျက်စိအန္တရာယ်**

အမြင်အာရုံချို့တဲ့မှုပြဿနာသည် သာမန်အားဖြင့် အသက်အရွယ်ရလာသူများတွင်သာ ဖြစ်ပွားလေ့ရှိသော်လည်း ယနေ့ကာလတွင် ကလေး၊ လူငယ်၊ လူလတ်မရွေးဖြစ်ပွားနေသည်ကို နေ့စဉ်ဘဝတွင် တွေ့မြင်နေရသည်။ စမတ်ဖုန်းနှင့် ကွန်ပျူတာဖန်သားပြင်များကို အချိန်ကြာမြင့်စွာကြည့်ရှုလေ့ရှိသည့်ကလေးများ၌ မျက်စိအနီးမှုန်ပြဿနာပေါ်လာနိုင်ခြေမှာ ပုံမှန်ထက် ၈၀ ရာခိုင်နှုန်း မြင့်မားလာနိုင်ကြောင်း ဗြိတိန်သုတေသီများကဆိုသည်။ ဗြိတိန်နိုင်ငံ အင်ဂျလီယာရပ်စ်ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသက်သုံးလနှင့် ၃၃ နှစ်အရွယ်အကြားရှိ ကလေးငယ်များနှင့် အရွယ်ရောက်သူများ၏ မျက်စိအနီးမှုန်ပြဿနာနှင့် ကွန်ပျူတာများ၊ စမတ်ဖုန်းများအသုံးပြုမှု၏ အကျိုးသက်ရောက်မှုတို့ကို ဖော်ထုတ်တင်ပြထားသော လေ့လာချက်ပေါင်း ၃၀၀၀ ကျော်ကို ပြန်လည်ဆန်းစစ်ခဲ့ကြသည်။

ပေါ်ထွက်လာသည့်ရလဒ်များအရ ဖော်ပြပါအသက်အပိုင်းအခြားရှိသူများ၏ ကွန်ပျူတာများ၊ စမတ်ဖုန်းများသုံးစွဲချိန်နှင့် မျက်စိအနီးမှုန်ပြဿနာပေါ်ထွက်လာနိုင်ခြေတို့အကြား ဆက်စပ်မှုရှိကြောင်း၊ အကယ်၍ စမတ်ဖုန်းတစ်မျိုးတည်းကို အချိန်ကြာမြင့်စွာကြည့်ရှုပါက မျက်စိအဝေးမှုန်ပြဿနာရင်ဆိုင်ရနိုင်ခြေ ၃၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်ပြီး ကွန်ပျူတာနှင့် ပေါင်းစပ်အသုံးပြုပါက ၈၀ ရာခိုင်နှုန်းထိမြင့်တက်လာနိုင်ကြောင်း သုတေသီများကတွေ့ရှိထားသည်။

ယနေ့ခေတ်ကာလတွင် ကလေးငယ်ကိုထိန်းရလွယ်ကူစေရန်အတွက် စမတ်ဖုန်း၊ ကွန်ပျူတာတို့ကိုပေးဆော့နေကြသည့် မိဘအုပ်ထိန်းသူများ သတိပြုဆင်ခြင်ကြစေလိုသည်။ ထို့ပြင် အသက်



တစ်နှစ်အောက်ကလေးများကို ဓာတ်ပုံရိုက်ခြင်း မပြုသင့်ပေ။ မကြာခဏဖုန်းဖြင့်ဓာတ်ပုံရိုက်ခြင်းကြောင့် ဖုန်းကင်မရာမှထွက်ရှိလာသော ဓာတ်ရောင်ခြည်များက ကလေးများ၏နုနယ်သော အသားအရေနှင့် မျက်စိအမြင်လွှာကို ထိခိုက်စေနိုင်သဖြင့် မိဘပြည်သူများက အထူးသတိပြုဆင်ခြင်သင့်သည်။

လူနေမှုပုံစံပြောင်းလဲလာပြီး ဖုန်း၊ ကွန်ပျူတာမျက်နှာပြင်များကို အချိန်ကြာမြင့်စွာကြည့်ရှုခြင်း၊ သက်ကြီးရွယ်အိုဦးရေ များပြားလာသည်နှင့်အမျှ အတွင်းတိမ်နှင့် အသက်အရွယ်ကြောင့်ဖြစ်သော အမြင်လွှာပျက်စီးမှုပိုများလာခြင်း၊ ဆီးချိုရောဂါကဲ့သို့သော မကုစက်နိုင်သောရောဂါများနှင့် မျက်စိကွယ်ခြင်းတို့သည် အမြင်အာရုံဆုံးရှုံးရခြင်း၏ အဓိကအကြောင်းရင်းများဖြစ်သည်ဟု လေ့လာမှုများကဆိုသည်။

**မျက်စိကပြောပြသော သင့်ကျန်းမာရေးအကြောင်း**

"မျက်စိကစိတ်ရဲ့တံခါးပေါက်" ဟု ဆိုကြသည်။ မျက်စိကလူတစ်ဦး၏ စိတ်နေသဘောထားကို သာမက ကျန်းမာရေးအခြေအနေကိုပါပြောပြနိုင်သဖြင့် အမြင်အာရုံမချို့ယွင်းအောင် မျက်စိကို ကာကွယ်ရမည်ဖြစ်သည်။

**စိတ်ဖိစီးမှုများခြင်း**

မကြာခဏသမ်းဝေခြင်း၊ မျက်ဝန်းထဲတွင် ရည်ကြည်ဥများတွဲလွဲခိုနေခြင်းသည် စိတ်ဖိစီးမှုများခြင်းနှင့်ဆက်စပ်နေသည်။ အထူးသဖြင့် အရွယ်နှင့်အမျှ စိတ်ဖိစီးမှုများခံစားရသည့်အခါ မျက်ရည်ယိုခြင်းနှင့် မျက်ရည်ပူကျခြင်းတို့ ဖြစ်တတ်သည်။

**သွေးတိုးရောဂါ**

ငယ်ရွယ်သူများတွင် မသိသာလှသော်လည်း အသက်ရလာသူများအတွက် ထင်သာမြင်သာရှိစေသည့် လက္ခဏာများမှာ မျက်လုံးသွေးကြောများ ရောင်ရမ်းနီရဲကာ မျက်ခွံများမို့မောက်နေခြင်းက သွေးတိုးရောဂါဖြစ်နေကြောင်းကို ဖော်ပြနေသည်။

**အရွယ်မတိုင်မီ အနီးမှုန်ခြင်း**

အနီးမှုန်ခြင်းသည် သက်ကြီးပိုင်းတွင်ဖြစ်လေ့ရှိသောမျက်စိရောဂါတစ်မျိုးဖြစ်သည်။ သို့သော် အသက် ၂၀ ခန့်တွင် အနီးမှုန်နေလျှင် ၎င်းကို Computer Vision Syndrome ခေါ် ကွန်ပျူတာအကြည့်များ၍ဖြစ်သော မျက်စိရောဂါဟု ခေါ်သည်။ ထို့ကြောင့် Laptop ကွန်ပျူတာများနှင့် LED screen တီဗီမျက်နှာပြင်တွေကို အချိန်လျှော့၍ကြည့်ရှုပေးသင့်သည်။

**ဆီးချိုရောဂါ**

မျက်လုံးထဲတွင် သွေးယိုစီးခြင်း၊ မျက်စိသွေးကြောပေါက်ခြင်းတို့က ဆီးချိုရောဂါဖြစ်နေကြောင်း သို့မဟုတ် ဆီးချိုရောဂါဖြစ်လာတော့မည့် အရိပ်အယောင်ဖြစ်ကြောင်းကို ဖော်ပြနေသည်။ ဆီးချိုရောဂါစွဲကပ်ချိန် ကြာမြင့်လေ၊ မျက်စိကွယ်နိုင်ခြေအလားအလာပိုများလေဖြစ်၍ မပေါ့ဆသင့်ပေ။

**မျက်စိရောဂါ**

အနီးမှုန်၊ အဝေးမှုန်၊ ပါဝါမျက်မှန်တပ်ရသူအားလုံးသည် ခြောက်လလျှင် တစ်ကြိမ် မျက်စိပုံမှန်စမ်းသပ်စစ်ဆေးသင့်သည်။ ထိုသို့ စစ်ဆေးခြင်းက မျက်မှန်ပါဝါအတက်အကျ အခြေအနေကိုသိရပြီး လိုအပ်သလို ပါဝါမှန်သစ်လဲ၍ကြည်လင်ပြတ်သားစွာမြင်နိုင်သလို၊ မျက်စိဆရာဝန်များက စက်ကိရိယာဖြင့် စမ်းသပ်၍ အတွင်းတိမ်၊ အပြင်တိမ်၊ မျက်ကြည်လွှာပြဿနာအမျိုးမျိုး၊ မျက်ရည်အိတ်ခမ်းခြောက်ရောဂါ၊ မျက်စိတီဘီ၊ မျက်စိကင်ဆာနှင့် အာရုံကြောပြဿနာတို့ကိုအချိန်မီသိရှိနိုင်ပြီး ခွဲစိတ်ကုသမှုပြုနိုင်မည်ဖြစ်သည်။ မျက်လုံးသွေးကြောထုံးခြင်းကလည်း လေငန်း (လေဖြတ်) ရောဂါနှင့် ဆက်နွှယ်မှုရှိနေသည်။

**မျက်စိဆရာဝန်ထံပြဖို့ အချိန်တန်ပြီ**

လူကြီးလူရွယ် ကျောင်းသားလူငယ်များအားလုံး မိမိတို့မျက်စိကို မိမိတို့ကိုယ်တိုင် ဆန်းစစ်ကြည့်သင့်သည်။ ငါးပေ သို့မဟုတ် ခြောက်ပေအထက်အကွာအဝေး မှာရှိနေသော အရာဝတ္ထုပစ္စည်းများကို ကြည့်ရာတွင် ပြတ်ပြတ်သားသား မမြင်ရဘဲ၊ ၎င်းအရာဝတ္ထု ပစ္စည်းတွေကိုနှစ်ခုထပ်၍မြင်နေခြင်း။ မိမိကြည့်ရှုသောအရာဝတ္ထု၏အစွန်းအနားများ မှုန်ဝါးဝါးဖြစ်နေခြင်း။ လျှပ်စစ်မီးလုံး သို့မဟုတ် ဖယောင်းတိုင်အလင်းရောင်တို့ကို ကြည့်ရာတွင် မီးရောင်ကို ဝိုင်းပတ်၍ သက်တံသဖွယ်အရောင်စုံမြင်နေရခြင်း သို့မဟုတ် ရောင်ခြည်ကွင်းဝိုင်းပတ်နေခြင်းကိုမြင်နေခြင်း။ ညဘက်တွင်အရာဝတ္ထုများကို ခါတိုင်းကဲ့သို့ သဲသဲကွဲကွဲခွဲခြားမမြင်ရဘဲ ထွေဝါးလာခြင်း။ မျက်စိကိုမှန်ထဲကြည့်ရာတွင် မျက်စိများနီမြန်းနေခြင်းတို့ဖြစ်ပါက မျက်စိဆရာဝန်နှင့် ဆွေးနွေးတိုင်ပင်သင့်သည်။

ထို့ပြင် အလင်းရောင်ကိုကြည့်သည့်အခါ မျက်စိစူးခြင်း၊ အောင့်ခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ အလင်းရောင်ကိုကြောက်ခြင်း၊ အချိန်မရွေး နေကာမျက်မှန်တပ်ထားလိုသော စိတ်ဆန္ဒဖြစ်ပေါ်နေခြင်း။ မျက်စိများယားယံခြင်း၊ ပူစပ်ပူလောင်ဖြစ်ခြင်း၊ အောင့်ခြင်း၊ ကိုက်ခဲခြင်းဖြစ်နေခြင်း၊ ခါတိုင်းတွေ့မြင်နေကျဖြစ်တဲ့ ဖြောင့်သောတိုင်တစ်ခုကို ခပ်ယိုင်ယိုင်ကွေးကွေးမြင်နေခြင်း သို့မဟုတ် ညီညာဖြောင့်ဖြူးသောလမ်းကိုလျှောက်လှမ်းရာတွင် အပေါ်သို့ခုံးတက်နေသလို အောက်သို့နိမ့်လျောနေသလိုခံစားရခြင်းများ ဖြစ်နေပါက မျက်စိဆရာဝန်ဖြင့် ဆွေးနွေးတိုင်ပင်သင့်သည်။

ရှေ့တည့်တည့်သို့ကြည့်ရာတွင် မြင်မြင်သမျှအရာအားလုံး အစက်အပြောက်များမြင်နေခြင်း သို့မဟုတ် အမည်းစက်ပြောက်ကလေး တစ်လုံးနှစ်လုံးခန့်ကို အပေါ်ဘက် သို့မဟုတ် အောက်ဘက် သို့မဟုတ် ဘေးဘယ်ညာသို့ဘောလုံးလေးသဖွယ်ပြေးနေသည့် သဏ္ဍာန်ကိုမြင်နေရခြင်း၊ မျက်ရည်များခြောက်၍ ပိတ်ဖွင့်ရာတွင် ခပ်စပ်စပ်ခံစားနေရခြင်း၊ စာရေးစာဖတ်နေစဉ်လည်းကောင်း၊ စာရေးစာဖတ်ပြီးနောက်တွင်လည်းကောင်း ခေါင်းကိုက်ခြင်း။ တစ်စုံတစ်ခုကို စူးစိုက်ကြည့်ပြီးနောက်တွင်လည်းကောင်း ခေါင်းထဲကထိုးကိုက်နေခြင်း။ ဦးခေါင်းနောက်စေ့မှအုံ၍ ကိုက်ခဲနေခြင်းခံစားရပါက မျက်စိဆရာဝန်နှင့် ဆွေးနွေးတိုင်ပင်သင့်သည်။

အချုပ်ဆိုရလျှင် အမြင်အာရုံချို့ယွင်းမှုသည် လူသားတို့၏ဘဝအရည်အသွေးကိုထိခိုက်စေသော အရေးကြီးသည့် ပြဿနာတစ်ရပ်ဖြစ်သော်လည်း အမြင်အာရုံဆုံးရှုံးမှု၏ ၇၅ ရာခိုင်နှုန်းခန့်ကိုကြိုတင်ကာကွယ်ကုသခြင်းဖြင့်တားဆီးနိုင်သည်။ ထို့ကြောင့် မည်သည့်အသက်အရွယ်မဆို ဖုန်းနှင့် ကွန်ပျူတာများအလွန်အကျွံသုံးစွဲမှုကို ရှောင်ကြဉ်ခြင်း၊ မျက်စိကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှုပုံစံကိုလိုက်နာခြင်း၊ နေ့စဉ်ဘဝတွင် ကိုယ်လက်လှုပ်ရှားမှုလုပ်ခြင်း၊ မျက်စိကျန်းမာရေးကို ပုံမှန်စစ်ဆေးခြင်းတို့ဖြင့် အမြင်အာရုံချို့ယွင်းမှုကို ကာကွယ်ကြရန်လိုအပ်ပါကြောင်းနှင့် "မျက်စိအဆုံး၊ နားအရှုံး" ဆိုရိုးစကားကိုသတိဆောင်၍ အချိန်မတိုင်မီမဆုံးရလေအောင် ကျန်းမာရေး အသိ၊ သတိတို့ဖြင့် မိမိမျက်စိကို ကာကွယ်စောင့်ရှောက်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၃၆၀၄၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၃၆၀၄၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၃၆၀၄၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲဧက ၃၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲ စိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေး နည်းလမ်းတွေကို ကွင်းဆင်းဆောင်ရွက် ပေးသွားမယ်"ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈)နှင့် ရေဆင်း(၁၁)မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်းနှင့် ကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# သနပ်ပင်မြို့နယ် အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး အောင်ချမ်းသာကျေးရွာရှိ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၅၃၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ အောင်ချမ်းသာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၇ ဦးကို ငွေကျပ် ၄၆၇ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၆၃ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၅၃၀ ထုတ်ချေးပေးခဲ့ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းထံမှ သိရသည်။

နွဲ့ယဉ်






## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ စလေ ဘ/က(တွဲ)အထကဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-9 မှ မောင်ဇင်မျိုးသူ၏ဖခင် **ဦးအောင်ကျော်မင်း(ခ) ဦးအောင်သူ** မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်ကျော်မင်း(ခ)ဦးအောင်သူ(၉/မဟမ(နိုင်)၀၂၆၉၂၅)**

## ပျောက်ဆုံးကြောင်း

မလီးဖန် (ဘ) ဦးဟူတင်ဆန်၊ (၁၃/ကခန(နိုင်)၀၅၃၉၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-409525266.**

## ပျောက်ဆုံးကြောင်း

မခင်ကြည် (ဘ) ဦးအိုက်ရီ၊ (၁၃/ကခန(နိုင်)၀၁၆၀၇၇)၏နိုင်ငံကူးလက်မှတ်အမှတ်-MF-957264 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-403731186.**

## ပျောက်ဆုံးကြောင်း

ကျောက်တန်းမြို့နယ်၊ ကမာကလုပ်ကျေးရွာနေ မောင်ကျော်မျိုးထက် (ဘ) ဦးပိုင်ဦး၊ (၁၂/ကတန(နိုင်)၁၃၄၄၅၆)၏ နိုင်ငံကူးလက်မှတ်အမှတ်-MF-754761မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-755589757.**

## ပျောက်ဆုံးကြောင်း

မြိုင်မြို့နယ်၊ ရွာရှည်ရွာနေ မသင်းသင်းစိုး (ဘ) ဦးညံထွန်း၊(၈/မမန(နိုင်)၁၉၅၄၁၇) ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်-MG-288579 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-402610316.**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့၊ စယ်ဟိုင်းကျေးရွာအုပ်စု၊ မန့်ကန့်ကျေးရွာ၊ မက-၆၆ နေ နန်းဟွမ်ခမ်း (ဘ) ဦးစိုင်းညီခမ်း၊ (၁၃/နခန(နိုင်)၀၇၉၈၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-677279819.**

## "Dong Tian" ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်ချမ်းမြသာယာရပ်ကွက်၊ ၆၄လမ်း၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြား၊ အမှတ် လ ၁၀/၁၀၉ ရှိ "MYANMAR YUXING COMPANY LIMITED"မှ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်-

DONGTIAN MOTORCYCLE
MYANMAR YUXING CO.,LTD

**"DONG TIAN"**

**စာချုပ်အမှတ် - (၂၂၅၇/၂၀၂၄)**

ကျွန်တော်တို့၏ "MYANMAR YUXING COMPANY LIMITED"သည် အထက်ဖော်ပြပါ “DONG TIAN” အမည်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူရင်းပိုင်အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှုး၏ မှတ်ပုံတင်စာချုပ်အမှတ် - ၂၂၅၇ / ၂၀၂၄ အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမည်အမှတ်တံဆိပ်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ တင်သွင်းဖြန့်ဖြူးရောင်းချ၍ (မော်တော်ဆိုင်ကယ်အပိုပစ္စည်း) ထည့်သွင်းထားသောထုတ်ပိုးပစ္စည်းအမျိုးမျိုးတို့ပေါ်တွင်ကပ်နှိပ်၊ရိုက်နှိပ်၊ပုံနှိပ်၍ တင်သွင်းဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်တော်တို့ပိုင် "DONG TIAN" အမှတ်တံဆိပ်၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊သွယ်ဝိုက်၍သော်လည်းကောင်း၊ဆင်တူယိုးမှား ထင်ယောင်ထင်မှားတုပသုံးစွဲ၍ (မော်တော်ဆိုင်ကယ်အပိုပစ္စည်း)တို့ပေါ်တွင် ရိုက်နှိပ်၊ ကပ်နှိပ်၊ ပုံနှိပ်၍ တစ်ခြားနည်းလမ်းအမျိုးမျိုးဖြင့် ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများမပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်တော်တို့၏အကျိုးစီးပွား ထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်ညီ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဦးထူးစောနိုင်**
Managing Director
MYANMAR YUXING COMPANY LIMITED
Office ➲ အမှတ် လ ၁၀/၁၀၉၊ ၆၄ လမ်းနှင့် ၁၁၅ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း 09-402070213, 09-2266685728, 09-9755572293.

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ရဲဝံ့စွန့်စားစွာထမ်းဆောင်ခဲ့ကြသည့် ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များ သက်စွန့်ကြိုးပမ်းထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တုံတာမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှဲဝမ်းသာစွာ ဂုဏ်ပြုကြိုဆိုကြသည်။

> တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများက ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုစဉ်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် **စာမျက်နှာ ၂၁ ကော်လံ ၁** ☆

## 2027 AFC U 20 Asian Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K)ပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၃၀**

2027 AFC U 20 Asian Cup ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K)ပွဲစဉ်များကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်ထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

အဆိုပါခြေစစ်ပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဩဂုတ် ၃၁ ရက်(**ယနေ့**) ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် သီရိလင်္ကာအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဝန်းမြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝန်းမြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း **စာမျက်နှာ ၂၁ ကော်လံ ၄** ❖

> အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်ပေးစဉ်။



## မိုးရာသီ ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



**မြစ်ကြီးနား ဩဂုတ် ၃၀**

ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ကြက်တောင်အားကစားဆပ်ကော်မတီတို့ ပူးပေါင်း၍ မျိုးဆက်သစ် ကြက်တောင်အားကစားသမားများ မွေးထုတ်ပေးနိုင်ရန်၊ လက်ရွေးစင် ကြက်တောင်ကစားသမားများရွေးချယ်လေ့ကျင့်ပေးနိုင်ရန် ရည်ရွယ်သည့် မိုးရာသီ ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာ အားကစားကွင်းအတွင်းရှိ **စာမျက်နှာ ၁၉ ကော်လံ ၁** ●

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း လေးယောက်တွဲ အဖွဲ့လိုက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပလျက်ရှိရာ ယနေ့တွင် ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီး လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ **စာမျက်နှာ ၂၁ ကော်လံ ၁** ■